## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
## ဒုတိယနေ့မှတ်တမ်း(မူကြမ်း)

## ၁၃၇၃ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် ၉ ရက်
## (၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀း၀၀နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကျော်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန် ၊ ၁၀ း ၀၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဥ် စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ

စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး ရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၃၈၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရေစုစုပေါင်းရဲ့ ၉၈.၂၃ ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၀၊ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နှင့်(ဂ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း ၀၂။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း ၀၃။**

**ဥက္ကဋ္ဌ။** ။ ယခုအစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးထွန်းအောင်ကျော်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်ကျော်ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ပေါက်တောမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံရဲ့ကိုယ်စား ခွင့်ပန်ကြားခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ် ၈/၂၀၁၁ ရုံးချိန်းအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံအား မပျက်မကွက်တက်ရောက်ရမယ်လို့ ဆင့်ခေါ်မှုရှိတဲ့အတွက် ဦးအောင်ကျော်ဇံနဲ့ငင်းရဲ့ရှေ့နေဟာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးကို သွားရောက်ရမှာဖြစ်ပါတယ်။ အဲဒါကြောင့် ဦးအောင်ကျော်ဇံအား ယနေ့ ၂၃-၈-၂၀၁၁နေ့ တစ်ရက်ကို ခွင့်အဖြစ်

သတ်မှတ်ပေးပါရန် ဦးအောင်ကျော်ဇံရဲ့ကိုယ်စား လေးစားရိုသေစွာ ခွင့်ပန်ကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပေါက်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံအတွက် ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။လွှတ်တော်က သဘောတူပါသည်။]

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးဒုတိယနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရေ ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ လွှတ်တော်ကခွင့်ပြုထားသူ ၆ ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၁ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ကအတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း ၀၆။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၆ အရ လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းထားတဲ့မေးခွန်းများအနက် စိစစ်ခွင့်ပြုတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း ဆောင်ရွက်မှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ လွှတ်တော်အစည်းအဝေးမှာ ပထမ တစ်နာရီသည် မေးခွန်းများမေးမြန်းဖြေကြားရန် ဖြစ်ပါတယ်။ ယခုကျင်းပတဲ့ လွှတ်တော်ဒုတိယပုံမှန် အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်များ ပေးပို့ထားတဲ့ မေးခွန်းအရေအတွက်များပြားတဲ့အတွက် မေးခွန်းအားလုံးကို ပြန်လည်ဖြေကြားနိုင်ရန် အချိန်ပိုမိုလိုအပ်ပါတယ်။ မေးခွန်းမေးမြန်းခြင်းနှင့် စပ်လျဉ်းပြီး နည်းဥပဒေ ၁၁၃ ပါ စည်းကမ်းချက်များနှင့်လည်း ညီညွတ်ဖို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းတဲ့မေးခွန်းများအားလုံးကိုလည်း ပြန်လည်ရှင်းလင်းဖြေကြားနိုင်ရန် အချိန်လုံလောက်ဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိမေးမြန်းလိုတာကို တိုတိုရှင်းရှင်း မေးမြန်းစေလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းပြီးလို့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းက ဖြေကြားရာမှာလည်းမလိုအပ်ဘဲ ရှည်လျားစွာ ရှင်းလင်းဖြေကြားခြင်းမပြုဘဲ မေးခွန်းလိုအပ်ချက်ကို အဓိကထားပြီး တိုတိုနှင့်လိုရင်းကိုသာ ဖြေကြားစေလိုပါတယ်။ ဒါမှသာ လွှတ်တော်အစည်းအဝေး ကျင်းပတဲ့ ရက်တိုင်းရဲ့ ပထမတစ်နာရီအတွင်းမှာ မေးခွန်းများ မေးမြန်းဖြေကြားခြင်းကို အကျိုးရှိရှိ ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ကြိုတင်ဖြန့်ဝေထားတဲ့ ဇယားပါမေးခွန်းစာသားအတိုင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**လှိုင်သာယာမြို့နယ်အတွင်း အချို့မူလတန်းကျောင်းများမှာ အုတ်နရံ ကြမ်းခင်းများ၊ ပျက်စီးနေသောကြောင့် ပြင်ဆင်ပေးရန်နှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ အချို့သောအခြေခံပညာမူလတန်းကျောင်းများအား တိုးချဲ့ဆောက်လုပ်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ⊞ဌ။** ။ ပထမဦးစွာ လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းအား ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းနှစ်ခုကို တစ်ဆက်တည်းမေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန် ၊ ၁၀း ၀၈။**

**ဦးဉာဏ်ဝင်း(လှိုင်သာယာမဲဆန္ဒနယ်)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်ဝင်း ဖြစ်ပါတယ်။ ကျွန်တော်ဟာ ပြည်သူ့လွှတ်တော်တွင် မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်းနှစ်ခုကို တစ်ဆက်တည်း မေးမြန်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

မေးခွန်း(က) လှိုင်သာယာမြို့နယ်အတွင်း အချို့မူလတန်းကျောင်းများမှာ အုတ်နံရံများ၊ ကြမ်းခင်းများ ကွဲအက်ပျက်စီးနေသောကြောင့် ပြင်ဆင်ပေးရန်၊

မေးခွန်း(ခ) ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်ရှိ အချို့သော အခြေခံပညာ မူလတန်းကျောင်းများတွင် ကျောင်းဆောင်သစ်များ တိုးချဲ့ဆောက်လုပ်ပေးရန်၊

တို့နှင့်ပတ်သက်ပြီး ကျွန်တော်တို့ လှိုင်သာယာမြို့နယ်အတွင်း၌ အချို့သော မူလတန်းကျောင်းများမှာ အုတ်နံရံများ၊ ကြမ်းခင်းများ ပျက်စီးလျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ (၄၅)မြို့နယ်တွင် လည်း အလားတူချို့ယွင်းပျက်စီးလျက်ရှိသော စာသင်ကျောင်းများ ရှိကြမှာလည်း ဖြစ်ပါတယ်။ အဆိုပါ ချို့ယွင်းပျက်စီးနေသောကျောင်းများကို လူမှုရေးအဖွဲ့အစည်းများ၊ ကျောင်းအကျိုးတော် ဆောင်များ၊ စေတနာရှင်ပြည်သူများပူးပေါင်း၍ တစ်နိုင်တစ်ပိုင် ပြုပြင်လျက်ရှိကြပါတယ်။ ယခု ဘဏ္ဍာရေးနှစ်အတွင်းမှာလည်း သက်ဆိုင်ရာဝန်ကြီးဌာန အစီအစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်း ပြုပြင်မည့်ကျောင်းများအားသိရပါက ထိုပြင်ဆင်ကျောင်းများစာရင်းတွင် မပါသေးသည့် ကျောင်းများအနက် အချို့ကို ကျောင်းအကျိုးတော်ဆောင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် စေတနာရှင် ပြည်သူများက တစ်နိုင်တစ်ပိုင်ဝိုင်းဝန်းပြုပြင်ပေးနိုင်ကြမှာ ဖြစ်ပါတယ်။ သို့ပါ၍ ရန်ကုန်တိုင်း ဒေသကြီးတွင် ယခု ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း သက်ဆိုင်ရာဝန်ကြီးဌာနအစီအစဉ်ဖြင့် ပြုပြင်ဆောင်ရွက်ပေးမည့် ကျောင်းများစာရင်းအားသိလိုပါ၍ ထုတ်ပြန်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် အလားတူစာသင်ကျောင်းဆောင်များနှင့် ကျောင်းသားဦးရေမမျှတသည့်အတွက် ကျောင်းသား၊ ကျောင်းသူများ ကြပ်တည်းစွာပညာသင်ကြားနေကြရသဖြင့် ကျောင်းဆောင်သစ်များ တိုးချဲ့ ဆောက်လုပ်ပေးရန်လည်း အစီအစဉ် ရှိ၊ မရှိကို သိလိုပါ၍ ပြန်လည်ဖြေကြားပေးနိုင်ပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ် ခင်ဗျား။

**ယခင်ပညာရေးဝန်ကြီးဌာနက သုတေသနပညာသင်ထောက်ပံ့ကြေး(Research Stipend)ပြန်လည် ချီးမြှင့်ရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးလှမြင့်၊ ဒေါ်ပုံမဲဆန္ဒနယ်က ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးလှမြင့်(ဒေါပုံမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံ မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့် ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်း ကတော့ နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍမြင့်မားရေးကို ထူးချွန်ထက်မြက်သော ပညာရှင်များ ပေါ်ထွန်းလာရေးအတွက် ဆောင်ရွက်လျက်ရှိရာမှာ ယခင်ပညာရေးဝန်ကြီးဌာနက တက္ကသိုလ်ဘွဲ့လွန် ကျောင်းသား/ကျောင်းသူများအနက်မှ သုတေသနထူးချွန်သူများကို ရွေးချယ်၍ သုတေသနပညာသင် ထောက်ပံ့ကြေး Research Stipendကို လစဉ်ချီးမြှင့်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်မှာ အစီအစဉ် ရပ်ဆိုင်း သွားခဲ့ပါတယ်။ ယခုအခါ ၎င်းအစီအစဉ်အား ပြန်လည်ချီးမြှင့်ရန် ရှိ၊ မရှိ သိလိုပါတယ်။ ရှိပါက မည်သည့်ကာလမှာ ပြန်လည်လုပ်ဆောင်မည်။ မရှိပါကလည်း မည်သည့်အတွက်ကြောင့် လုပ်ဆောင် နိုင်ခြင်းမရှိသည်ကို ပြန်လည်ဖြေကြားပေးပါရန် လေးစားစွာတင်ပြ အပ်ပါသည်။

**ယခင်စတုတ္ထတန်းအစိုးရစစ်(စကောလားရှစ်ဆု)နှင့်သတ္တမတန်းအစိုးရစစ်(စကောလားရှစ်ဆု)ကို ပြန်လည်ကျင့်သုံးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးအောင်ဆန်း၊ ပန်းဘဲတန်းမြို့နယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးအောင်ဆန်း(ပန်းဘဲတန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ယနေ့တက်ရောက်လာသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူး ဖိတ်ကြားထားသောဧည့်သည်တော်များ ကိုယ်စိတ်နှစ်ပါး ကျန်းမာစေကြောင်း ဆုမွန်ကောင်း တောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်း မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းနဲ့ ပတ်သက်လို့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ ၂၄-၃-၂၀၁၁ ရက် နေ့၌ တောင်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရဲ့ မေးမြန်း ချက်များနဲ့ သဘောတူညီနေပါတယ်။ သို့ပါ၍ ကျွန်တော့်ရဲ့မေးမြန်းချက်ကို ရုပ်သိမ်းခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင် တစ်ဖက်ကမ်းတွင် လိုအပ်လျက်ရှိသော အခြေခံပညာ အထက်တန်းကျောင်းတစ်ကျောင်းအသစ် ဖွင့်လှစ်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးသန်းစိန်၊ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးသန်းစိန်(ကြည့်မြင်တိုင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ကြွရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခနဲ့ ပြည့်စုံကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကြယ်ပွင့်ပြမေးခွန်းတစ်ခုကို မေးမြန်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်တစ်ဖက်ကမ်းမှာ ကျေးရွာပေါင်း ၁၁ ရွာရှိပါတယ်။ ရပ်ကွက်ကြီးအားဖြင့် ၄ ရပ်ကွက်ဖွဲ့စည်းထားပါတယ်။ အခြေခံပညာအထက်တန်း ကျောင်းသူ/ကျောင်းသားပေါင်း ၆၀၀ခန့် တက်ရောက်ပညာသင်ကြားနေရပါတယ်။ ရွာပေါင်း ၁၁ ရွာမှာ စက်ကလေးကျေးရွာ၌သာလျှင် တွဲဖက်အထက်တန်းကျောင်း ၁ ကျောင်းသာရှိပါတယ်။ အဲဒီ ၁၁ ရွာမှာရှိတဲ့ ကျောင်းသူ၊ ကျောင်းသားများဟာ ၆၀၀ ခန့်အနက်မှ ၂၄၄ ဦးသာ အထက်တန်းကျောင်းမှာ တက်ရောက်ခဲ့ရပါတယ်။ ကျန် ကျောင်းသား ၄၀၀ ခန့်သည် မြို့တစ်ဖက်ကမ်းသို့ကူး၍ နေ့စဉ်သမ္ဗန်များဖြင့် ကျောင်းတက်နေရတာ တွေ့မြင်နေရပါတယ်။ အဲဒီလို ကျောင်းတက်နေရတဲ့အခါမှာ အသွားသမ္ဗာန်ခ ၂၀၀၊ အပြန်သမ္ဗာန်ခ ၂၀၀ စုစုပေါင်း တစ်ရက်ကို ၄၀၀ ခန့် ကုန်ကျမှာဖြစ်ပါတယ်။ ဒီကြားထဲ မိုးရာသီရောက်ပြီဆိုလျှင် လှိုင်းဒဏ်၊ လေဒဏ်ကြားထဲကနေပြီးတော့ ပင်ပန်းဆင်းရဲကြီးစွာဖြင့် ကလေးသူငယ်များသည် ကျောင်းတက်နေရတာကို တွေ့ရပါတယ်။ တချို့ဆိုရင်လည်း သမ္ဗာန်ခမတတ်နိုင်၍ ကျောင်းမှထွက်ရသည်အထိ ဖြစ်ရပ်များကိုလည်းတွေ့ကြုံရပါတယ်။ သို့ပါ၍ ရွာပေါင်း ၁၁ ရွာအတွက် လိုအပ်နေသော အခြေခံပညာအထက်တန်းကျောင်း တစ်ကျောင်းကို တည်ဆောက်နိုင်ခြင်း ရှိ၊ မရှိ သိလိုပါတယ်။ တည်ဆောက်နိုင်ရင်လည်း ဘယ်အချိန်ကာလမှာတည်ဆောက်မည်။ မတည်ဆောက်နိုင်ရင်လည်း မည်သည့်အကြောင်းအတွက်ကြောင့် မတည်ဆောက်နိုင်သည်ကို သိလိုပါ၍ တင်ပြရင်းနိဂုံးချုပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပညာရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၆။**

**ဒေါက်တာမြအေး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးကို တက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးနှင့်တကွ ဖိတ်ကြားထားသော

ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဦးစွာပဏာမနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃ မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ ပညာရေးဆိုင်ရာမေးမြန်းချက်များကို ကျွန်တော့်အနေနဲ့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမဆုံးအနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၏ မေးခွန်းကိုဖြေကြားမှာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်အတွင်း အခြေခံပညာကျောင်းများအနက် တချို့သော ကျောင်းများတွင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ဘေးအန္တရာယ်ကင်းဝေးစေရန်လည်းကောင်း၊ ကျောင်းဥပမိရုပ် ကောင်းမွန်စေရန်လည်းကောင်း၊ ပြန်လည်ပြင်ဆင်သင့်သဖြင့် အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ ၁၉၉၉-၂၀၀၀ ဘဏ္ဍာရေးနှစ်မှစ၍ နှစ်စဉ်ရန်ပုံငွေများ ခွဲဝေချထား၍ ပြင်ဆင်ပေးခဲ့ပြီး ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်ပညာရေးမှူးရုံးနှင့် အခြေခံပညာကျောင်း ၃ ကျောင်းကို ရန်ပုံငွေကျပ် ၂၄၄၈. ၇၆ သိန်းဖြင့်လည်းကောင်း၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် အခြေခံပညာကျောင်း ၃ ကျောင်းများကို ရန်ပုံငွေကျပ် ၁၇၂၈ သိန်းဖြင့်လည်းကောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် အခြေခံပညာကျောင်း ၉ ကျောင်းကို ရန်ပုံငွေကျပ် ၃၃၆၆ သိန်းဖြင့်လည်းကောင်း ပြင်ဆင်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်၍ ဥပမိရုပ်မကောင်းသဖြင့် ပြန်လည်ပြင်ဆင်ရန် လိုအပ်သောအခြေခံပညာမူလတန်း ၇ ကျောင်း၊ အန္တရာယ်ရှိသဖြင့် အသစ်ပြန်လည်ဆောက်လုပ်ရန် လိုအပ်သောအခြေခံပညာကျောင်း ၁၀ ကျောင်းနှင့် ကျောင်းသားဦးရေအရ တိုးချဲ့ဆောက်လုပ်ရန်လိုအပ်သော အခြေခံပညာကျောင်း ၄ ကျောင်းအား ဌာနခွင့်ပြုရန်ပုံငွေဖြင့်လည်းကောင်း၊ အလှူရှင်များမှ လှူဒါန်းမှုဖြင့်လည်းကောင်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ကွင်းဆင်းစိစစ်တွက်ချက်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းကလည်း ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၏ ပညာရေးဆိုင်ရာမေးခွန်းပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဖြေကြားရမယ်ဆိုရင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများတွင် ကျောင်းသားဦးရေနှင့် စာသင်ဆောင် မလုံလောက်သဖြင့် ကြပ်တည်းစွာ ပညာသင်ကြားနေရသော ကျောင်းများအား အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ နှစ်စဉ်တိုးချဲ့ဆောင်များ ဆောက်လုပ်ပေးလျက်ရှိပါသည်။ လှိုင်သာယာမြို့နယ်အတွင်း ကျောင်းသားဦးရေအရ တိုးချဲ့ဆောက်လုပ်ရန် လိုအပ်သောအခြေခံပညာ

၄ ကျောင်းအား ဌာနခွင့်ပြုရန်ပုံငွေဖြင့်လည်းကောင်း၊ အလှူရှင်များမှ လှူဒါန်းမှုဖြင့်လည်းကောင်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ကွင်းဆင်းစိစစ်တွက်ချက်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

တတိယမေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်၏ ပညာရေးဆိုင်ရာ မေးခွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဖြေကြားရမည်ဆိုလျှင် ပညာရေးဝန်ကြီးဌာနအနေဖြင့် ငွေကြေးမပြည့်စုံမှုကြောင့် တက္ကသိုလ်ပညာဆက်လက်ဆည်းပူးရန် အခက်အခဲရှိသူများအား အထောက်အကူဖြစ်စေရန် နိုင်ငံတော်က ပညာသင်ထောက်ပံ့ကြေးဆုများကို နှစ်စဉ်ချီးမြှင့်လျက်ရှိပါသည်။ သတ်မှတ်ချက်နှင့်ကိုက်ညီသော ပညာချွန်ဆုလျှောက်ထားသူများကို အခြေခံသိပ္ပံပညာထူးချွန်ဆု၊ သင်္ချာ၊ ဓာတု၊ ရူပကို တစ်ဘာသာလျှင် ၂၀ ဦးစီဖြင့် လည်းကောင်း၊ စီးပွားရေးပညာထူးချွန်ဆု၊ ဝါဏိဇ္ဇ၊ ဘောဂဗေဒ၊ စာရင်းအင်းပညာကို တစ်ဘာသာလျှင် ၁၀ ဦးစီဖြင့် လည်းကောင်း၊ စုစုပေါင်း ၉၀ ဦးကို ရွေးချယ်၍ နှစ်စဉ်စာမေးပွဲအောင်မြင်ပါက မဟာဘွဲ့ရသည်အထိ ချီးမြှင့်ပါတယ်။ တက္ကသိုလ်များမှ သုတေသနပညာရှင်များက နိုင်ငံအကျိုးပြု၊ ဒေသအကျိုးပြု၊ ဘာသာရပ်အကျိုးပြု၊ သုတေသနလုပ်ငန်း စုစုပေါင်း ၆၀၁၃ ခုကို ဆောင်ရွက်ခဲ့ပြီး သုတေသနလုပ်ငန်း ၃၃၅၇ ခုကို ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၀၉ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာနမှ အကောင်းဆုံးသုတေသန ရွေးချယ်ရေးအဖွဲ့က သက်ဆိုင်ရာ အဆင့်မြင့်ပညာဦးစီးဌာနများမှ အကောင်းဆုံးသုတေသနပညာရှင်များ၏ သုတေသနစာတမ်းများနှင့် သုတေသနစာတမ်း ဖတ်ကြားခြင်းတို့ကို စိစစ်အကဲဖြတ်ကြပြီး ပညာရေးဝန်ကြီးဌာန၏ အကောင်းဆုံးသုတေသနထူးချွန်ဆု(ဝိဇ္ဇာ၊ သိပ္ပံ၊ စီးပွားရေး)ကို သုတေသနပညာရှင် ၃ ဦးတို့အား ပထမဆုကျပ်တစ်သိန်း၊ ဒုတိယဆုကျပ် ခုနှစ်သောင်းနှင့် တတိယဆုကျပ် ငါးသောင်း ချီးမြှင့်ခဲ့ပါသည်။ ၂၀၀၅ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ အကောင်းဆုံးသုတေသနစာတမ်းဆုရရှိသော သုတေသနပညာရှင် ၁၂၃ ဦးတို့အား တစ်ဦးလျှင် ဂုဏ်ပြုလက်မှတ်နှင့် ငွေသားကျပ် နှစ်သောင်းစီကိုလည်းကောင်း၊ ၂၀၀၇ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ပါရဂူဘွဲ့ရရှိပြီးသော သုတေသနပညာရှင်များ၏ ပါရဂူဘွဲ့ကျမ်းများကို စိစစ်အကဲဖြတ်ပြီး မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံသုတေသနပညာရှင်အဖွဲ့ဆုရရှိသော သုတေသနပညာရှင် ၁၈ ဦးတို့အား တစ်ဦးလျှင် ဆုတံဆိပ်၊ ဂုဏ်ပြုလက်မှတ်နှင့် ငွေသားကျပ် နှစ်သိန်းစီကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် သုတေသန Project ဖြင့် ဆောင်ရွက်သောသုတေသနလုပ်ငန်း စုစုပေါင်း ၇၁ ခုအတွက် ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၁၂၀ ခွင့်ပြု

ခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် သုတေသန Project ဖြင့် ဆောင်ရွက်သော သုတေသနလုပ်ငန်းစုစုပေါင်း ၇၃ ခုအတွက် ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၂၀၀ ထိပိုမို ခွင့်ပြုခဲ့ပါသည်။

ပြည်တွင်းပညာသင်ဆုများနှင့် ပညာသင်ထောက်ပံ့ကြေးများ၊ သုတေသနရန်ပုံငွေများဖြင့် ပညာရေးကဏ္ဍမြင့်မားရေးနှင့် ထူးချွန်ထက်မြက်သောပညာရှင်များ ပေါ်ထွန်းလာရေးအတွက် ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံတကာပညာသင်ဆုများဖြင့်လည်းကောင်း၊ ပါရဂူဘွဲ့သင်တန်းသား ၈၁ ဦး၊ မဟာဘွဲ့သင်တန်းသား ၇၇ ဦး၊ သုတေသနသင်တန်းသား ၁၂၇ ဦး၊ Training သင်တန်းသား ၃၈၃ ဦးနှင့် Study Tour ၉၈ ဦး၊ ဆွေးနွေးပွဲတက်ရောက်သူ ၄၄၃ ဦး၊ စုစုပေါင်း ၁၂၀၉ ဦးတို့အား ပြည်ပသို့စေလွှတ်ပြီး ဖြစ်ပါသည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာပညာသင်ဆုများ၊ ပြည်တွင်းပညာသင်ဆုများနှင့် ပညာသင်ထောက်ပံ့ကြေးများကို ပိုမိုချီးမြှင့်သွားရန် ဆောင်ရွက်လျက်ရှိပါသည်။

နောက်ဆုံးမေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိန်၏ ပညာရေးဆိုင်ရာမေးခွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြောကြားရမယ်ဆိုရင် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းတွင် အခြေခံပညာအထက်တန်းကျောင်းခွဲ တစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ(၃)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်းနှစ်ကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်းသုံးကျောင်း ဖွင့်လှစ်ထားရှိပါသည်။ ယင်းကျောင်းများတွင် အထက်တန်းကျောင်းသား ၂၂၄ ဦး၊ အလယ်တန်းကျောင်းသား ၂၄၁၀ ဦး၊ မူလတန်းကျောင်းသား ၂၆၈၀ ဦး၊ စုစုပေါင်း ၅၃၁၄ ဦး ပညာသင်ကြားလျက်ရှိပါသည်။ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) စက်ကလေးတွင် တက္ကသိုလ်ဝင်တန်းကျောင်းသား ၈၈ ဦးနှင့် နဝမတန်းကျောင်းသား ၁၃၆ ဦး တက်ရောက်လျက်ရှိရာ လက်ရှိကျောင်းဆောင်များအရ သင်ကြားနိုင်သောအနေအထားရှိပါသည်။ စက်ကလေး အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ရေးအတွက် သတ်မှတ်ကာလအတွင်း သတ်မှတ်ထားသည့်အချက်အလက်များဖြင့် အထက်အဖွဲ့အစည်းအဆင့်ဆင့်သို့ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ အားလုံးမင်္ဂလာပါ။

**သန်လျင်မြို့နယ်၊ သူဌေးကွင်းရွာနှင့် ခရမ်းမြို့နယ် မောင်းမရွာသို့ ဖောက်လုပ်ထားသည့် မြေသားလမ်း ၁၈ မိုင်အား အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးလွင်ဦး ၊ သန်လျင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးလွင်ဦး(သန်လျင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းမယ့်မေးခွန်းကတော့ သန်လျင်မြို့နယ်၊ သုဋ္ဌေးကွင်းကျေးရွာကနေပြီးတော့ ခရမ်းမြို့နယ်၊ မောင်းမကျေးရွာကို ဖောက်လုပ်ထားတဲ့ ၁၈ မိုင်အရှည် ကျောက်ကြမ်းလမ်းမြေသားလမ်းအား ဆက်လက်ပြီး အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် ဆောင်ရွက်ပေးနိုင်ပါက မည်သည့် ကာလမှာ ဆောင်ရွက်ပေးမည်ကိုသိရှိလိုပါ၍ ပြန်လည်ဖြေကြားပေးပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**တိုက်ကြီးမြို့နယ်၊ ထန်းတပင်မြို့နယ်၊ မှော်ဘီမြို့နယ်များသို့ ဆက်သွယ်ထားသော ဂဝံလမ်းစုစုပေါင်း လမ်းမိုင် ၂၉ မိုင် ၂ ဖာလုံကို တတိယလမ်းသို့ အဆင့်မြှင့်တင်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးဟန်စိန် ၊ တိုက်ကြီးမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးဟန်စိန်(တိုက်ကြီးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပြီးတော့ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ကျွန်တော့်အနေနဲ့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဟန်စိန် ဖြစ်ပါတယ်။ ကျွန်တော်တင်ပြမယ့် မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်မှာရှိတဲ့ ရွာသာကျေးရွာကနေပြီးတော့ တော်လတီကျေးရွာအထိ ၅ မိုင်နဲ့ ၅ ဖာလုံ ရှိပါတယ်။ တော်လတီကျေးရွာကနေပြီးတော့ မှော်ဘီမြို့နယ်အတွင်းမှာရှိတဲ့ ရန်ကုန်-ပြည် မော်တော်ကားလမ်းထိ လမ်းမိုင် ၂၃ မိုင်နဲ့ ၅ ဖာလုံ ရှိပါတယ်။ စုစုပေါင်းလမ်း ၂၉ မိုင်နဲ့ ၂ ဖာလုံရှိတဲ့လမ်းကြီးကို ကတ္တရာ၊ ဂဝံလမ်းအဖြစ်တည်ဆောက်ပေးပြီးတော့ ဒီလမ်းပေါ်မှာ တံတားကြီး ၂ စင်း ရှိပါတယ်။ တစ်ခုက ရေပေါ်သောင်တံတားဖြစ်ပြီးတော့ တစ်ခုက လှိုင်မြစ်ကူးတံတား၊ မြို့ချောင်းတံတား ဖြစ်ပါတယ်။ ဒီဂဝံလမ်းနဲ့ ဒီတံတားကြီးများကို နိုင်ငံတော်ကနေပြီးတော့ ငွေကုန်ကြေးကျများစွာ ကုန်ကျခံတည်ဆောက်ပေးပြီးတော့ ၂၀၀၀ ခုနှစ်ကတည်းက ဖွင့်လှစ်ပေးပြီး ဖြစ်ပါတယ်။ ၎င်းဂဝံလမ်းကြီးကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပြီးတော့ ဆောင်ရွက်ပေးနိုင်မှု

အစီအစဉ် ရှိ၊ မရှိနဲ့ ဆောင်ရွက်ပေးပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်။ မဆောင်ရွက် ပေးပါက အစီအစဉ်မရှိပါက မဆောင်ရွက်ပေးနိုင်ကြောင်း ဖြေကြားပေးနိုင်ရန် လေးစားစွာတင်ပြ အပ်ပါတယ် ခင်ဗျား။

**ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်အတွင်းရှိ တိုက်ကြီးမြို့နယ်နှင့် ထန်းတပင်မြို့နယ်များသို့ ဆက်သွယ်ထားသော အရှည် ၂.၅ မိုင်ရှိ ကျောက်ကြမ်းလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးကြည်မြင့်၊ မှော်ဘီမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆**။

**ဦးကြည်မြင့်(မှော်ဘီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမဲဆန္ဒနယ်မှ ဦးကြည်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ အောက်ပါမေးခွန်းအား မေးခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်းရှိ မြို့ချောင်းလမ်းဟာ ရန်ကုန်-ပြည်လမ်းက နေပြီးတော့ မြို့ချောင်းတံတားအထိ ၂.၅ မိုင် ရှည်လျားပါတယ်။ ၎င်းလမ်းဟာ တိုက်ကြီးမြို့နယ်၊ ထန်းတပင်မြို့နယ်များအထိ ဆက်သွယ်သွားလာနိုင်တဲ့လမ်းမကြီးတစ်ခုလည်း ဖြစ်ပါတယ်။ ယခုအခါ အဲဒီလမ်းတွေဟာ ပျက်စီးနေပြီး၊ ၁ မိုင်မှာကတ္တရာ လမ်းခင်းပြီးဖြစ်ပါတယ်။ ကျန် ၁.၅ မိုင်မှာ ခင်းရန်ကျန်ရှိနေပါတယ်။ ၎င်းလမ်းဟာ အခုအချိန်မှာ အလွန်ပျက်ယွင်းနေပါသဖြင့် မော်တော်ယာဉ် များသွားလာရန် အခက်အခဲနဲ့ ကြုံတွေ့နေရပါတယ်။ သို့ဖြစ်ပါ၍ ကျန် ၁.၅ မိုင်ကို ကတ္တရာလမ်း အဖြစ်အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိမရှိ နဲ့ ဆောင်ရွက်ပေးရန်ရှိပါက မည်သည့် ကာလတွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်ကြားပေးပါရန် တင်ပြအပ် ပါတယ်။

**တောင်ရိုး၊ မနုတိုင်းရင်းသားများ နေထိုင်ရာ နောင်ချို-တောင်းခမ်း-အင်တော-ကျောက်ဂူ-ရပ်စောက်-တောင်ကြီးမော်တော်ကားလမ်းကို ကားကြီး၊ ကားသေး သွားလာနိုင်သည့် ကတ္တရာလမ်းအဖြစ် ပြုပြင်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးကျော်မြင့်၊ နောင်ချိုမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇**။

**ဦးကျော်မြင့်(နောင်ချိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာ၊ လိုရာဆန္ဒ ပြည့်စေကြောင်းဆုတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်

နောင်ချိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နောင်ချို-တောင်းခမ်း-အင်တော-ကျောက်ဂူ-ရပ်စောက်-ညောင်ရွှေ-တောင်ကြီး မော်တော်ကားလမ်းဟာ ၁၄၄ မိုင် ဝေးသည့်ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့ကို အတိုဆုံးဆက်သွယ်ထားတဲ့ကားလမ်း ဖြစ်ပါတယ်။ ထိုကားလမ်းမှာ ဒုဋ္ဌဝတီမြစ်ကို ဖြတ်သန်းဖောက်လုပ်ထားတဲ့ နာမည်ကျော်ပေ ၁၈၀ အထက် ဒုဋ္ဌဝတီတံတားနောင်ချို တည်ရှိပါတယ်။ မြန်မာ့ရုပ်မြင်သံကြားမှ မကြာခဏ ထုတ်လွှင့်ပေးနေတဲ့ တံတားဖြစ်ပါတယ်။ တံတားတည်ဆောက်သည်မှာ ၇ နှစ်ကြာပြီးရှိသော်လည်း နောင်ချိုမြို့နယ်အပိုင်း၊ နမ့်လန်မြို့နယ်အပိုင်း၊ ရပ်စောက်မြို့နယ်အပိုင်း၊ ၃ ပိုင်းဆိုင်ရာကားလမ်းမှာ မတ်စောက်ခြင်း၊ တစ်တောင်ဆစ်ကွေ့များခြင်းကြောင့် လွန်းထိုးများလုပ်ရခြင်း၊ ကားလမ်း ကြမ်းတမ်းသည့်အတွက် ၁၀ ဘီး၊ ၁၂ ဘီးယာဉ်ကြီးများသာသွားလာကြပြီး ယာဉ်ငယ်များတွင်ကျယ်စွာအသုံး မပြုနိုင်တာကိုတွေ့ရှိရပါတယ်။ နောင်ချိုမြို့မှ မန္တလေး၊ မိတ္ထီလာ၊ တောင်ကြီးသို့ ပတ်လမ်းသွားမည်ဆိုပါက မိုင် ၁၁၀ သက်သာမည်ဖြစ်တဲ့လမ်း ဖြစ်ပါတယ်။ အဲဒီလမ်းဟာ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ၃ မြို့နယ်ရဲ့အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကုန်စည်ဖြန့်ဖြူးမှုလမ်းကြောင်းအတွက် အဓိကကျတဲ့လမ်းမကြီးဖြစ်ပါတယ်။ ဓနုတိုင်းရင်းသားများအနေနဲ့ မျိုးရိုးစဉ်ဆက်ကိုကြည့်မယ်ဆိုရင် ရှမ်းပြည်နယ်မှာ ဓနု-ဓားမြ၊ ဓနု-သူပုန်၊ ဓနု-ဗကပ အဖွဲ့အစည်းရယ်လို့ မရှိခဲ့ပါဘူး။ ရိုးသားလုပ်ကိုင်စားသောက်နေထိုင်ကြတဲ့ တိုင်းရင်းသားများဖြစ်ပါတယ်။ သို့အတွက်ကြောင့်-

- တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေတဲ့ တောင်ရိုး-ဓနုတိုင်းရင်းသားများ နေထိုင်ရာ နောင်ချို-တောင်းခမ်း- အင်တော - ကျောက်ဂူ - ရပ်စောက် - ညောင်ရွှေ - တောင်ကြီး မော်တော်ကားလမ်းအား ကားကြီး၊ ကားသေး ရာသီမရွေးသွားလာနိုင်သည့် ကတ္တရာလမ်းအဖြစ်ပြုပြင်ပေးနိုင်ရန် အစီအစဉ်ရှိပါသလား။ အစီအစဉ် ရှိမည်ဆိုပါက မည်သည့်အချိန်ကာလတွင် စတင်ဆောင်ရွက်မည်ကို သိရှိလိုပါတယ်။

**မန္တလေး-လားရှိုးလမ်းမပေါ်ရှိ အုမ္မသီးကျေးရွာမှ မိုင် ၂၀ ကွာဝေးသော ဟိုခိုကျေးရွာအထိ ကျောက်ကြမ်းလမ်း ၁၄ မိုင်အား ကတ္တရာလမ်း ခင်းပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

ဒုတိယမေးခွန်းကတော့ မန္တလေး-လားရှိုးလမ်းမပေါ်မှာရှိတဲ့ အုမ္မသီးကျေးရွာမှဟိုခိုကျေးရွာ မိုင် ၂၀ ကွာဝေးတဲ့ ကျောက်ကြမ်းလမ်း ၁၄ မိုင်အား ကတ္တရာလမ်းခင်းပေးရန်မေးမြန်းလိုပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ မန္တလေး-လားရှိုးလမ်းမပေါ်မှာရှိတဲ့ အုမ္မသီးကျေးရွာမှ သုံးဆယ်ကျေးရွာနှင့် ဟိုခိုကျေးရွာ မိုင်၂၀ အရောက်မှာ အခုအသစ်တည်ဆောက် ဖောက်လုပ်နေတဲ့

ပြင်ဦးလွင်-မိုးကုတ် ကတ္တရာလမ်းမကြီးနှင့် ထိစပ်လျက်ရှိပါတယ်။ အုမ္မသီးကျေးရွာမှ သုံးဆယ်ကျေးရွာသို့ ၆ မိုင် ကတ္တရာလမ်းခင်းပြီးဖြစ်ပါတယ်။ သုံးဆယ်ကျေးရွာမှ ဟိုခိုကျေးရွာသို့ ကျန်ရှိသေးသည့် ၁၄ မိုင်ကွာဝေးသော ကျောက်ကြမ်းလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တိုးပေးမည်ဆိုပါက ပြင်ဦးလွင်သို့ သွားစရာမလိုဘဲ၊ မိုးကုတ်-နောင်ချို-လားရှိုး မော်တော်ကားလမ်း ချိတ်ဆက်မိပြီး နယ်မြေဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မန္တလေး-လားရှိုးလမ်းမပေါ်ရှိ အုမ္မသီးကျေးရွာမှ မိုင် ၂၀ ကွာဝေးသော ဟိုခိုကျေးရွာအထိ ကျန်ကျောက်ကြမ်းလမ်း ၁၄ မိုင်အား ရာသီမရွေးသွားလာနိုင်ရန်အတွက် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါသလား၊ အဆင့်မြှင့်ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် လုပ်ငန်းစတင်မည်ဆိုကြောင်းကို သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၁။**

**ဦးခင်မောင်မြင့်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဦးခင်မောင်မြင့်ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ဦးရဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ မေးမြန်းမှုအား စတင်ပြီးဖြေကြားသွားမှာ ဖြစ်ပါတယ်။ မေးမြန်းထားတဲ့ သန်လျင်မြို့နယ်အတွင်းရှိ သူဌေးကွင်း၊ ပန်းကန်တောင်၊ ဖားကူး၊ မောင်းမလမ်းဟာ၊ ၁၈ မိုင် ၄ ဖာလုံအရှည်ရှိပြီး ပဲခူး၊ သနပ်ပင်၊ ခရမ်း၊ သုံးခွ၊ သန်လျင်လမ်းမကြီးနှင့်အပြိုင် ဖောက်လုပ်ထားတဲ့လမ်းဖြစ်ပါတယ်။ ယခု ၂၀၁၁ ခုနှစ်၊ မေလ လမ်းမအခြေအနေကတော့ ကတ္တရာလမ်း ၁ မိုင်၊ ကျောက်လမ်း ၁၀ မိုင်၊ မြေလမ်း ၇ မိုင် ၄ ဖာလုံ၊ စုစုပေါင်း ၁၈ မိုင်နဲ့ ၄ ဖာလုံရှိတဲ့လမ်းဖြစ်ပါတယ်။ ဒီလမ်းဟာ မြေလမ်း လမ်းတာဘောင်ဆောင်ရွက်ထားပြီး မိုးရာသီရေပြည့်လျှံအချိန်မှာ အချို့နေရာများမှာ လမ်းတာဘောင်နိမ့်ကျတဲ့အတွက် ရေကျော်ရေဖြတ်လမ်းပိုင်းများရှိပါတယ်။ ဆက်သွယ်သွားလာမှုမပြတ်တောက်စေရေးအတွက် သစ်သားတံတားများကို ဦးစားပေးထိန်းသိမ်းပြီး ဆောင်ရွက်နေတဲ့လမ်းဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်၊ သာမန်ပြုပြင်ထိန်းသိမ်းခြင်းရန်ပုံငွေ၊ ခွဲဝေရရှိမှုရန်ပုံငွေနဲ့

အောက်ပါလုပ်ငန်းများအား ဆောင်ရွက်ပေးထားတာရှိပါတယ်။ လမ်းတံတား သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ၁၈ မိုင် ၄ ဖာလုံ၊ ကတ္တရာလမ်းပျက်များအား၊ ချိုင့်များအား ကျောက်ဖြည့်ခြင်း၊ အနိမ့်အမြင့်မြေညှိခြင်း၊ ကတ္တရာရေပိတ်လွှာလောင်းခြင်းအား ၁ မိုင် ၁ ဖာလုံ၊ ကျောက်လမ်းပျက်အား ဖြူဖွေး ကျောက်ဖြင့်ဖြည့်ပြီးတော့ အပွန်းခံလွှာတင်ခြင်းအား ၃ မိုင် ၅ ဖာလုံ၊ သစ်သားကြမ်းခင်း၊ယက်မကြမ်းခင်း၊ ဘီးလမ်းများလဲခြင်း တံတားအမှတ် ၁/၂ အရှည် ၁၀၅ ပေ၊ ဘော်ချောင်းတံတား တစ်စင်း ၊ ပျက်စီးနေသော သံကူကရစ်တံတား ကြမ်းခင်းများအသစ်လောင်းခြင်းက တစ်စင်း၊ ကျောက်လမ်းများအားပြင်ဆင်ထိန်းသိမ်းခြင်းက ၁၁ မိုင် ၁ ဖာလုံ၊ ကတ္တရာလမ်းအဆင့်တိုးမြှင့်ခြင်းက ၁ မိုင်၊ လမ်းတံတား ၂/၄ ကွန်ကရစ်တံတားပြင်ဆင်ခြင်းက တစ်စင်း၊ ဘော်ချောင်းတံတား သစ်သားတိုင် တိုင်စင်၊ ကြမ်းခင်းဘီးလမ်းတွေလဲခြင်းက တစ်စင်းဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သူဌေးကွင်း၊ ပုဂံတောင်-ဖားကူး-မောင်းမလမ်းဟာ မြေသားတာဘောင်တည်ငြိမ်မှုနည်းပြီး ရေလွှမ်းမိုးဧရိယာမှာ ဖြတ်သန်းသွားတဲ့ ဆက်သွယ်သွားလာမှုလမ်းဖြစ်ပါတယ်။ ၎င်းလမ်းမပြတ်တောက်စေရေးအတွက် လွယ်ကူမှုလည်းရှိလာအောင် ၂၀၁၂ - ၂၀၁၃ ဘဏ္ဍာနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေနှင့် တိုင်းဒေသကြီးရဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း၊ ရန်ပုံငွေကိုလျာထားချက်များမှာ တင်ပြတောင်းခံသွားမှာဖြစ်ပြီး ခွဲဝေရန်ပုံငွေရရှိမှု အခြေအနေပေါ်မှာ မူတည်ပြီး လမ်းတံတားများအား အဆင့်မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

ဒုတိယမေးခွန်းအား ဆက်လက်ရှင်းသွားမှာဖြစ်ပါတယ်။ ၎င်းမေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဟန်စိန်မေးမြန်းထားတဲ့ အပေါ်မှာ ရှင်းလင်းပြောကြားသွားမှာဖြစ်ပါတယ်။ မေးမြန်းထားတဲ့ လမ်းကတော့ တိုက်ကြီးမြို့နယ်၊ ရွာသာကျေးရွာ၊ တော်လတီကျေးရွာတို့မှာရှိတဲ့ ၅ မိုင်၊ ၅ ဖာလုံနဲ့ တော်လတီကျေးရွာအနီး ရေပေါ်သောင်တံတား၊ မြို့ချောင်းတံတားကိုဖြတ်ပြီး ရန်ကုန်-ပြည် ကားလမ်းနဲ့ဆက်သွယ်တဲ့ လမ်းကလည်း ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းစာရင်းအရကော ရေတွင်းကုန်း၊မြို့ချောင်း၊ တော်လတီ-ရွာသာရွာ အမည်ပေါက်ပြီး လမ်းမိုင်က၂၄ မိုင် နဲ့ ၇ ဖာလုံ ရှိပါတယ်။ ရန်ကုန်-ပြည် လမ်း မိုင်တိုင် ၃၄ မိုင် ၄ ဖာလုံ၊ ရေတွင်းကုန်းကစပြီးတော့၊ မြို့ချောင်းတံတား၊ ရေပေါ်သောင်တံတားများကို ဖြတ်ပြီး တော်လတီရွာမှတစ်ဆင့် ဥတို၊ အဖျောက် ကားလမ်းအထိ ရွာများပေါ်မှာရှိတဲ့ ရွာသာရွာမှာ ချဉ်းကပ်တံတားဖြစ်ပါတယ်။ မှော်ဘီ၊ ထန်းတပင်၊ တိုက်ကြီးမြို့နယ် ၃ ခုကို ဖြတ်သန်းပြီး ဖောက်လုပ်ထားပြီးတော့ ရန်ကုန်-ပြည် လမ်းနဲ့အပြိုင်အတွင်းလမ်းကြောင်းအဖြစ် ဒေသတွင်းမှာ အရေးပါတဲ့လမ်းတစ်

လမ်းဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ ၁၉၉၈ ခုနှစ်မှာ ဒေသတွင်းလမ်းများကို အခြေခံပြီး ဖောက်လုပ်ပေးတဲ့လမ်းဖြစ်ပါတယ်။ တစ်ပြိုင်တည်းမှာပဲ အရှည်ပေ ၁၉၄၀ ပေရှိတဲ့ မြို့ချောင်းတံတားနဲ့ ရေပေါ်သောင်တံတားနှစ်စင်းကိုလည်း သံကူကွန်ကရစ်တံတားကြီးအဖြစ်ဆောက် လုပ်ခဲ့တာဖြစ်ပါတယ်။ ဒီ၂၀၁၁ ခုနှစ် မေလ လမ်းအခြေအနေကို တင်ပြရမယ်ဆိုလို့ရှိရင် ကတ္တရာ လမ်းက ၃ မိုင် နဲ့ ၂ ဖာလုံ၊ ကျောက်ခဲ့လမ်းက ၈ မိုင် နဲ့ ၃ ဖာလုံ၊ ဂဝံလမ်းက ၁၃ မိုင် ၂ ဖာလုံဖြစ်ပြီး လမ်းစုစုပေါင်းဟာ ၂၄ မိုင် ၇ ဖာလုံဖြစ်ပါတယ်။ ပြည်လမ်းတစ်လျှောက်လုံး ဟာဆိုရင်အဓိကအားဖြင့် စိုက်ပျိုးမြေများကို ဖြတ်သန်းဖောက်လုပ်ထားတာဖြစ်တဲ့အတွက် ချောင်းငယ်၊ မြောင်းငယ်ပေါ်များခြင်း၊ ရေဝပ်ဒေသများခြင်း၊ မိုးရွာသွန်းမှု မိုးရေချိန်ပမာဏများပြားခြင်းတို့ကြောင့် ဂဝံအမာခံလမ်းဟာ ခံနိုင် ရည်စွမ်းအားများကျဆင်းပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေး နှစ် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ခွဲဝေ ရရှိတဲ့ ရန်ပုံငွေအရ ယခုဆောင်ရွက်နေတာဆိုရင် ၁ မိုင် ၃ ဖာလုံကနေပြီးတော့ ၂ မိုင် ၃ ဖာလုံ အထိ ကတ္တရာလမ်းသစ်ခင်းခြင်းဟာ ၁ မိုင်ရှိပါတယ်။ ပြည်လမ်းမှ မြို့ချောင်းတံတားအထိ ကတ္တရာလမ်း တဆက်တစပ်တည်းဖြစ်မှာဖြစ်ပါတယ်။ နောက် ကျောက်လမ်းပျက်အား ထိန်းသိမ်းခြင်း ၈ မိုင် ၃ ဖာလုံ ဖြစ်ပါတယ်။ ဂဝံလမ်း ပြုပြင်ခြင်း ၄ မိုင် ၅ ဖာလုံဖြစ်ပါတယ်။ ပျက်စီးနေတဲ့ သစ်သားတံတားများအား ယက်မ၊ ကြမ်းခင်း၊ ဘီးလမ်းများလဲလှယ်ခြင်းက ၁၇ စင်းလုပ်ပေးမှာဖြစ်ပါတယ်။ ဘောလယ်မြစ်ကူး တံတား ရေပေါ်သောင်ချဉ်းကပ်လမ်း နိမ့်ကျမှုကာကွယ်ခြင်းက တစ်ခုရှိပါတယ်။ တော်လတီစံပြ ကျေးရွာအတွင်း အုတ်စီမြောင်းပြုလုပ်ခြင်း ၂ မြောင်းဆောင်ရွက်မှာဖြစ်ပါတယ်၊ စတဲ့လုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စတင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရွာသာယာ-တော်လတီ-ရေပေါ်သောင်-မြို့ချောင်းသို့ သွားသော ကားလမ်းမှာ ဂဝံကျောက်ခင်းလမ်းဖြစ်ပြီး ရာသီမရွေးသွားလာနိုင်ရန်အတွက် ပထမအဆင့် ဂဝံလမ်းများကို အမာခံကျောက်ခဲ့လမ်းအဖြစ် ဆောင်ရွက်နိုင်ရန်နှင့် ၎င်းလမ်းပေါ်ရှိ သစ်သားတံတား များကို သံကူကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင်နိုင်ရန်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေနှင့် တိုင်းဒေသကြီး သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေတို့တွင် လျာထား တင်ပြ၍ ရန်ပုံငွေရရှိမှု အခြေအနေအရ အဆင့်မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်း တင်ပြအပ်ပါတယ်ခင်ဗျား။

တတိယမေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးကြည်မြင့်ရဲ့ မေးမြန်းထားချက်အား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဦးကြည်မြင့် မေးမြန်းရှင်းလင်းထားတဲ့ လမ်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်အတွင်းမှာရှိတဲ့

မြို့ချောင်းလမ်းဟာ သီးခြားလမ်းလေးဖြစ်ပါတယ်။ ရေတွင်းကုန်း-မြို့ချောင်း-တော်လတီ-ရွာသာယာ ၂၄ မိုင် ၇ ဖာလုံ ရှိတဲ့လမ်းရဲ့ လမ်းအစပိုင်းလည်းဖြစ်ပါတယ်။ ရန်ကုန်-ပြည်လမ်းပေါ်ရှိ မိုင်တိုင် ၃၅ မိုင် ၄ ဖာလုံ ရေတွင်းကုန်းမှ မြို့ချောင်းအထိ အရှည် ၂ မိုင် ၅ ဖာလုံသာရှိတဲ့ လမ်းအပိုင်းလေးဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၁ -၂၀၁၂ ဘဏ္ဍာရေးနှစ် ပွင့်လင်းရာသီတွင် ယင်း ၂ မိုင် ၅ ဖာလုံ လမ်းပိုင်းအား ကတ္တရာလမ်းအဆင့်မြှင့်တင်ရန် စီစဉ်ပြီးဖြစ်ပါတယ်။ လိုအပ်သော ပစ္စည်းများလည်းစုဆောင်းပြီးဖြစ်ပါတယ်။ ယခုအခါမှာ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလကုန်မှာ ကတ္တရာလမ်း အဆင့်သို့ဆောင်ရွက်ရန် ရန်ကုန်တိုင်းဒေသကြီးရဲ့ သာမန်ပြင်ထိန်းရန်ပုံငွေတွင် လျာထားပါဝင်ပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၎င်းလမ်းအား ပွင့်လင်းရာသီမှာ ကတ္တရာလမ်းအဆင့် ဆောင်ရွက်သွား မည်ဖြစ်ကြောင်းရှင်းလင်းတင်ပြပါတယ်ခင်ဗျား။

ဆက်လက်ပြီး မေးခွန်းနံပါတ် ၄ အား ရှင်းလင်းတင်ပြပါမယ်။ မေးခွန်းကတော့ ရှမ်းပြည်နယ်၊ နောင်ချိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ရဲ့ မေးထားသော မေးခွန်းဖြစ်ပါ တယ်။ ဦးကျော်မြင့် မေးထားတာကတော့ ရှမ်းပြည်နယ်အတွင်း တောင်ပိုင်းနှင့်မြောက်ပိုင်း အတိုဆုံး ဆက်သွယ်သွားလာနိုင်သည့် လမ်းကြောင်းဖြစ်တဲ့ တောင်ကြီး-ရွှေညောင်-ရပ်စောက်-အင်တော-ကျောက်ဂူ-တောင်ခမ်း-နောင်ချိုလမ်းဖြစ်ပါတယ်။ အရှည် ၁၄၄ မိုင် ၇ ဖာလုံဖြစ်ပါတယ်။ ယခင်က ဒုဋ္ဌဝတီမြစ် ခြားနေတဲ့အတွက် ဆက်သွယ်သွားလာမှု နည်းပါးခဲ့သော်လည်း အရှည် ၄၆၅ ပေရှိ ဒုဋ္ဌဝတီမြစ်ကူး တံတား(နောင်ချို)ကို ၂၀၀၅ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်တဲ့အတွက် ယခုအခါ ဆက်သွယ်သွားလာမှုသည် ယခင်ထက်ပိုကောင်းလာပြီ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းတွင် တောင်ကြီးမြို့နယ်၊ ရပ်စောက်မြို့နယ် အင်တောမြို့နယ် ၃ မြို့နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် နောင်ချိုမြို့နယ် စုစုပေါင်း ၄ မြို့နယ်ကို ဖြတ်သန်းပြီး မန္တလေး-လားရှိုးလမ်းမကြီးနှင့် နောင်ချိုမြို့နဲ့ တွေ့ဆုံတဲ့အပိုင်းဖြစ်ပါတယ်။ ၎င်းလမ်းနှင့် ပတ်သက်၍ နောင်ချိုအတွက် အရေးကြီးတဲ့အဓိကဆက်သွယ်ရေးလမ်းလည်းဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ မေလ လမ်းအခြေအနေများကို တင်ပြရမယ်ဆိုရင် ကတ္တရာလမ်းနဲ့ပတ်သက်လို့ ရှမ်းပြည်နယ်တောင်ပိုင်းမှာ ၄၉ မိုင်၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ ၁၃ မိုင် ၇ ဖာလုံ၊ စုစုပေါင်း ၆၂ မိုင် ၇ ဖာလုံရှိပါတယ်။ ကျောက်လမ်းကတော့ ရှမ်းပြည်နယ်တောင်ပိုင်းမှာ ၂၅ မိုင် ၃ ဖာလုံ၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ ၁၅ မိုင် ၅ ဖာလုံ စုစုပေါင်း ၄၁ မိုင် ရှိပါတယ်။ အမာခံလမ်းကတော့ ရှမ်းပြည်နယ်တောင်ပိုင်းမှာ ၄၁ မိုင်ရှိပြီး ရှမ်းပြည်နယ်မြောက်ပိုင်းမှာမရှိပါဘူး။ အားလုံးအမာခံလမ်းဟာ ၄၁ မိုင်ဖြစ်ပါတယ်။ စုစုပေါင်းပြောရင် ရှမ်းပြည်နယ်တောင်ပိုင်းမှာ ၁၁၅ မိုင် ၃ ဖာလုံ၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ ၂၉

မိုင်နဲ့ ၄ ဖာလုံ စုစုပေါင်း ကတ္တရာလမ်းဟာ ၆၂ မိုင် ၇ ဖာလုံရှိပါတယ်။ ကျောက်လမ်းဟာ ၄၁ မိုင်၊ အမာခံလမ်းဟာ ၄၁ မိုင်၊ စုစုပေါင်းဟာ ၁၄၄ မိုင် ၇ ဖာလုံဖြစ်ပါတယ်။ ဒီလမ်း ၁၄၄ မိုင် နဲ့ ၇ ဖာလုံကို ပေါင်းလိုက်ရှိရင် ဒုဋ္ဌဝတီမြစ်ကူးတံတားဟာ ၁ မိုင်ကျော်ရှိပါတယ်။ ဒါပေမယ့် ၁၄၅ မိုင် ဖြစ်ပါတယ်။ ၁၁၃ မိုင် နဲ့ ၁၁၈ မိုင်အပိုင်းကတော့ ဒုဋ္ဌဝတီမြစ်ကူးတံတားရဲ့ ချဉ်းကပ်ပိုင်းဖြစ်ပြီးတော့ ကျောက်တောင်တွေကို ဖြတ်သန်းဖောက်လုပ်တာဖြစ်တဲ့အတွက် အတက်အဆင်းအနည်းငယ် မတ်စောက်တာကလွဲပြီး သွားလာနိုင်တဲ့လမ်းဖြစ်ပါတယ်။ အင်တောမြို့နယ်အပိုင်းမှာလည်း အမာခံလမ်း ၄၁ မိုင် ကျန်သော်လည်း ကျောက်ခဲ့အမာခံလမ်းဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ခွဲဝေရန်ပုံငွေအရ အောက်ပါလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

လမ်းတံတားသာမန်ထိန်းသိမ်းခြင်းလုပ်ငန်းတွင် ၁၄၄ မိုင် ၇ ဖာလုံ ဖြစ်ပါတယ်။ အန္တရာယ်များသော လမ်းကွေ့လမ်းကျဉ်းများအား ၃၄ ပေ ချဲ့ခြင်းဟာ ၆ မိုင် ဖြစ်ပါတယ်။ ကတ္တရာလမ်းဟောင်းဟာ အနိမ့်အမြင့်ဖြေခြင်း၊ ကတ္တရာရေပိတ်လွှာလောင်းခြင်း ၂ မိုင်ဖြစ်ပါတယ်။ ကတ္တရာလမ်းလွှာများကျောက်ဖြည့်၍ ရေပိတ်လွှာလောင်းခြင်း နှစ်မိုင်ဖြစ်ပါတယ်။ ကျောက်လမ်းမှာ ၁၂ ပေ အကျယ်ကတ္တရာလမ်းအဆင့်တိုးမြှင့်ခြင်းဟာ ၂ မိုင် ၄ ဖာလုံဖြစ်ပါတယ်။ ကျောက်လမ်းပျက်အား ချိုင့်ခွက်များဖြည့်၍ အပွန်းခံလွှာတင်ခြင်းဟာ ၂ မိုင်ဖြစ်ပါတယ်။ မိုင်တိုင် ၁၂၈ မိုင်ကနေ ၁၃၂ မိုင် အတွင်းမှာရှိတဲ့ ၅ ပေအကျယ် Box CuLvert တည်ဆောက်ခြင်းက ၃ ခု တည်ဆောက်သွားမှာဖြစ်ပါတယ်။ တံတားအမှတ် ၃/၉၆ အရှည် ၁၅ ပေနဲ့ တံတားအမှတ် ၁/၇၂၊ အရှည် ၉၂ ပေများကို သံကူကွန်ကရစ်တံတားအဖြစ်အဆင့်မြှင့်တင်ခြင်းကို နှစ်စဉ်းလုပ်မှာဖြစ်ပါတယ်။ ၂၅ ပေအရှည် တံတားအမှတ် ၁/၉၀ နဲ့ ၃၀ ပေအရှည် တံတားအမှတ် ၂/၉၀ ပြင်ဆင်ခြင်းဟာ နှစ်စဉ်းလုပ်မှာဖြစ်ပါတယ်။ ၎င်းတို့ကို ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ လအလိုက်လိုအပ်ချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာနကနေ စတင်ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေညောင်-ရပ်စောက်-ကျောက်ဂူ-အင်တော-နောင်ချိုလမ်းဟာ ရာသီမရွေးသွားလာနိုင်မှု လွယ်ကူချောမွေ့စေရေးအတွက် အတက်အဆင်းမတ်စောက်သော်လည်း ဒုဋ္ဌဝတီတံတား ချဉ်းကပ်လမ်းကို နိမ့်ချခြင်း၊ လမ်းကျဉ်းနေရာများကို အမာခံလမ်းကို ပျှမ်းမျှ ၃၄ ပေချဲ့ခြင်း၊ အမာခံလမ်းများကို ကျောက်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဦးစားပေးလျာထားပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင်လည်း ငွေလုံးငွေရင်းသာမန်ပြင်ဆင်

ထိန်းသိမ်းရေးရန်ပုံငွေတို့ကို တင်ပြတောင်းခံသွားမှာဖြစ်ပြီး ခွဲဝေရရှိသည့်ရန်ပုံငွေအခြေအနေအရ လုပ်ငန်းဆောင်ရွက်သွားမှာဖြစ် ကြောင်း တင်ပြလိုပါတယ်ခင်ဗျား။

ဆက်လက်ပြီး နောက်ဆုံးမေးခွန်းဖြစ်တဲ့ မေးခွန်းနံပါတ် ၅ ဖြစ်ပါတယ်။ အဲဒါလည်း ကျွန်တော်တို့ ရှမ်းပြည်နယ်၊ နောင်ချိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ပဲ မေးထားတာ ဖြစ်ပါတယ်။ ဦးကျော်မြင့်မေးထားတဲ့ မေးခွန်းရဲ့လမ်းကတော့ ရှမ်းပြည်နယ် နောင်ချိုမြို့နယ် မန္တလေး-လားရှိုးလမ်းပေါ်မှာရှိတဲ့ အုမ္မသီးကျေးရွာကနေ အုမ္မသီး-သုံးဆယ်-ကျိုပင်-ရတနာသိဂီလမ်းပေါ်မှာ ရှိတဲ့ ဟိုခိုကျေးရွာနဲ့ ဆက်စပ်နေတဲ့ အရှည်ပေမိုင် ၂၀ ကွာဝေးတဲ့ လမ်းဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ မေလရဲ့ လမ်းအခြေအနေကတော့ ကတ္တရာလမ်း ၇ မိုင်ရှိပါတယ်။ ကျောက်လမ်းဟာ ၁၃ မိုင်ရှိပါတယ်။ ဒါ့ကြောင့်မို့ စုစုပေါင်းမိုင် ၂၀ ဖြစ်ပါတယ်။ ကတ္တရာလမ်း ၇ မိုင်ကို ကြည့်ပြီးတော့ ၁၃ မိုင်ဟာလည်း ကျောက်လမ်းဖြစ်တဲ့အတွက် ရာသီမရွေးသွားလာနိုင်သော လမ်းတစ်လမ်းလည်း ဖြစ်ပါတယ်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်ကစပြီးတော့ ပြင်ဦးလွင်-မိုးကုတ်လမ်းကို အရှိန်အဟုန်နဲ့ ဆောင်ရွက်လျက်ရှိရာ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လအထိ ၆၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပါတယ်။ အုမ္မသီး-ဟိုခိုလမ်းမှာ ပြင်ဦးလွင်-မိုးကုတ်လမ်းနဲ့ ဟိုခိုရွာဆုံတဲ့နေရာတစ်ဆက်တစ်စပ်တည်း မန္တလေး-လားရှိုးလမ်းနဲ့တိုက်ရိုက်ရောက်နိုင်တဲ့ လမ်းလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် သာမန်ပြင်ထိန်းရန်ပုံငွေ ခွဲဝေရရှိတဲ့ခွင့်ပြုရန်ပုံငွေက အောက်ပါလုပ်ငန်းလုပ်လျက်ရှိပါတယ်။

အဲဒါကတော့ ကျောက်လမ်း ၁၂ ပေ၊ လမ်းအကျယ် ကတ္တရာလမ်းမြှင့်တင်ခြင်း ၇ မိုင် ကနေ ၁၃ မိုင်အထိ ၆ မိုင်ဖြစ်ပါတယ်။ တံတားအမှတ် ၁/၁၃ နှင့် ၂/၁၃ သစ်သားတံတား (၂)စင်းကို သံကူကွန်ကရစ်တံတားမြှင့်တင်ရန်အတွက် နှစ်စင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကတ္တရာလမ်းအနေနဲ့ ၂၀၁၀-၂၀၁၁မှာ ၇ မိုင်ဖြစ်ပြီးတော့ ၂၀၁၁-၂၀၁၂ မှာ ဆောင်ရွက်ဆဲ ၆ မိုင်ဖြစ်တယ်။ စုစုပေါင်း ၁၃ မိုင် ကတ္တရာလမ်းတိုးတက်လာမှာဖြစ်ပါတယ်။ ကျန်ကျောက်လမ်း ခုနှစ်မိုင်ကိုလည်း ကတ္တရာလမ်း အဆင့်မြှင့်တင်နိုင်ရန်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေတွင်တောင်းခံပြီး ခွဲဝေရရှိတဲ့ရန်ပုံငွေအခြေအနေအရ အဆင့်တိုးမြှင့်လုပ်ငန်းများ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းတင်ပြရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကို လေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများမေးမြန်းခြင်း ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ ယခု အစည်းအဝေးကို မိနစ် ၂၀ ခန့် ရပ်နားပါမယ်။ ၁၁ နာရီမှာ ပြန်လည်ကျင်းပပါမယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ အားလုံးခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၂၊ နည်းဥပဒေခွဲ (က) အရ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရန်ဖြစ်ပါတယ်။ အစီရင်ခံစာတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန် ၊ ၁၁း ၀၄။**

**ဦးမောင်တိုး(အတွင်းရေးမှူး)ပြည်သူ့ငွေစာရင်းကော်မတီ။** ။ ကျွန်တော်တို့ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာကို ဥက္ကဋ္ဌကဖတ်ကြားရမှာဖြစ်သော်လည်း ဥက္ကဋ္ဌက Call တွေ့နေတဲ့အတွက် ကျွန်တော်တို့ နည်းဥပဒေအရ ကျွန်တော် အတွင်းရေးမှူးဦးမောင်တိုးက ဖတ်ကြားမှာ ဖြစ်ပါတယ်။ ၂၀၁၁ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်တွင် စတင်ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယအစည်းအဝေးသို့ တင်သွင်းသည့် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာ

**အစီရင်ခံစာအမှတ်စဥ်၁/၂၀၁၁ ၊၂၀၁၁ခုနှစ်၊ မတ်လ ၃ရက်နေ့မှ ၂၀၁၁ခုနှစ်၊ ဩဂုတ်လ၂၀ ရက်နေ့အထိ**

**နိဒါန်း**

၁။ ပြည်သူ့လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅ (က)နှင့်အညီ ပြည်သူ့ငွေစာရင်းကော်မတီကို ပထမအကြိမ်ပြည်သူ့လွှတ်တော်၏ ပထမအစည်းအဝေးကာလဖြစ်သော ၂၀၁၁ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်(၁၅)ဦးဖြင့်ဖွဲ့စည်းကာ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခဲ့ပါသည်။ ပြည်သူ့ငွေစာရင်းကော်မတီ၏ ပထမဦးဆုံးသော လုပ်ငန်းတာဝန်မှာ ပြည်ထောင်စုအစိုးရ၏ အသုံးစာရင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏အစီရင်ခံစာကိုစိစစ်ရာတွင်

ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုသောငွေကို သတ်မှတ်ထားသောကိစ္စအတွက်သာလျှင် သုံးစွဲခြင်း ရှိ/မရှိ စည်းမျဉ်းစည်းကမ်းနှင့်အညီ သုံးစွဲခြင်းရှိ/မရှိနှင့် ခွင့်ပြုသည့်ရည်ရွယ်ချက်အတိုင်း ထိရောက် မှန်ကန်စွာ သုံးစွဲခြင်းရှိ/မရှိ တို့ကို စိစစ်ရမည်ဖြစ်ပါသည်။

၂။ ပြည်သူ့ငွေစာရင်းကော်မတီအနေဖြင့် တင်ပြသည့်ကာလအတွင်း စစ်ဆေးခြင်းလုပ်ငန်းများ အား ဆောင်ရွက်နိုင်သေးခြင်းမရှိပါ။

**၂၀၁၁-၂၀၁၂ ခုနှစ်ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏အရအသုံးခန့်မှန်းခြေငွေစာရင်း**

၃။ ၂၀၁၁-၂၀၁၂ ခုနှစ်ဘဏ္ဍာရေးနှစ်ဖြစ်သော ၂၀၁၁ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၂ခုနှစ်၊ မတ်လ (၃၁)ရက်နေ့အထိကာလအတွက် နိုင်ငံတော်၏အရအသုံးခန့်မှန်းခြေငွေစာရင်းကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၄၄၃) နှင့်အညီ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ဥပဒေအမှတ် ၉/၂၀၁၁ ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်။

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေး နှစ်မှစ၍ ပြည်ထောင်စု အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ခွဲခြားရေးဆွဲရန်လိုအပ်ပါသည်။ ပြည်ထောင်စု အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ ပေါ်ပေါက်လာသည့်အချိန်တွင် ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင် ဆောင်ရွက်ပေးထားခြင်းဖြစ်ပါသည်။

၅။ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ အပါအဝင် နိုင်ငံတော်တစ်ရပ်လုံး၏အရအသုံးခန့်မှန်းခြေငွေစာရင်းအခြေအနေမှာ စုစုပေါင်းရငွေ ကျပ် ၅၇၈၁.၇၃၈ ဘီလီယံဖြစ်ပြီး စုစုပေါင်းသုံးငွေ ကျပ် ၇၉၈၃.၁၈၈ ဘီလီယံဖြစ်သည့်အတွက် အသားတင်လိုငွေ ကျပ် ၂၂၀၁.၄၅၀ ဘီလီယံဖြစ်ပါသည်။

၆။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ အရအသုံးငွေစာရင်း အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ကျွန်တော်တို့ ဒီအစီရင်ခံစာကိုလည်းပဲ ကိုယ်စားလှယ်ကြီးများအားလုံး ကို ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ရငွေသုံးငွေအသေးစိတ်တွေကို မဖတ်ကြားတော့ဘဲနဲ့ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် လိုငွေတွေကိုပဲ ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စု ရဲ့လိုငွေဟာဆိုလို့ရှိရင် ၂၀၃၀.၉၅၇ ကျပ်ဘီလီယံဖြစ်ပါတယ်။ ကချင်ပြည်နယ်ဆိုလို့ရှိရင် ၁၀.၃၀၆ ကျပ်ဘီလီယံလိုငွေဖြစ်ပါတယ်။ ကယားပြည်နယ်ဟာ ၃.၆၀၀ ကျပ်ဘီလီယံလိုငွေဖြစ်ပါတယ်။ ကရင်ပြည်နယ်ဟာ ၅.၁၉၆ ကျပ်ဘီလီယံလိုငွေဖြစ်ပါတယ်။ ချင်းပြည်နယ်ဟာ ၈.၁၃၂ ကျပ်ဘီလီယံ

လိုငွေဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးဟာ ၁၄.၃၇၇ ကျပ်ဘီလီယံလိုငွေဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးဟာ ၇.၅၇၉ ကျပ်ဘီလီယံလိုငွေဖြစ်ပါတယ်။ ပဲခူးတိုင်း ဒေသကြီးဟာ ၂၀.၃၆၇ ကျပ်ဘီလီယံလိုငွေဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီးဟာ ၁.၈၅၄ ကျပ်ဘီလီယံလိုငွေ ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးဟာ ၁၁.၅၆၀ ကျပ်ဘီလီယံလိုငွေဖြစ်ပါတယ်။ မွန်ပြည်နယ်ဟာ ၇.၂၃၉ ကျပ်ဘီလီယံလိုငွေဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဟာ ၁၄.၄၇၁ ကျပ်ဘီလီယံလိုငွေဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးဟာ ၂၀.၉၀၉ ကျပ်ဘီလီယံလိုငွေဖြစ်ပါတယ်။ ရှမ်းပြည်နယ်ဟာ ၂၈.၄၇၀ ကျပ်ဘီလီယံလိုငွေဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးဟာ ၁၆.၄၃၃ ကျပ်ဘီလီယံလိုငွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပြည်ထောင်စုနဲ့တိုင်းဒေသကြီးပြည်နယ်များရဲ့ စုစုပေါင်းလိုငွေဟာ ဆိုလို့ရှိရင် ၂၂၀၁.၄၅၀ ကျပ်ဘီလီယံလိုငွေဖြစ်ပါတယ်။ တိုင်းနဲ့ပြည်နယ်အလိုက် ရှင်းလင်းတင်ပြထားခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးမောင်တိုး ခဏရပ်ပါ။ ဒါ လွှတ်တော်ရဲ့ကိုယ်စား တင်ပြတာလည်းဖြစ်တဲ့ အတွက် ဥက္ကဋ္ဌကိုတော့ပြောပြီးသားဆက်မပြောဖို့ ဒီ Stage ပေါ်ကနေပြီးတော့ ပြန်ပြီးတင်ပြပါတယ်။ Stage ပေါ်တက်ပါ။ ဆက်ပြီးတော့ ကျန်တဲ့ဟာကို Stage ကနေတင်ပြပါ။

**ဦးမောင်တိုး(အတွင်းရေးမှူး)ပြည်သူ့ငွေစာရင်းကော်မတီ**။ ။ အပိုဒ် ၇။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်းအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ဒါကတော့ ကျွန်တော်တို့ ပြည်ထောင်စုကိုပြန်ခွဲပြီးတော့ ပြထားတာဖြစ်ပါတယ်။

**ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများ**

ရငွေ(သာမန်/ငွေလုံးငွေရင်း/ကြွေးမြီ) စုစုပေါင်း ၅၁၁၆.၅၃၂ ကျပ်ဘီလီယံဖြစ်ပါတယ်။ သုံးငွေ (သာမန်/ငွေလုံးငွေရင်း/ကြွေးမြီ)စုစုပေါင်း ၇၁၄၈.၃၈၄ ကျပ်ဘီလီယံဖြစ်ပါတယ်။ ထို့ကြောင့် စုစုပေါင်းပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများရဲ့ လိုငွေဟာဆိုလို့ရှိရင် ၂၀၃၁.၈၅၂ ကျပ်ဘီလီယံဖြစ်ပါတယ်။ ဒီမှာ ကျွန်တော်တို့ခေါင်းစဉ်က တပ်မြို့စည်ပင်သာယာရေးအဖွဲ့ဆိုပြီး တော့ရင် ကျွန်တော်တို့ ဘက်ဂျက်မှာခွဲထားပါတယ်။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များရဲ့ ရငွေဟာ ဆိုရင် (သာမန်/ငွေလုံးငွေရင်း/ကြွေးမြီ) စုစုပေါင်း ၀.၃၃၁ ကျပ်ဘီလီယံ ဖြစ်ပြီးတော့ သုံးငွေဟာ(သာမန်/ငွေလုံးငွေရင်း/ကြွေးမြီ) ၀.၄၆၁ ကျပ်ဘီလီယံ ဖြစ်တဲ့အတွက် အသားတင်လိုငွေဟာ ၀.၁၃၀ ကျပ်ဘီလီယံဖြစ်ပါတယ်။ နောက်ခေါင်းစဉ်တစ်ခုက နေပြည်တော်စည်ပင်သာယာရေး ကော်မတီဖြစ်ပါတယ်။နေပြည်တော်စည်ပင်သာယာရေးကော်မတီရဲ့ရငွေဟာ(သာမန်/ငွေလုံးငွေရင်း/

ကြေးမြီ) စုစုပေါင်း၄.၁၀၀ ကျပ်ဘီလီယံဖြစ်ပြီးတော့ သုံးငွေဟာ(သာမန်/ငွေလုံးငွေရင်း/ကြေးမြီ) ၃.၀၇၅ ကျပ်ဘီလီယံဖြစ်တဲ့အတွက် အသားတင်ပိုငွေဟာ ၁.၀၂၅ ကျပ်ဘီလီယံ ဖြစ်ပါတယ်။

သို့ပါ၍ ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်းမှာ စုစုပေါင်းရငွေကျပ် ၅၁၂၀.၉၆၃ ဘီလီယံဖြစ်ပြီး စုစုပေါင်းအသုံးစရိတ် ၇၁၅.၉၂၀ကျပ် ဘီလီယံဖြစ်သည့်အတွက် အသားတင်လိုငွေ ကျပ် ၂၀၃၀.၉၅၇ ဘီလီယံ ဖြစ်ပါတယ်။ ဒါပြည်ထောင်စုရဲ့လိုငွေဖြစ်ပါတယ်။

၉။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများ၏ ရသုံးခန့်မှန်းခြေငွေစာရင်း အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ စုစုပေါင်းရငွေ ၆၆၀.၇၇၅ ကျပ်ဘီလီယံ၊ စုစုပေါင်းအသုံးစရိတ် ၈၃၁.၂၆၈ ကျပ် ဘီလီယံ၊ ထို့ကြောင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် အဖွဲ့အစည်းများ၏ အသားတင်လိုငွေဟာ ၁၇၀.၄၉၃ ကျပ်ဘီလီယံ ဖြစ်ပါတယ်။

**ပြည်ထောင်စုအစိုးရအဖွဲ့၏တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြားမေးမြန်းကြားနာခြင်း**

ကျွန်တော်တို့ ကော်မတီများဟာ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေကို ဖိတ်ကြားပြီးတော့ ကြားနာခြင်းတွေလုပ်လို့ရတယ်ဆိုပြီးတော့ ဒါရှိတဲ့အတွက် ကျွန်တော်တို့ ကော်မတီဟာ ဖိတ်ကြားပြီးတော့ မေးမြန်းခဲ့ပါတယ်။ လိုက်မစစ်ဘူး။

၁၀။ ပြည်သူ့ငွေစာရင်းကော်မတီသည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစောမောင်လှအား ဖိတ်ကြားမေးမြန်းခဲ့ရာ အောက်ပါအတိုင်း သိရှိရပါသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင်ပါဝင်သော ပြည်ထောင်စုအဆင့် ဌာန/အဖွဲ့အစည်းများသည် လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဥ်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ပါဝင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ဌာန အဖွဲ့အစည်းများသည် လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေ အစီအစဥ်ဖြင့်လည်းကောင်း၊ ငွေကြေးကိစ္စများကို တာဝန်ယူစီမံကွပ်ကဲရမည် ဖြစ်ပါကြောင်း၊

(ခ) သို့ရာတွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေဖြင့် စတင်ဖွဲ့စည်းသည့်ကာလဖြစ်သဖြင့် မိမိတိုင်းဒေသကြီး/ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် တာဝန်ယူစီမံခန့်ခွဲနိုင်သည့် လုပ်ငန်းများကို လေ့လာရန်လိုအပ်သည့်အတွက် ဘဏ္ဍာရေးကော်မရှင်၏ ပထမအကြိမ်

အစည်းအဝေးဆုံးဖြတ်ချက်အရ ပထမ ၆ လ(ဧပြီလမှစက်တင်ဘာလအထိ) အရအသုံး ခန့်မှန်းခြေငွေစာရင်းကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာရန်ပုံငွေမခွဲခြားဘဲ နိုင်ငံတော်မှတာဝန်ယူ၍ နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၁ခုနှစ်၊ အောက်တိုဘာလ ၁ ရက် နေ့မှစ၍ တိုင်းဒေသကြီး/ပြည်နယ် အစိုးရများအနေဖြင့် မိမိတိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် စတင်ဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း၊

(ဂ) ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဘိုး (Gross Domestic Product) (GDP)မှာ ကျပ် ၄၅၉၂၈.၀၀၀ ဘီလီယံဖြစ်ပြီး စုစုပေါင်း အခွန်အကောက်ရငွေမှာ ကျပ်၁၀၉၇.၁၄၁ ဘီလီယံဖြစ်သဖြင့်အခွန်ရငွေနှင့် GDP အချိုးမှာ၂.၃၉ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊

(ဃ) ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဘိုး (GDP)မှာ ၄၅၉၂၈.၀၀၀ ကျပ်ဘီလီယံဖြစ်ပြီး၊ စုစုပေါင်း အသားတင်လိုငွေမှာ ကျပ်၂၂၀၁.၄၅၀ ဘီလီယံဖြစ်သဖြင့် လိုငွေနှင့် GDP အချိုးမှာ ၄.၇၉ ရာခိုင်နှုန်း ဖြစ်ပါကြောင်း ၊

(င) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၀ (င) နှင့်အညီ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရန်ရှိပါကြောင်း၊ သို့ရာတွင် လာမည့်လွှတ်တော်တွင် တင်သွင်းနိုင်ခြင်း မရှိသေးဘဲ တတိယအကြိမ် ကျင်းပမည့်လွှတ်တော်တွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် နိုင်ငံတော်အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်အတူ တင်သွင်းသွားမည်ဖြစ်ပါကြောင်း သိရပါသည်။

၁၁။ ပြည်သူ့ငွေစာရင်းကော်မတီသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ်အား ဖိတ်ကြားခဲ့ရာ တာဝန်ဖြင့်ခရီးလွန်နေသဖြင့် ရုံးအဖွဲ့မှူးဖြစ်သူ ဒေါ်နိုင်သက်ဦးမှ လာရောက်ဖြေကြားခဲ့ ပြီး အောက်ပါအတိုင်း သိရှိပါသည် -

(က) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် ပုံမှန်စစ်ဆေးခြင်းများကို ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်မှ စတင်၍ ၆ လတစ်ကြိမ် စစ်ဆေးသွားမည် ဖြစ်ပါကြောင်း၊

(ခ) အထူးဖွံ့ဖြိုးရေးစီမံကိန်း(နေပြည်တော်) တည်ဆောက်ရေး လုပ်ငန်းများအားလည်း စစ်ဆေးလျက်ရှိပါကြောင်း၊

(ဂ) စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးချုပ်ရုံးက ကြီးကြပ်ဆောင်ရွက်သည့်လုပ်ငန်းများ၏ ခန့်မှန်းခြေစာရင်းများကိုလည်း စစ်ဆေးလျက်ရှိပါကြောင်း၊

(ဃ) နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည် ဖော်ရေးအတွက် ဖွဲ့စည်းထားသော လုပ်ငန်းဆပ်ကော်မတီများ၏ စာရင်းများကိုလည်း စစ်ဆေး လျက်ရှိပါကြောင်း၊

(င) ဗဟိုစီမံခန့်ခွဲရေးအဖွဲ့၏လမ်းညွှန်ချက်အရ ဝန်ကြီးဌာနများ၏ပစ္စည်းဝယ်ယူမှုစိစစ်ရေး အစီရင်ခံစာများကိုလည်း စစ်ဆေးလျက်ရှိပါကြောင်း၊

(စ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လယ်ယာမြေများ စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်လျက်ရှိရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်လျက်ရှိသော ရေလှောင်တမံကြီးများနှင့် ရေအ ရင်းအမြစ်အသုံးချရေးဦးစီးဌာနက တည်ဆောက်လျက်ရှိသော မြစ်ရေတင်စီမံကိန်း ကြီးများလည်း ပါဝင်ပါသည်။ စီမံကိန်းလုပ်ငန်းကြီးများ အကောင်အထည်ဖော်တည် ဆောက်ရာတွင် နိုင်ငံတော်မှဘဏ္ဍာငွေအမြောက်အများကျခံသုံးစွဲခဲ့ရပါသည်။ ယင်းသို့ ကျခံသုံးစွဲသည်နှင့်အမျှ အကျိုးသက်ရောက်မှု ရှိ၊ မရှိကို ပြည်ထောင်စုစာရင်းစစ်ချုပ် မှ နိုင်ငံတော်သမ္မတထံတင်ပြနိုင်ရန်အတွက် စီမံချက်ချမှတ်စစ်ဆေးလျက်ရှိပါကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးများသည် တည်ဆောက်ပြီးရေလှောင်တမံကြီးများ၊ မြစ်ရေတင်စီမံကိန်းကြီးများ၏ မူလစီမံကိန်း လျာထားသည့်အတိုင်း အကောင်အထည်ဖော်နိုင်မှု ရှိ/မရှိနှင့် အကျိုးသက်ရောက်မှု ရှိ/မရှိကို စစ်ဆေးဖော်ထုတ်နိုင်ရန်အတွက် ၁.၆.၂၀၁၁ မှ ၃၁.၇.၂၀၁၁ အထိကာလ အတွင်းစစ်ဆေးခဲ့ကြပြီးဖြစ်ပါကြောင်း၊ စစ်ဆေးတွေ့ရှိချက်များကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးက အစီရင်ခံစာစုစည်းရေးသား၍ နိုင်ငံတော်သမ္မတထံ ဆက်လက် တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် အခြားသောဝန်ကြီးဌာနများကဆောင်ရွက် သည့် တည်ဆောက်ပြီး လုပ်ငန်းစီမံကိန်းများ၏ အကျိုးသက်ရောက်မှုများကိုလည်း ဆက်လက်စစ်ဆေးအစီရင်ခံတင်ပြရန် စီစဥ်ဆောင်ရွက်လျက်ရှိပါကြောင်းသိရပါသည်။

## သုံးသပ်ချက်

၁၂။ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ ရသုံးမှန်းခြေတွင် GDPနှင့် လိုငွေအချိုးမှာ ၅ ရာခိုင်နှုန်းအောက်ဖြစ်သဖြင့် လက်ခံနိုင်သည့်အတိုင်းအတာအတွင်းဖြစ်ပါသည်။ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ရင်းနှီးမြုပ်နှံမှုလုပ်ငန်းများဆောင်ရွက်ရသဖြင့် ဘက်ဂျက်လိုငွေပြခြင်းကိုလက်ခံ ရမည်ဖြစ်သော်လည်း နှစ်ကာလကြာရှည်စွာ လိုငွေပြနေခြင်းမျိုးမဖြစ်စေရေးအတွက် ဂရုပြု ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၁၃။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် အခွန်အကောက်ရငွေနှင့် GDP အချိုးမှာ ၂.၃၉ ရာခိုင်နှုန်း သာရှိပါသည်။ နိုင်ငံတကာတွင်ပျမ်းမျှ ၁၀ ရာခိုင်နှုန်းအထက်ရှိသဖြင့် အခွန်အကောက်များ တိုးမြှင့် ရရှိရေးအတွက်ကောက်ခံမှုနည်းစနစ်များကို ပြုပြင်ပြောင်းလဲကောက်ခံသွားရန် လိုအပ်မည်ဖြစ်ပါ သည်။

၁၄။ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံး၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေမှာ လိုငွေပြ လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၀ (ဃ)အရ ပြည်ထောင်စုအစိုးရသို့ ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအား ပြည်ထောင်စုအစိုးရမှ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၅ နှင့်အညီ ပေါင်းစပ်ညှိနှိုင်းပေးရန် လိုအပ်မည်ဖြစ်ပါသည်။

၁၅။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၃ နှင့်အညီ နှစ်စဉ် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ အတည်ပြုချက် ရယူရမည်ဖြစ်သော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်မှ အသေးစိတ် စစ်ဆေးစိစစ်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်သို့ အနည်းဆုံး ရက်ပေါင်း(၃၀) ကြိုတင်တင်ပြရန် လိုအပ်မည်ဖြစ်ပါသည်။

၁၆။ ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၁၁(ည) အရ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာများကို နိုင်ငံတော်သမ္မတထံ တင်ပြသည်နှင့် တစ်ပြိုင်တည်းတွင် ပြည်သူ့လွှတ်တော်မှ ကြိုတင်သိရှိစိစစ်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်၏ ပြည်သူ့ငွေစာရင်း ကော်မတီသို့ မိတ္တူပေးပို့ရန် လိုအပ်မည်ဖြစ်ပါသည်။

၁၇။ တည်ဆောက်ပြီးသည့် လုပ်ငန်းစီမံကိန်းကြီးများ၏ အကျိုးသက်ရောက်မှုနှင့် ရည်မှန်းချက် အတိုင်း အကောင်အထည်ဖော်နိုင်မှု ရှိ/မရှိ စစ်ဆေးတွေ့ရှိချက်များကို ပြည်ထောင်စုစာရင်းစစ်ချုပ်မှ

နိုင်ငံတော်သမ္မတထံ တင်ပြရာတွင်လည်း ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီသို့ မိတ္တူပေးပို့ရန် လိုအပ်မည်ဖြစ်ပါကြောင်းကို ညှိနှိုင်းပြီးဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**နိဂုံး**

၁၈။ ပြည်သူ့ငွေစာရင်းကော်မတီသည် တင်ပြပါကာလအတွင်း စစ်ဆေးခြင်းလုပ်ငန်းများအား ဆောင်ရွက်နိုင်ခြင်းမရှိသေးသော်လည်း ၂၀၁၁-၂၀၁၂ ခုဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းအား စိစစ်သုံးသပ်ခြင်း၊ ရသုံးမှန်းခြေဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ညွှန်ကြားရေးမှူးချုပ်များကိုဖိတ်ကြား၍ မေးမြန်းကြားနာခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအားလည်းကောင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာများအားလည်းကောင်း လက်ခံရရှိပါက စိစစ်မေးမြန်းကြားနာ၍ ပြည်သူ့လွှတ်တော်သို့ သုံးသပ်တင်ပြသွားမည်ဖြစ်ပါကြောင်းအစီရင်ခံတင်ပြအပ်ပါသည်။ အစီရင်ခံစာအားအတည်ပြုခြင်းကို ကျွန်တော်တို့လုပ်ထုံးလုပ်နည်းနှင့်အညီ ကော်မတီမှာပါဝင်တဲ့ ၁၅ ယောက်လုံး ကျွန်တော်တို့ လက်မှတ်ထိုးပြီး တင်ပြထားပြီးဖြစ်ပါသည်။

## ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း

**အချိန်၊ ၁၁း ၂၁။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် ဆွေးနွေးအတည်ပြုမှာ ဖြစ်ပါတယ်။ ဆွေးနွေး လိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၄.၈.၂၀၁၁ ရက်(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ရမည် ဖြစ်ပါသည်။

## ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်လက်ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၃၊ နည်းဥပဒေခွဲ(ခ) အရအစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို တင်ပြရန် ဖြစ်ပါတယ်။ အစီရင်ခံစာ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း ၂၃။**

**ဦးဝင်းစိန်(ဥက္ကဋ္ဌ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ)။** ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များစိစစ်ရေးကော်မတီ၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးတွင် တင်သွင်းသည့်အဆိုများနှင့် မေးမြန်းသည့်မေးခွန်းများ အပေါ် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ ဆက်လက်ဆောင်ရွက်မှု အခြေအနေနှင့် ပတ်သက်သည့် အစီရင်ခံစာ -

**နိဒါန်း**

(၁) ပြည်သူ့လွှတ်တော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ၁၁၅(က)နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁အရအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို အဖွဲ့ဝင်(၁၅)ဦးဖြင့် ဖွဲ့စည်းပေးခဲ့ပြီး ကော်မတီ၏တာဝန်များ၊လုပ်ပိုင်ခွင့်များ၊ရပိုင်ခွင့်များနှင့် အခွင့်အရေးများကို သတ်မှတ်ပေးခဲ့ပါသည်။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်သူ့လွှတ်တော်တွင် ဖြေကြားသော အဆို၊မေးခွန်းနှင့်ပတ်သက်၍ ကတိပြုခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များအပေါ် မည်သည့်အခြေအနေအထိ အကောင်အထည်ဖော် ဆောင်ရွက်ပြီး သတ်မှတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခြင်း ရှိ၊ မရှိ မူလသတ်မှတ်ချက်အတိုင်း ပြီးစီးခြင်း ရှိ၊ မရှိ စိစစ်ပြီး ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်ဖြစ်ပါသည်။

(၂) ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးတွင် အဆို(၁၇)ခုနှင့် မေးခွန်း(၄၆)ခု အနက် အဆို(၄)ခုနဲ့ မေးခွန်း(၁၃)ခုအား ဆက်လက်ဆောင်ရွက်ရန်လုပ်ငန်းအဖြစ် စိစစ်တွေ့ရှိရသဖြင့် ကော်မတီအနေဖြင့် အဆိုပါလုပ်ငန်းများအပေါ် သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့အစည်းများမှ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ သိရှိနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးမှတစ်ဆင့်မေးမြန်းခဲ့ပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် တင်ပြရခြင်းဖြစ်ပါသည်။

**ရည်ရွယ်ချက်-**

ပထမအကြိမ် ပြည်သူ့လွှတ်တော်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှ တင်သွင်းသည့် အဆိုများ၊ မေးခွန်းများအနက်သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့အစည်းဝင်များမှ ကတိအာမခံပေးခဲ့သည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်မှုအခြေအနေအား အစီရင်ခံစာပြုစုပြီး ပြည်သူ့လွှတ်တော်က သဘောတူလက်ခံနိုင်ရန် တင်ပြရန်ဖြစ်ပါတယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး သို့ အဆိုနဲ့မေးခွန်းများတင်သွင်းခြင်း။

(၄) ပထမအကြိမ်ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ နံနက် ၈း၅၅ နာရီတွင် စတင်ကျင်းပခဲ့ပြီး၊ ၂၀၁၁ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့ ညနေ ၃း၄၀ နာရီတွင် အောင်မြင်စွာကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှ အဆိုများ တင်သွင်းခြင်း၊ မေးခွန်းမေးမြန်းခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များမှ ပြန်လည်ဖြေကြား ခြင်း၊ လွှတ်တော်မှ ဆုံးဖြတ်ခြင်းနဲ့ မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(၅) ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှ မတ်လ ၂၃ ရက်နေ့အထိ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များမှ အဆို(၁၇)ခုနှင့် မေးခွန်း(၄၆)ခုတင်သွင်းခဲ့မှုအပေါ် ပြည်ထောင်စုအဆင့်အဖွဲ့ အစည်းဝင်များမှ အောက်ပါအတိုင်း ဖြေကြားခဲ့ပါသည် -

အဆို(၁၇)ခု ပြည်ထဲရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့အဆို(၃)ခု၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နဲ့ခရီးသွားလာရေးဝန်ကြီးဌာန၊ ဘဏ္ဍာနဲ့အခွန်ဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့ အဆို(၂)ခုစီ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးနဲ့ဆည်မြောင်း ဝန်ကြီးဌာန၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့နဲ့ဆိုင်တဲ့ အဆို (၁)ခုစီ၊ မေးခွန်း ၄၆ ခု၊ ပညာရေးဝန်ကြီးဌာနနဲ့သက်ဆိုင်သော မေးခွန်း ၈ ခု၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနနှင့်သက်ဆိုင်တဲ့ မေးခွန်း ၅ ခုစီ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့်သက်ဆိုင်သော မေးခွန်း ၄ ခုစီ၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့်သက်ဆိုင် သော မေးခွန်း ၃ ခု၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရွှေ့နေချုပ်ရုံးတို့နှင့် သက် ဆိုင်သော မေးခွန်း ၂ ခုစီ၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေး စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အမှတ်(၁)လျှပ်စစ် စွမ်းအားဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စု

ရွှေကောက်ပွဲကော်မ ရှင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနဲ့ သက်ဆိုင်သောမေးခွန်း ၁ ခုစီ၊

(၆) အဆို(၁၇)ခုမှ အောက်ပါ ၄ခုအား ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းအဖြစ်တွေ့ရှိရပါသည် -

(က) ၉-၃-၂၀၁၁ ရက်နေ့တွင် ဦးဖေသန်းမြေပုံမှအဆိုတင်သွင်းခဲ့သည့် သဘာဝဘေးအန္တရာယ်တစ်ခုကြောင့် လူမှုစီးပွားဘဝပျက်စီးမှုပမာဏ ကြီးမားသောအခြေအနေတွင် တိုင်းဒေသကြီး/ပြည်နယ် အတိုင်းအတာဖြင့် မဖြေရှင်းနိုင်သောအခါ၌ နိုင်ငံတော်က အရေးပေါ် သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသကြီးအဖြစ် ကြေညာပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ပြည်ထောင်စုအစိုးရမှ တိုက်ရိုက်ဝင်ရောက်ကူညီပေးရန် အဆိုနဲ့ပတ်သက်ပြီး လွှတ်တော်မှသဘောတူကြောင်း အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။

(ခ) ၁၄-၃၂၀၁၁ ရက်နေ့တွင် ဦးထွန်းမြင့်ဦး၊ မိုင်းပန်မှ အဆိုတင်သွင်းခဲ့သည့် မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရန်အဆိုနဲ့ ပတ်သက်ပြီး သင့်လျော်သောအချိန်တွင် ကောက်ယူရန် လွှတ်တော်မှ သဘောတူဆုံးဖြတ်ခဲ့ပါသည်။

(ဂ) ၂၁-၃-၂၀၁၁ ရက်နေ့တွင် ဦးပွင့်ဆန်း၊ မရမ်းကုန်းမဲဆန္ဒနယ်မှ တင်သွင်းခဲ့သည့် နိုင်ငံတကာအဆင့်မီလူမှုဖူလုံရေးဥပဒေသစ် မူကြမ်းတစ်ရပ်ရေးဆွဲပြီး ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေးနိုင်ရန် လိုအပ်သည့် အစီအစဉ်များ ပြုလုပ်ပေးပါရန်အဆိုနဲ့ ပတ်သက်၍ အလုပ်သမားဝန်ကြီးဌာနမှ ဥပဒေမူကြမ်း ရေးဆွဲတင်ပြရန် လွှတ်တော်မှသဘောတူခဲ့ပါသည်။

(ဃ) ဦးတင်မောင်ဝင်း၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ တင်သွင်းခဲ့သည့် အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေးနဲ့ အလုပ်သမားများ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဥပဒေမူကြမ်းတစ်ရပ်ကို လာမည့်ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများသို့ တင်သွင်းဆွေးနွေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးပါရန်အဆိုနဲ့ပတ်သက်ပြီး အလုပ်သမားဝန်ကြီးဌာနမှ ဥပဒေမူကြမ်းရေးဆွဲတင်ပြရန် လွှတ်တော်မှ သဘောတူဆုံးဖြတ်ခဲ့ပါသည်။ မေးခွန်း ၄၆ ခုအနက်မှ အောက်ပါမေးခွန်းများအား ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းများအဖြစ် ဆုံးဖြတ်ခဲ့ပါသည် -

(၁) ၂၀-၃-၂၀၁၁ ရက်နေ့တွင် ဒေါက်တာစိုင်းကျော်အုန်း၊ နမ့်ခမ်းမဲဆန္ဒနယ်မှ မေးမြန်းခဲ့သည့် နိုင်ငံ့ဝန်ထမ်းများနှင့် ယခင်ပင်စင်စား နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများတိုးပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်းနဲ့ပတ်သက်၍ သင့်တော်သောအချိန်ကာလတွင် နိုင်ငံ့ဝန်ထမ်းလစာနဲ့ အငြိမ်းစားလစာများ တိုးပေးသွားမည်ဖြစ်ကြောင်း လွှတ်တော်မှ သဘောတူခဲ့ပါသည်။

(၂) ဦးကြည်သာ ဂွမဲဆန္ဒနယ်မှ မေးမြန်းခဲ့သည့် မြန်မာ့စက်မှု ဖွံ့ဖြိုးရေးအက်ဥပဒေ ပြုစုပြဋ္ဌာန်းရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနဲ့ပတ်သက်၍ မြန်မာ့စက်မှု ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသင့်ဖွဲ့စည်းထားပြီး လိုအပ်သော ဥပဒေ၊ နည်းဥပဒေ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ရန်လွှတ်တော်က သဘောတူခဲ့ပါသည်။ ဦးအောင်သိန်း ရွာငံမှ မေးမြန်းခဲ့သည့် မြို့ကြီးဆည်မှ မည်သည့်အကျိုးခံစားခွင့်များ ရရှိနိုင်မည်ကို သိလိုကြောင်းနဲ့ စပ်လျဉ်းသည့် မေးခွန်းနဲ့ပတ်သက်၍ ပင်းတယမြို့နှင့် ကျေးရွာ ၆ ရွာကို ထရန်စဖော်မာ ၁၀ လုံးနဲ့ နိုင်ငံတော် ဓာတ်အားစနစ်မှလည်းကောင်း၊ ရွာငံနှင့် ကျေး ရွာ ၂ ရွာကို ထရန်စဖော်မာ ၂ လုံးနဲ့လည်းကောင်း၊ နိုင်ငံတော် ဓာတ်အားလိုင်းမှ ၈၀၀ ကီလိုဝပ်နဲ့ ၃၀၀ ကီလိုဝပ် ထုတ်ယူသုံးစွဲနေကြောင်း လွှတ်တော်မှ သဘောတူအတည်ပြုခဲ့ ပါသည်။ ဦးအောင်သိန်း၊ ရွာငံမှ မေးမြန်းသည့် ကင်းတားရေလှောင်တမံမှ ရွာငံမြို့ပေါ်သို့ ဖြန့်ဝေပေးသည့် လျှပ်စစ်ဓာတ်အားလိုင်း တိုးချဲ့ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ၊ မရှိနှင့်ပတ်သက်၍ ကင်းတားဆည်မှ ၁၁ ကေဗွီဓာတ်အားလိုင်း ၁၂ မိုင် သွယ်တန်းပြီး ရွာငံမြို့သို့ မီးပေးထားပြီးဖြစ်ကြောင်း အောင်ပန်းမြို့ရှိ ၆၆ ကေဗွီဓာတ်အားခွဲရုံမှ ပင်းတယ၊ ရွာငံမြို့များသို့ ချိတ်ဆက်ထားပေးရန် အစီအစဉ်ရှိကြောင်း လွှတ်တော်မှ သဘောတူခဲ့ပါသည်။

(င) ဦးနယ်လ်ဆင် (ခ) စိုင်းဆောင်ဆီ ကျောက်မဲ မေးမြန်းသည့် ကြားဖြတ်ရွေးချယ် တင်မြောက်ပွဲများကိုကျင်းပရန် မည်သို့ပြင်ဆင်ထားသည်နှင့် စပ်လျဉ်းသည့် အစီအစဉ်မေးခွန်း နှင့်ပတ်သက်၍ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ၊ နိုဝင်ဘာလခန့်မှာ ကြားဖြတ်ရွေးကောက်ပွဲများ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေဖို့ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြီးကြပ်ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း လွှတ်တော်မှအတည်ပြုခဲ့ပါတယ်။

(စ) ဦးအောင်စိန်သာ၊ မင်းပြားမေးမြန်းခဲ့သည့် ရခိုင်ပြည်နယ်၊ မင်းပြားမြို့ လေးမြို့မြစ်ရေတိုက်စားမှုကာကွယ်ရေးမေးခွန်းနှင့်ပတ်သက်၍ ၁၉၉၉-၂၀၀၀ ခုနှစ်မှစ၍ ကျောက်စီတမံ ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၀-၂၀၁၁ ခုနှစ်တွင်ကျောက်စီမြေထိန်းနံရံ ၃၂၀ ပေ ဆောင်ရွက်နေကြောင်း မင်းပြားမြို့ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆက်လက်ဆောင်ရွက်သွားပေးမှာဖြစ်ကြောင်း လွှတ်တော်မှ သဘောတူခဲ့ပါသည်။

(ဆ) ဦးပိုက်လင်း၊ ပလက်ဝ မေးမြန်းခဲ့သည့် ချင်းပြည်နယ် ပလက်ဝမြို့မှ မြောက်ဘက် ၂၉ မိုင် အကွာရှိ ကုလားတန်မြစ်တစ်နေရာတွင် တောင်ပြိုပြီး ရေလမ်းပိတ်ဆို့မှု မေးခွန်းနှင့်ပတ်သက်သည့် ကုလားတန်မြစ်ရေ ပိတ်ဆို့မှုနေရာကို ကျွမ်းကျင်သည့်ပညာရှင်များ စေလွှတ်ပြီး စစ်ဆေးတိုင်းတာ၍ ဆောင်ရွက်နိုင်မှုကိုလည်း ရှာဖွေဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်မှ သဘောတူခဲ့ပါသည်။

(ဇ) ဦးအောင်သိန်း၊ ရွာငံမှမေးမြန်းခဲ့သည့် အောင်ပန်း-ဟန်မြင့်မိုရ်လမ်းအဆင့်မြှင့်တင်ရေးအစီအစဉ်နဲ့ပတ်သက်သည့်မေးခွန်းနှင့်ပတ်သက်၍ ၁၉၉၃ ခုနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကတ္တရာလမ်းအဆင့် အောင်ပန်း-ဟန်မြင့်မိုရ်လမ်းကို ဆောင်ရွက်ခဲ့ပြီး စုစုပေါင်း ၆၉ မိုင် ၁ ဖာလုံ၊ ၂၀၀၄-၂၀၀၅ ခုနှစ်မှာ မြို့ကြီးဆည်တည်ဆောက်ရေးအတွက် လုပ်ငန်းယာဉ်ကြီးများအသုံးပြုပြီး ၁၀ မိုင် ပျက်စီးခဲ့သဖြင့်၂၀၁၀ -၂၀၁၁ ခုနှစ်တွင် ရှမ်းပြည်နယ်တောင်ပိုင်းမှ ၃ မိုင် ၆ ဖာလုံ ပြင်ဆင်ခဲ့ပြီး ကျန် ၆ မိုင် ၂ ဖာလုံကို ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ပြင်ဆင်ရန်ဆောင်ရွက်လျက်ရှိကြောင်း BOT စနစ်ဖြင့် ကုမ္ပဏီနှင့်ဆောင်ရွက်သူမရှိပါက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆက်လက်တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်မှ သဘောတူခဲ့ပါ တယ်။

(ဈ) ဦးကျော်စိုးလေး မိုးညင်းမှ မေးမြန်ခဲ့သည့် မန္တလေး- ရွှေဘို- မြစ်ကြီးနား ကားလမ်း ၃၅၉ မိုင်ရှိပြီး ၁၉၉၆ ခုနှစ် ကတ္တရာလမ်းအဆင့်ဖွင့်လှစ်ခဲ့ပါသည်။ အဆိုပါလမ်းတွင် တောင်ပေါ်လမ်းပိုင်း မိုးရွာသွန်းမှုများပြီး အောက်ခံမြေသားအားနည်းခြင်း သစ်လုံးကားများ ဖားကန့်ဒေသသို့ စက်၊ ယာဉ်၊ ယန္တရားများ တန်ပိုတင်ဆောင်မှုကြောင့် ပျက်စီးခဲ့ပါသည်။ ယခုအခါ ရွှေတောင်ကုမ္ပဏီ၊ ဆုထူးပန်ကုမ္ပဏီ၊ ခိုင်မာသောပန်းတိုင်ကုမ္ပဏီ၊ လီဒိုဟိုင်းဝေးကုမ္ပဏီတို့မှ BOT(Build Operate Transfer)စနစ်ဖြင့် ပြုပြင်ခြင်း ဆောင်ရွက်လျက်ရှိရာ ထိုလမ်းအား ပြည်သူတို့မှဝိုင်းဝန်းထိန်းသိမ်းသွားရန်လွှတ်တော်မှသဘောတူအတည်ပြုခဲ့ပါသည်။

(ည) ဦးထွန်းထွန်း၊ မံစီမှ မေးမြန်းခဲ့သည့် မန္တလေး-ဗန်းမော် မော်တော်ကားလမ်း ပြုပြင် မွမ်းမံထိန်းသိမ်းခြင်း အဆင့်မြှင့်တင်ခြင်း မေးခွန်းနှင့်ပတ်သက်၍ လွှတ်တော်မှ အတည် ပြုခဲ့ပါသည်။

(ဋ) ဦးယော်ဒီဒွေ့ ပူတာအိုမှ မေးမြန်းခဲ့သည့် ဆွမ်ပရာဘွမ်နှင့် ပူတာအိုကြား မော်တော်ကား လမ်းကို ရာသီမရွေးသွားလာနိုင်ရန် မည်သို့စီမံထားကြောင်း သိလိုသည့် မေးခွန်းနှင့် ပတ်သက်၍ လွှတ်တော်မှ အတည်ပြုခဲ့ပါသည်။

(ဌ) ဦးစိုင်းလှကျော်၊ လင်းခေးမှ မေးမြန်းခဲ့သည့် လွတ်ငြိမ်းချမ်းသာခွင့် မေးခွန်းနှင့် ပတ်သက်၍ အကျဉ်းသားလွတ်ငြိမ်းချမ်းသာခွင့်အတွက် နိုင်ငံတော်သမ္မတအား ထောက်ခံချက်ပေးမည့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီကို ဖွဲ့စည်း ရခြင်းမရှိသေးပါကြောင်းနှင့် အစိုးရသစ်တာဝန်ယူသော အချိန်ကာလရောက်မှ ဆောင်ရွက်ရမည့်ကိစ္စကို လွှတ်တော်မှ အတည်ပြုခဲ့ပါသည်။

(ဍ) ဦးမောင်ညို၊ စစ်တွေမှ မေးမြန်းခဲ့သည့် စစ်တွေမြို့ သောက်သုံးရေပေးရေးစီမံကိန်းနဲ့ ပတ်သက်၍ စစ်တွေမြို့နယ်မှ နှစ်စဉ်ကောက်ခံရရှိသည့် အခွန်အခမှာ နည်းပါး၍ နိုင်ငံတော်မှ နှစ်စဉ်ထောက်ပံ့ငွေဖြင့် မြို့ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်နေ ကြောင်း ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ရန်ပုံငွေဖြင့် သောက်သုံးရေဖူလုံရေးနှင့် မြို့ရေပေးဝေရေးအတွက် တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း လွှတ်တော်မှ သဘောတူအတည်ပြုခဲ့ပါ သည်။

အထက်အပိုဒ် ၆ နှင့် ၇ ပါ အဆိုများ၊ မေးခွန်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ပြည်ထောင်စု အဖွဲ့အစည်းများမှ သက်ဆိုင်ရာအဖွဲ့အစည်းအလိုက် ဆောင်ရွက်မှုအခြေအနေများအား နောက်ဆက် တွဲ(က)ဖြင့် တင်ပြထားပါသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးတွင် အဆို ၄ ခုနှင့် မေးခွန်း ၁၃ ခုတို့အား ဆက်လက်ဆောင်ရွက်ရန်လုပ်ငန်းအဖြစ် ကော်မတီမှတွေ့ရှိရသဖြင့် သက်ဆိုင်ရာ ပြည်ထောင်စု အဖွဲ့ အစည်းဝင်များမှ ဆောင်ရွက်ထားမှုအခြေအနေများအား အထက်တွင်ဖော်ပြထားခဲ့သည့်အတိုင်း အစီရင်ခံအပ်ပါသည်-

နောက်ဆက်တွဲ (က) ဦးဖေသန်းမေးခွန်းနှင့် ပတ်သက်၍ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အောက်ပါအတိုင်း ပြန်လည်ဖြေကြားခဲ့ပါသည်-

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ရေမြေ အနေအထားအရ မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေးစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားမှုများနိုင်သော အနေအထားရှိပြီး အဆိုပါဘေးများကို ရင်ဆိုင်တုန့်ပြန်ဖြေရှင်း ပေးခဲ့ရသည့် ဖြစ်စဉ်များလည်း တွေ့ကြုံခဲ့ရပြီးဖြစ်ပါသည်။

(၂) မြန်မာနိုင်ငံတွင် သဘာဝဘေးများ ဖြစ်ပွားလာသည့်အခါ ထိရောက်စွာ ရင်ဆိုင်ဖြေရှင်း နိုင်ရန် သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုအတွက် တည်မြဲအမိန့်ကို ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့ပြီး အဆိုပါတည်မြဲအမိန့်တွင် သဘာဝဘေးများ ဖြစ်ပွား လာသည့်အခါ ရင်ဆိုင်ဖြေရှင်းရန်အတွက် နိုင်ငံတော်အဆင့်မှ ဆောင်ရွက်ရန်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်မှ ဆောင်ရွက်ရန် အခြေအနေများအား အောက်ပါ အတိုင်း သတ်မှတ်ထားပြီးဖြစ်ပါသည် -

(၁) သဘာဝဘေးအန္တရာယ် ကျရောက်မှုအရွယ်အစားအရ သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီးအသီးသီးအနေဖြင့် အဓိကအခန်းကဏ္ဍမှ ဖြေရှင်းဆောင်ရွက် နိုင်ပြီး ဗဟိုမှပံ့ပိုးကူညီမှုသာ ဆောင်ရွက်ပေးရသည့်အခြေအနေ ၊

(၂) သဘာဝဘေး ကျရောက်မှုအရွယ်အစား ကြီးမားပြီး ပျက်စီးဆုံးရှုံးမှုများပြား သဖြင့် ဗဟိုက အဓိကအခန်းကဏ္ဍမှ တာဝန်ယူစီမံကွပ်ကဲလုပ်ကိုင်ရလျက် ပြည်နယ်/တိုင်း ဒေသကြီးအသီးသီးတို့မှ ပံ့ပိုးကူညီ ဆောင်ရွက်ထားရသည့် အခြေအနေ၊

**ဂီရိမုန်တိုင်းဘေး ဆောင်ရွက်ပေးမှုအခြေအနေများ**

(၃) ၂၀၁၀ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့တွင် ဆိုင်ကလုန်းမုန်တိုင်း “ဂီရိ” ကြောင့် ရခိုင်ပြည်နယ်အတွင်း မြို့နယ်အချို့နှင့် ကုန်းတွင်းပိုင်းတိုင်းဒေသကြီး အချို့တွင် အိုးအိမ်အဆောက်အဦ ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရပါသည်။

(၄) နိုင်ငံတော်ဝန်ကြီးချုပ်(ယခုနိုင်ငံတော်သမ္မတ)နှင့်အတူ အစိုးရအဖွဲ့ဝင်ဝန်ကြီး များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် လေဘေးသင့်ဒေသသို့ နှစ်ကြိမ် သွားရောက်ခဲ့ပြီး လေဘေးသင့်ပြည်သူများအား အားပေးစကား ပြောကြားခြင်း၊ လိုအပ်သည့်ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ထောက်ပံ့ငွေစုစုပေါင်းမှာ ကျပ် (၆၀၆.၄၄) သန်း၊ အမေရိကန်ဒေါ်လာ

(၀.၃၅၅)သန်း၊ FEC(၅၅၀၀၀)နှင့် ကယ်ဆယ်ရေးပစ္စည်းမျိုးစုံ တန်ဖိုး (၃၁၈.၉၇)သန်း ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

(၅) လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီး လက်ထက်တွင်(၁)ကြိမ်၊ ပြည်ထောင်စုဝန်ကြီးလက်ထက်တွင် ၁ ကြိမ် လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခြင်း၊ ဆန်ရိက္ခာငွေများ ပေးအပ်ခြင်း၊ သေဆုံးသူများအတွက် ထောက်ပံ့ငွေ ပေးအပ် ခြင်း၊ လယ်သမားတာ(ကာရီ)များပြုပြင်ခြင်း၊ မျိုးစပါးကြိုတင်ငွေ ထုတ်ပေးခြင်း အတွက် စုစုပေါင်း ကျပ် (၄၀၅.၀၅)သန်းထောက်ပံ့ပေး ခဲ့ပါသည်။

(၆) ဂီရိမုန်တိုင်းဘေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် INGO နှင့် NGO များမှ ပါဝင်ဆောင်ရွက်ပေးလျက်ရှိပြီး လက်ရှိကာလတွင်UN-HABITAT မှ မြေပုံ၊ ကျောက်ဖြူ၊ မင်းပြားနှင့် ပေါက်တောမြို့နယ်များတွင် နေအိမ် (၅၅၀) လုံး International (IMO) မှ ပေါက်တောမြို့နယ်တွင် နေအိမ် (၃၀၀)လုံး Solidarties အဖွဲ့မှ မြေပုံမြို့နယ်တွင်နေအိမ် ၄၂၀ လုံးတို့ကို ဆောက်လုပ်ပေး လျက်ရှိပါသည်။

**ရှမ်းပြည်နယ် တာလေ ငလျင်ဘေး ဆောင်ရွက်ပေးမှုအခြေအနေ**

(၇) နိုင်ငံတော်ဒုတိယသမ္မတ(၂)နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိ သူများလိုက်ပါလျက် တာလေငလျင်ဘေးသင့်ဒေသများသို့ ၂ ကြိမ် သွားရောက်ခဲ့ပြီး ငလျင်ဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး အားပေးစကားပြောကြားခြင်း၊ လိုအပ်သည်များ ဖြည့်ဆည်း ပေးခြင်း၊ လမ်းညွှန်မှာကြားခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ တာလေငလျင်ဘေး အတွက် ထောက်ပံ့ငွေစုစုပေါင်း ကျပ်(၁၀၈၉.၇၂) သန်း၊ အမေရိကန်ဒေါ်လာ (၀.၇၅)သန်း၊ FEC (၆၀၀၀၁.၄၈)နှင့် စုစုပေါင်းကျပ် (၂၀၅၄.၅၇၉)သန်း တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းမျိုးစုံ ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

(၈) ထို့အပြင် ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအား ပြန်လည်ထူထောင် ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးကော်မတီကို လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ

ချထားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ခေါင်းဆောင်သော ၁၉ ဦးပါအဖွဲ့ဖြင့် ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါသည်။

**၂၀၁၁ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ရေဘေးဖြစ်ပွားမှုတွင် ဆောင်ရွက်ပေးမှု အခြေအနေ**

(၉) ၂၀၁၁ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လများတွင် ရေဘေးဖြစ်ပွားခဲ့ရာ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ်များသို့ နိုင်ငံတော်သမ္မတမှ သွားရောက်၍ ရေဘေးသင့် ပြည်သူများအား အားပေးစကားများပြောကြားပြီး ပြည်နယ်/တိုင်း ဒေသကြီးတစ်ခုလျှင် ၁၀ သန်းနှုန်းဖြင့် ပြည်နယ်/ တိုင်းဒေသကြီး ၃ ခုအတွက် ကျပ် ၃၀ သန်းအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများ၏ လှူဒါန်းငွေကျပ် ၂၁ သန်းအားလည်းကောင်း၊ ဆန်ရိက္ခာအတွက် (၂.၈၃၉)သန်း အပါအဝင် စုစုပေါင်းကျပ် (၅၃.၈၃၉)သန်းနှင့် ကျပ် (၃၁.၄၃၉) သန်းတန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းမျိုးစုံ ထောက်ပံ့ပေးခဲ့ပါသည်။

(၁၀) နိုင်ငံတော်ဒုတိယသမ္မတ(၁)သည် ရေဘေးဖြစ်ပွားရာ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်များသို့သွားရောက်၍ ရေဘေးသင့်ပြည်သူများအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၏ လှူဒါန်းငွေအပါအဝင် စုစုပေါင်းကျပ် (၄၁.၆၆)သန်းနှင့် အခြားကယ်ဆယ်ရေးပစ္စည်းမျိုးစုံ တန်ဖိုးကျပ် (၁၈.၁) သန်းအားထောက်ပံ့ပေးခဲ့ပါသည်။

(၁၁) အခြား ပြည်နယ်/တိုင်းဒေသကြီးများတွင် ဖြစ်ပွားခဲ့သော ရေဘေးသင့်ပြည်သူများအတွက် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စိစစ်တင်ပြချက်အရ ကယ်ဆယ်ရေးပစ္စည်းများနှင့် ဆန်၊ ရိက္ခာငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့မှ အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးခဲ့ပါတယ်။

(၁၂) ရေဘေးဖြစ်ပွားမှုအတွက် စုစုပေါင်းထောက်ပံ့မှုတန်ဖိုးမှာ ၂၃.၅၉၉ သန်းနှင့် ကယ်ဆယ်ရေးနှင့်ပစ္စည်းမျိုးစုံတန်ဖိုး ၄၆.၄၃၉ သန်း ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

(၁၃) သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ပြည်နယ်/တိုင်းဒေသကြီးတစ်ခုခုတွင်သဘာဝဘေးအန္တရာယ်များကျရောက်ပါကပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်တို့ဖြင့် ပြည်သူလူထုအား ကူညီထောက်ပံ့ပေးလျက်ရှိပါကြောင်း အမြန်ဆုံးထိရောက်စွာ ဆောင်ရွက်ရန်အဆင့်

၂ ဖြင့် သတ်မှတ်ဆောင်ရွက်လျက်ရှိပါသဖြင့် ပြည်ထောင်စုဝန်ကြီး ဌာန၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ပြင်ဆင်ရေး၊ ကူညီထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကဏ္ဍများတွင် ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်ညှိနှိုင်းလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒါအဆို(၁)ပါ။

အဆို(၂)ကတော့ **ဦးထွန်းမြင့်ဦး(မိုင်းပန်မဲဆန္ဒနယ်)**ရဲ့အဆိုဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ သန်းခေါင်စာရင်းနဲ့ပတ်သက်ပြီးတော့ လူဝန်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အောက်ပါအတိုင်း ဖြေကြားခဲ့ပါတယ်-

(၁) ယခုအခါပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူနိုင်ရန်အတွက် ဌာနတွင်း ကြိုတင်လုပ်ငန်းညှိနှိုင်းဆောင်ရွက်မှုများပြုလုပ်ခြင်း၊ ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းကာလအတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသည့် အတွေ့အကြုံရှိ ဝန်ထမ်းဟောင်းများနှင့် ဆွေးနွေးခြင်း၊ ကုလသမဂ္ဂကမ္ဘာ့လူဦးရေရန်ပုံငွေအဖွဲ့ UNFPA မှ ကိုယ်စားလှယ်များနှင့် အလွတ်သဘောဆွေးနွေးခြင်းပြုလုပ်၍ လုပ်ငန်းစီမံချက် (မူကြမ်း)ရေးဆွဲထားရှိပြီး ကြိုတင်ဆောင်ရွက်နိုင်သမျှသော လုပ်ငန်းများအားဆောင်ရွက်လျက် ရှိပါသည်။

(၂) လုပ်ငန်းစီမံချက်အရ လုပ်ငန်းပမာဏပေါ်မူတည်၍ အောက်ပါအတိုင်း အဆင့်(၄)ဆင့်ဖြင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း၊ ၂-၅-၂၀၁၁ရက်နေ့မှ ၃၁-၃-၂၀၁၃ ခုနှစ်အထိ စုစုပေါင်း(၂၃)လ၊ အဲဒီကာလမှာ

(ခ) စာရင်းကောက်ခြင်းလုပ်ငန်း၊ ၁-၄-၂၀၁၃မှ ၃၀-၄-၂၀၁၃အထိ စုစုပေါင်း (၁လ)၊

(ဂ) စာရင်းပြုလုပ်ငန်း၊ ၂-၅-၂၀၁၃မှ ၁၅-၁၀-၂၀၁၄အထိ စုစုပေါင်း (၁၇လ ၁၅ရက်)၊

(ဃ) ဆန်းစစ်ခြင်း၊ အစီရင်ခံစာပြုစုထုတ်ပြန်ခြင်းလုပ်ငန်း ၁၆-၁၀-၂၀၁၄မှ ၂၁-၁၂-၂၀၁၄ အထိစုစုပေါင်း( ၂ လနှင့် ၇ ရက်)။

(၃) အထက်အပိုဒ်ပါ အဆင့်(၄)ဆင့်ဖြင့် ဆောင်ရွက်ရာတွင် အောက်ပါလုပ်ငန်းစဉ်(၁၀)ရပ်အားဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

(က) အခြေခံဒေသစာရင်းပြုစုခြင်း၊

(ခ) မြေပုံရေးဆွဲခြင်း၊

(ဂ) မေးခွန်းပုံစံနှင့်လက်စွဲစာစောင်များပြုစုခြင်း၊

(ဃ) သန်းခေါင်စာရင်းကော်မရှင်နှင့်ကော်မတီအဆင့်ဆင့်ဖွဲ့စည်းခြင်း၊

(င) ပုံစံများပုံနှိပ်ခြင်းနှင့်ဖြန့်ဝေခြင်း၊

(စ) စာရင်းစစ်၊စာရင်းကောက်များခန့်ထားခြင်းနှင့်စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်း၊

(ဆ) သတင်းနှင့်ပြန်ကြားရေးလုပ်ငန်း၊

(ဇ) စာရင်းကောက်လုပ်ငန်း၊

(ဈ) စာရင်းပြုလုပ်ငန်း၊

(ည) ဆန်းစစ်ခြင်းနှင့်အစီရင်ခံစာပြုစုထုတ်ပြန်ခြင်းလုပ်ငန်း၊

(၄) ဆောင်ရွက်မည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းတွင် အခြေခံရမည့် လူဦးရေ၊ အိမ်ထောင်စု၊ စာရင်းကောက်ကွက်၊ မေးခွန်းပုံစံစာရင်းကောက်ဦးရေ၊ စာရင်းစစ်ဦးရေ၊ မြေပုံရေးဆွဲခြင်းတို့အပါအဝင် ဆောင်ရွက်ရမည့်လုပ်ငန်းအဆင့်ဆင့်အတွက် ကုန်ကျနိုင်မည့်ငွေကြေးပမာဏ (၄၅၄၃.၄၅)သန်းအား တွက်ချက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့တင်ပြထားပြီးဖြစ်ပါသည်။

(၅) ယခုအခါ ပထမအဆင့်ဖြစ်သော ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများအဖြစ် ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများကိုအခြေခံသော ပြည်နယ်/တိုင်းဒေသကြီးအလိုက် အခြေခံဒေသလူဦးရေ စာရင်းကောက်ယူရေးအတွက် မြေပုံရေးဆွဲရန် ပြင်ဆင်ခြင်းလုပ်ငန်းများအား လုပ်ငန်းစီမံချက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်။

အဆို(၃)**ဦးပွင့်ဆန်း(မရမ်းကုန်းမဲဆန္ဒနယ်)** ရဲ့မေးခွန်း လူမှုဖူလုံရေးဥပဒေတစ်ရပ် အလုပ်သမားဝန်ကြီးဌာနမှ အောက်ပါအတိုင်း ပြန်လည်ဖြေကြားခဲ့ပါသည်-

နိုင်ငံတကာအဆင့်မီ လူမှုဖူလုံရေးဥပဒေသစ် (မူကြမ်း) တစ်ရပ်ရေးဆွဲပြီး ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေးရန် လိုအပ်သော အစီအစဉ်များကို ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာနသည် နိုင်ငံတကာစံများနှင့် ကိုက်ညီစေရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်သူဥပဒေပညာရှင်များနှင့် ညှိနှိုင်းဆွေးနွေးပြီး ပြုစုရေးသားခဲ့သော ၂၀၁၁ ခုနှစ်၊ လူမှုဖူလုံရေး ဥပဒေ(မူကြမ်း)အား လိုအပ်သလို

စိစစ်ဆောင်ရွက်ပေးနိုင်ရန် ၂၃-၆-၂၀၁၁ ရက်နေ့တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ခဲ့ရာ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ၂၅-၇-၂၀၁၁ရက်နေ့တွင် စိစစ်ပြန်ကြားလာပါသည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ စိစစ်အကြံပြုချက်နှင့်အညီ ဖြည့်စွက်ပြုစုထားသော အဆိုပါ ဥပဒေ (မူကြမ်း) အား ၁၅-၈-၂၀၁၁ ရက်နေ့တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပြန်လည်တင်ပြထားပါသည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အတည်ပြုပြီးပါက လွှတ်တော်သို့ ဆက်လက်တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းတင်ပြထားပါသည်။

အဆို(၄)**ဦးတင်မောင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)**ရဲ့အဆိုဖြစ်ပါတယ်။အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရေးနှင့် လုပ်ငန်းခွင်အေးချမ်းသာယာရေးဥပဒေ(မူကြမ်း)နှင့်ပတ်သက်ပြီးတော့ အလုပ်သမားဝန်ကြီးဌာနမှ အောက်ပါအတိုင်းဖြေကြားခဲ့ပါတယ်-

(၁) အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရေးလုပ်ငန်းခွင် အေးချမ်းသာယာရေးနှင့် အလုပ်သမားများကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဥပဒေ(မူကြမ်း)တစ်ရပ်ကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ တင်သွင်းနိုင်ရန် လိုအပ်သောအစီအစဉ်များ ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဥပဒေအကြံပေးများ၊ ကျွမ်းကျင်သူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နှင့် အင်ဂျင်နီယာအသင်းတို့ဖြင့် ညှိနှိုင်းဆွေးနွေးပြီး ပြုစုရေးသားခဲ့သော အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ(မူကြမ်း)အား လိုအပ်သလို စိစစ်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ၁၆-၅-၂၀၁၁ ရက်နေ့တွင် ပေးပို့၍ စိစစ်ဆဲဖြစ်ပါသည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ စိစစ်အကြံပြုချက်ရရှိ ပါက အကြံပြုချက်များနှင့်အညီ ဖြည့်စွက်ပြုစုပြီး အဆိုပါဥပဒေ(မူကြမ်း)အား ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ထပ်မံပေးပို့ပါမည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ စိစစ်အတည်ပြုချက်ရပြီးပါက လွှတ်တော်သို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

အခုကျွန်တော်တင်ပြသွားမှာကတော့ နောက်ဆက်တွဲ(ခ)မှာပါတဲ့ မေးခွန်းတွေနဲ့ပတ်သက်ပြီးတော့ ပထမဆုံး **ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ဖြေကြားချက် ဖြစ်ပါတယ်-

(၁) ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ၃၀-၆-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၆/၂၀၁၁ ဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ပင်စင်လစာများအား လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ အငြိမ်းစားယူပါက ရရှိမည့်ပင်စင်ခံစားခွင့်အတိုင်း ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ပင်စင်လစာမှစ၍ တိုးမြှင့်ခံစားခွင့်ပြုပြီးဖြစ်ပါသည်။

(၂) ထို့အပြင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ၃၀-၆-၂၀၁၁ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၇/၂၀၁၁ ဖြင့် နိုင်ငံရေးပင်စင်လစာများအား ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ပင်စင်လစာမှစ၍ တိုးမြှင့်ခံစားခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

(၃) နိုင်ငံ့ဝန်ထမ်းများ၏ လစာတိုးမြှင့်ရေးအား ငွေကြေးဖောင်းပွမှုနှုန်း၊ နိုင်ငံတော်အတွင်း လှည့်ပတ်သုံးစွဲငွေနှင့် တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး၊ ပတ်ဝန်းကျင်နိုင်ငံများ၏ ငွေကြေးအခြေအနေများနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတို့ကို အခြေခံ၍ အထက်ပါအချက်များကိုသုံးသပ်ပြီး သင့်လျော်သော အချိန်အခါတွင် ဆောင်ရွက်ပေးရန်ရှိကြောင်း ပြန်ကြားလာပါတယ်။

နံပါတ်(၂)**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**ရဲ့မေးမြန်းချက် အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးမူဝါဒ SMPolicyကိုချမှတ်ပြဋ္ဌာန်းနိုင်ရန်အတွက် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် သက်ဆိုင်သည့်ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်း အသင်းအဖွဲ့များ ပူးပေါင်းညှိနှိုင်းရေးဆွဲလျက်ရှိပါသည်။

အထက်ပါမူဝါဒနှင့် တစ်ဆက်တည်းဖြစ်သော မြန်မာ့စက်မှုလုပ်ငန်းမူဝါဒကိုလည်း ချမှတ်ပြဋ္ဌာန်းနိုင်ရေးအတွက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှပင် ဆက်လက်ရေးဆွဲသွားပါမည်။

ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ၊ ဘွိုင်လာဥပဒေနှင့် လျှပ်စစ်ဥပဒေတို့ကိုလည်း နောက်ဆုံးအခြေအနေ နှင့်ကိုက်ညီအောင် အမှတ်(၁)စက်မှုဝန်ကြီးဌာနမှပင် ပြင်ဆင်ရေးဆွဲလျက်ရှိပါကြောင်း ဖြေကြားထားပါသည်။

**ဦးအောင်သိန်း(ရှောင်မဲဆန္ဒနယ်)**ရဲ့မေးခွန်းနဲ့ပတ်သက်လို့ ယခုအခါ ဓာတ်အားပို့လွှတ်ပေးနိုင်မည့်အခြေအနေ၊ ဓာတ်အားလိုင်းများ ဆွဲနိုင်မည့်အခြေအနေများပေါ်မူတည်၍ ကလောမြို့ရှိ ၁၃၂ ကေဗွီ ပင်မဓာတ်အားခွဲရုံမှတစ်ဆင့် ၆၆ ကေဗွီဓာတ်အားလိုင်း(၂၁.၇၃)မိုင် တည်ဆောက်ပြီး ပင်းတယမြို့သို့ ပို့လွှတ်သွားရန်နှင့် ပင်းတယမြို့တွင် ၆၆/၃၃ ကေဗွီ၊ ၅အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံနှင့် ၆၆/၁၁ကေဗွီ၊ ၂.၅အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံတို့ကို တည်ဆောက်ရန်

စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ၆၆နှင့် ၃၃ ကေဗွီ ဓာတ်အားလိုင်းတည်ဆောက်ရန် ဆာဗေး ပြုလုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ပါသည်။ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းပစ္စည်းများ ဝယ်ယူရေးအတွက် တင်ဒါခေါ်ယူပြီး ဖြစ်ပါသည်။ ဓာတ်အားခွဲရုံမြေနေရာများကိုလည်း ရွေးချယ်ထားပြီးဖြစ်ပါသည်။

**ဦးအောင်သိန်း(ရွာငံမဲဆန္ဒနယ်)**ကပင် နောက်ထပ်မေးခွန်းတစ်ခုနှင့်ပတ်သက်၍ ပင်းတယမြို့ ၆၆/၃၃ ကေဗွီ(၅)အမ်ဗွီအေ ဓာတ်အားခွဲရုံမှတစ်ဆင့် ရွာငံသို့ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၃၈ မိုင် တည်ဆောက်ဓာတ်အားပို့လွှတ်ပြီး ရွာငံမြို့တွင် ၃၃/၁၁ ကေဗွီ (၅)အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ရန် စီစဉ်လျက်ရှိပါသည်။ ၆၆နှင့် ၃၃ ကေဗွီ ဓာတ်အားလိုင်းတည်ဆောက်ရန် ဆာဗေး ပြုလုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ပါသည်။ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းပစ္စည်းများ ဝယ်ယူရေးအတွက် တင်ဒါခေါ်ယူစိစစ်ဆဲ ဖြစ်ပါသည်။ ဓာတ်အားခွဲရုံမြေနေရာများကို လည်း ရွေးချယ်ထားပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါ သည်။

**ဦးနယ်လ်ဆင်(ကျောက်မဲမဲဆန္ဒနယ်)**ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် လစ်လပ်သော လွှတ်တော်ကိုယ်စားလှယ်နေရာများတွင် အစားထိုးရွေးကောက် တင်မြှောက်နိုင်ရန်အတွက် လွှတ်တော်အသီးသီးက လွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ အကြောင်းကြားချက်အရ လစ်လပ်မဲဆန္ဒနယ်စာရင်းများကို ပြုစုထားပြီး ဖြစ်ပါသည်။ ထိုမဲဆန္ဒနယ် များတွင် ကြားဖြတ်ရွေးကောက်ပွဲများကျင်းပနိုင်ရန် မူလမဲစာရင်းကို အခြေပြုပြီး နောက်ဆုံး အခြေအနေနှင့် ကိုက်ညီ မှန်ကန်အောင် မဲစာရင်းများ ပြုစုထားကြရန်နှင့် မဲရုံ/မဲပုံး အစရှိသည့် ရွေးကောက်ပွဲအတွက် လိုအပ်သောကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ထားကြရန် သက်ဆိုင် ရာ ကော်မရှင်အဖွဲ့ခွဲ အသီးသီးသို့ ညွှန်ကြားထားပြီးဖြစ်ပါသည်။

သို့ပါ၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်ကို သတ်မှတ်ဆုံးဖြတ်ပြီးပါက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကို စနစ်တကျ ကျင်းပပေးသွားမည်ဖြစ်ပါကြောင်း ကော်မရှင်က ပြန်ကြားထား ပါသည်။

**ဦးအောင်စိန်သာ(မင်းပြားမဲဆန္ဒနယ်)**မေးခွန်းနှင့်ပတ်သက်လို့ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဘဏ္ဍာရေး နှစ်တွင် ရန်ပုံငွေ (၉၄.၈၇) သန်းအကုန်အကျခံ၍ အောက်ပါလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်-

(၁) သစ်သားပိုင်တိုင် အသုံးပြုကျောက်စီမြေထိန်းနံရံ (၅၀)ပေ

(၂) ကျောက်ဖြည့် သံဇကာခြင်းအသုံးပြုကျောက်စီမြေထိန်းတမံ(၂၄၀)ပေ

(၃) မျှောတိုင်နှင့် သဲအိတ်အသုံးပြုကျောက်စီရေလွှဲရေကာ(၁၅၀)ပေ

**ဦးပိုက်လင်း(ပလက်ဝမဲဆန္ဒနယ်)**ရဲ့မေးမြန်းချက်နှင့်ပတ်သက်ပြီး ဖြေကြားချက်ဖြစ်ပါသည်။ တောင်ပြိုပိတ်ဆို့ခဲ့သည့် ရေလမ်းနေရာသို့ ၆-၄-၂၀၁၁ရက်နေ့တွင် ကျွမ်းကျင်ပညာရှင်အဖွဲ့စေလွှတ်ပြီးကွင်းဆင်းစစ်ဆေးတိုင်းတာခဲ့ပါသည်။ ကွင်းဆင်းစစ်ဆေးချက်အရ မြစ်၏အကျယ် ၂၄၀ မီတာရှိသည့်အနက် ၁၂၀ မီတာအထိ၊ အလျား ၄၅၀ မီတာအရှည်ထိ ကျောက်တုံးများ ပိတ်ဆို့ခဲ့ ပါသည်။ ရေနည်းချိန် လက်ရှိဖြတ်သန်းနေသော ရေလမ်းကြောင်းဝဲယာရှင်းလင်းရန် ခန့်မှန်း တွက်ချက်မှုတန်ဖိုး (၁၄၄)သန်း နှင့်တောင်ပြိုသောင်ခုံ ကျောက်များရှင်းလင်းရန်အတွက် (၁၄၈.၅၀၀၀၀၀)တို့ကို အကုန်အကျခံပြီး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မိုင်းခွဲ၍ ရေလမ်းကြောင်းရှင်းလင်းသည့် နည်းလမ်းမှာ မသင့်ကြောင်းတွေ့ရှိရပြီး၊ ရေလမ်းကြောင်း(အစား) ကားလမ်းတည်ဆောက်ပေးခြင်းသာ ပိုမိုသင့်လျော်ပါသည်။ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံသဘောတူညီမှုဖြင့် ဆောင်ရွက်လျက်ရှိသော ကုလားတန်မြစ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ ပလက်ဝမှ စက်ပြစ်ပြင်အထိ တောင်ပြိုရေလမ်းကြောင်း၏ အရှေ့ဘက်ကမ်းမှ ကားလမ်းဖောက်လုပ်မည့် အစီအမံထည့်သွင်းထားပါသည် ဆိုပြီးတော့ ပို့ဆောင်ရေးဝန်ကြီးဌာနက ဖြေကြားသွားတာဖြစ်ပါတယ်။

**ဦးအောင်သိန်း(ရွှာငံမဲဆန္ဒနယ်)**ရဲ့မေးခွန်း၊ အောင်ပန်း-ဟန်မြင့်မိုရ်လမ်း အဆင့်မြှင့်တင်ရေးနှင့် ပတ်သက်ပြီးတော့ ဟန်မြင့်မိုရ်မှ အောင်ပန်းအထိ ၈၉မိုင်၆ဖာလုံ အရှည်ရှိသည့်အနက် ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေရရှိသည့် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေအရ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် လမ်းပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုမှာ -

(က) ကတ္တရာလမ်းနှင့် နိမ့်ကျွံချိုင့်ခွက်ကြီးများဖာထေးပြုပြင်ခြင်း ၁၈မိုင်၆ဖာလုံ၊ (မိုင်တိုင် ၁၈မှ ၂၅အထိ ၇မိုင်၊ မိုင်တိုင် ၅၂/၆ ဖာလုံမှ ၅၈ ထိ ၅ မိုင်၂ဖာလုံ၊ မိုင်တိုင် ၆ မိုင် ၁ ဖာလုံ မှ ၆၇/၄ ထိ ၆ မိုင် ၄ ဖာလုံ)၊

(ခ) မြင့်တက်နေသောလမ်းပုခုံးများ မြေညှိစက်ဖြင့်ထိုးညှိခြင်း၊ ၇ မိုင်(မိုင်တိုင် ၅၂ မှ ၅၉ )ထိ

**ဦးကျော်စိုးလေး(မိုးညှင်းမဲဆန္ဒနယ်)**မေးမြန်းသည့် ရွှေဘို-မြစ်ကြီးနားလမ်းနှင့်ပတ်သက်၍-

(၁) မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်း၏ ရွှေဘို-မြစ်ကြီးနားအပိုင်းသည် ၂၈၉ မိုင်ရှည်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအပိုင်းတွင် ၁၄၀ မိုင်၊ ကချင်ပြည်နယ်တွင် ၁၄၉မိုင်ပါဝင်ပါသည်။

(၂) ၁၄၀ မိုင်ရှည်သော စစ်ကိုင်းတိုင်းဒေသကြီးအပိုင်းတွင် -

(က) ရွှေဘိုခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်သည့် ကုမ္ပဏီ(၄)ခုဖြင့်အောက်ပါလုပ်ငန်းများကို ၂၄ မိုင်၄ဖာလုံ အထိ ဆောင်ရွက်ပြီးဖြစ်ပါသည်။

(၁) လမ်းဘေးဝဲယာတောရှင်းခြင်း၊

(၂) အပေါ်ယံမြေလွှာဖယ်ရှားခြင်း၊

(၃) ၄၀ပေ အကျယ်မြေသားတာဘောင်ချဲ့ခြင်း၊

(၄) လမ်းဘေးရေမြောင်းတူးခြင်း၊

(ခ) ကသာခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်သည့် ကုမ္ပဏီ(၈)ဖွဲ့ဖြင့် အောက်ပါလုပ်ငန်းများကို ၃၇မိုင်၆ဖာလုံထိဆောင်ရွက်ပြီးဖြစ်ပါတယ်။

(၁) လမ်းဘေးဝဲယာတောရှင်းခြင်း၊

(၂) အပေါ်ယံမြေလွှာဖယ်ရှားခြင်း၊

(၃) ၄၀ပေ အကျယ်မြေသားတာဘောင်ချဲ့ခြင်း၊

(၄) လမ်းဘေးရေမြောင်းတူးခြင်း၊

(၃) ၁၄၉ မိုင်ရှည်သော ကချင်ပြည်နယ်အပိုင်းအတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ကုမ္ပဏီနှစ်ခုတို့၏ဆောင်ရွက်ပြီးစီးမှုများမှာ -

(က) ကျောက်ချောလမ်းခင်းခြင်း ၅၃ မိုင် ၃ဖာလုံ

(ခ) ကတ္တရာလမ်းပေါက်ဖာထေးခြင်း ၉ မိုင်

(ဂ) ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၈မိုင်၇ဖာလုံ

(ဃ) လမ်းအကျယ်၂၅ပေမှ ၄၀ပေချဲ့ခြင်း ၃၂မိုင်

(င) အမာခံလမ်းခင်းခြင်း ၃၂မိုင်

(စ) သစ်သား/ဘေလီတံတားတည်ဆောက်ခြင်း ၅၄စင်း

(ဆ) ကွန်ကရစ်တံတားတည်ဆောက်ခြင်း ၇စင်း

(ဇ) ကွန်ကရစ်ရေပြွန်ပြုပြင်ခြင်း ၉စင်းတို့ ဖြစ်ပါသည်။

(၄) ခိုင်မာသောပန်းတိုင်ဆောက်လုပ်ရေးကုမ္ပဏီသည် BOT စနစ်ဖြင့် ဆောင်ရွက်နေသော ကချင်ပြည်နယ်အပိုင်း မိုင်တိုင်၁၆၈မှ၂၅၇အထိ ၈၉မိုင်အား ၂၅-၃-၂၀၁၁ ရက်နေ့မှ စ၍ ပြန်လည်အပ်နှံခဲ့ရာ တောက်ပကျက်သရေဇာတိမြေ ဆောက်လုပ်ရေးကုမ္ပဏီသို့ လွှဲပြောင်းလုပ်ကိုင်နိုင်ရန် ညှိနှိုင်းဆဲကာလအတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့ ၁၅ နှင့် မိုးညှင်းခရိုင် ပဆင တို့မှ ဆက်လက်တာဝန်ယူ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်ကြားထားပါသည်။

**ဦးထွန်းထွန်း(မံစီမဲဆန္ဒနယ်)**ရဲ့ မေးမြန်းချက်နှင့်ပတ်သက်ပြီး မန္တလေး-ဗန်းမော်လမ်း၊ မန္တလေး-ဗန်းမော်လမ်းနှင့်ပတ်သက်ပြီး အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ပြီးစီးပြီးဖြစ်ပါတယ်-

(က) ကတ္တရာလမ်း ပြုပြင်ခြင်း ၂ မိုင်( မိုင်တိုင် ၃၅၆ မှ ၃၅၈ ထိ )

(ခ) ကျောက်လမ်း ပြုပြင်ခြင်း ၂ မိုင်( မိုင်တိုင် ၃၃၆ မှ ၃၄၈ ထိ )

(ဂ) ဘေလီတံတားပြုပြင်ခြင်း ၂စင်း

(ဃ) သစ်သားတံတားပြုပြင်ခြင်း ၂ စင်း ( ငါးဘတ်ကြီးတံတား ၄/၁၃၅ နှင့် စက္ကလာ တံတား ၁/၁၂ )

ကချင်ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် အောက်ပါအတိုင်းဆောင်ရွက်လျက်ရှိပါသည်-

ကတ္တရာလမ်းပြုပြင်ခြင်း ၁၈ မိုင် ၃ ဖာလုံ၊ ကျောက်လမ်းခင်းခြင်း ၁၅ မိုင်၊ ကျောက်ချောလမ်း အသစ်ခင်းခြင်း ၃ မိုင် ၁/၂ ဖာလုံ၊ ရေစားချောက် ၃ ခု ပြုပြင်ခြင်း၊ ဘေလီ/သစ်သားတံတား ၇ စင်း တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း ၄ စင်း၊ ၂၀ ပေ ၁၀၀ ပေ တံတား ၆ စင်းတည်ဆောက်ခြင်း မန္တလေးတိုင်းဒေသကြီးမှ ကျောက်လမ်းပြုပြင်ခြင်း ၈ မိုင်၊ လမ်းပြင်ဆင်ထိန်းသိမ်းခြင်း ၇ မိုင် ၅ ဖာလုံ၊ တံတားအသစ်တည်ဆောက်ခြင်း ၆ စင်း၊ တံတားများပြုပြင်ခြင်း ၂၄ စင်းတို့ဖြစ်ပါတယ်။

**ဦးယော်ဒီဗွေ့(ပူတာအိုမဲဆန္ဒနယ်)**ရဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့-

(၁) ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ဖြင့် အောက်ပါလုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။

(က) ကတ္တရာခင်းခြင်းလုပ်ငန်း ၂ မိုင် ၂ ဖာလုံ

(ခ) ကျောက်ခင်းခြင်းလုပ်ငန်း ၂၁ မိုင် ၇ ဖာလုံ

(ဂ) အမာခံလမ်းခင်းခြင်း ၁၀ မိုင် ၂ ဖာလုံ

(ဃ) ၃၀ ပေ တာဘောင်ချဲ့ခြင်းလုပ်ငန်း ၉ မိုင် ၁ ဖာလုံ

(င) ကျောက်ရိုးစီရေထုတ်မြောင်းပွဲ့ သစ်သားကြမ်းခင်းကွန်ကရစ်ခင်းခြင်းတံတား ဆောက်လုပ်ခြင်း ၈၄ စင်း

(၂) မြစ်ကြီးနား- ဆွမ်ပရာဘွမ်- ပူတာအိုလမ်းတွင် CPI ကုမ္ပဏီမှ ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်လျက်ရှိရာ မိုင်တိုင် ၁၀ မှ ၂၁/၆ ထိ ၁၁ မိုင် ၆ ဖာလုံအား ၂၄ ပေအကျယ် ကွန်ကရစ်လမ်း တည်ဆောက်ပြီးဖြစ်သည့်အပြင် ၎င်းလမ်းပေါ်တွင် ၄၀ ပေအကျယ် ကွန်ကရစ်တံတား ၂ စင်း၊ ကွန်ကရစ်တံတားနှင့် သုံးလွှာဘေလီ ၁ စင်းတို့ကိုယှဉ်လျက် ၃ စင်း တည်ဆောက်ပြီးဖြစ်ပါသည်။ သုံးလွှာဘေလီတံတား ၂ ခုယှဉ်လျက် ၈ စင်း၊ စုစုပေါင်း ၁၃ စင်း ဆောက်ခဲ့ပြီးဖြစ်ပါသည်။

**ဦးစိုင်းလှကျော်(လင်းခေးမဲဆန္ဒနယ်)**ရဲ့မေးမြန်းချက် လွတ်ငြိမ်းချမ်းသာခွင့်နှင့်ပတ်သက်လို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတသည် ၁၇-၅-၂၀၁၁မတိုင်မီ ကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ယင်းသို့ကျခံနေရသောပြစ်ဒဏ် အသီးသီးအတွက် ၁၆-၅-၂၀၁၁ ရက်နေ့တွင် အမိန့်အမှတ်၊ ၂၈/၂၀၁၁ အရ သေဒဏ်ချမှတ်ခြင်း ခံရသူများအတွက် ထောင်ဒဏ် တစ်သက်သို့လည်းကောင်း၊ ထောင်ဒဏ်ကျခံနေရသူများအား ယင်းတို့အပေါ် သတ်မှတ်ထားသော ထောင်ဒဏ်ကို သာမန်ရရှိပြီးသော လျှော့ပေါ့ရက်များအပြင် တစ်နှစ်ထပ်မံလျှော့ပေါ့ရရှိစေရန် လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အရ သေဒဏ်ကျခံရသူအကျဉ်းသား ( ၆၅၇ )ဦးတို့အား သေဒဏ်ပြစ်ဒဏ်မှ ထောင်တစ်သက်ပြစ်ဒဏ်သို့ ပြောင်းခဲ့ပါသည်။ အကျဉ်းထောင်၊ အလုပ်စခန်းများမှ ၁၇-၅-၂၀၁၁ ရက်နေ့တွင် အကျဉ်းသား(၁၄၇၅၈)ဦးအား လွတ်မြောက်စေခဲ့ပါသည်။ အဆိုပါအမိန့်နှင့် အကျုံးဝင်ပြီး ၁၈-၅-၂၀၁၁ ရက်နေ့မှ ၃၁-၇-၂၀၁၁ ရက်နေ့အထိ အကျဉ်းသားထပ်မံ၍ (၂၈၅၁)ဦး လွတ်မြောက်စေခဲ့ပါသည်။ ၁၇-၅-၂၀၁၁ ရက်နေ့တွင် လွတ်ရက်စေ့မြောက်ခြင်း မရှိသေးသော်လည်း အကျဉ်းသား(၄၁၇၆၇)ဦးတို့အား အထူးလျှော့ရက် တစ်နှစ်ကို ခံစားခွင့်ရရှိစေခဲ့ပါသည်။

နောက်ဆုံး ကျွန်တော်တို့ မေးခွန်းကတော့ ဦးမောင်ညို၊ စစ်တွေမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဖြေကြားချက် ဖြစ်ပါတယ်။ စစ်တွေမြို့ရေတိုးတက်ပေးဝေနိုင်ရေးအတွက် စစ်တွေမြို့၏ မြောက်ဘက် ပေ ၄၂၀၀ အကွာတွင်ရှိသော ဆတ်ရိုးကျချောင်းလက်တက် ကန်ပိုင်ချောင်းအားပိတ်ပြီး မြေသား

တာဘောင် အလျား ၆၄၀၀ ပေ၊ အမြင့် ၁၅ ပေ တည်ဆောက်ခြင်းလုပ်ငန်းအတွက် လုပ်ငန်းကုန်ကျငွေ ကျပ် (၁၉၅၂.၂)သိန်းအား နိုင်ငံတော်မှ ထောက်ပံ့ပေးကာ စစ်တွေမြို့ နယ်စည်ပင် သာယာရေးအဖွဲ့မှ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

လုပ်ငန်းများကို ၇-၅-၂၀၁၁ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၆-၄-၂၀၁၁ ရက်နေ့အထိ မြေသားတာဘောင်အလျား (၆၄၀၀) ပေ၊ အမြင့် ၇ ပေ ၆ လက္မ တည်ဆောက်ပြီး ဖြစ်ပါသည်။ ရေဂါလံ သန်း(၅၀)သိုလှောင်ထားရှိနိုင်ပြီး ၈ လက္မရေပိုက်လိုင်း (၃၈၀၀)ပေ သွယ်တန်း၍ ၅၀ HP ရေတွန်းစက် တစ်လုံးဖြင့် စစ်တွေမြို့၏ ရေပိုက်လိုင်းအဖျားပိုင်းပြီး ရေအားနည်းသည့်မြောက်ပိုင်း ရပ်ကွက် ၇ ခုကျ သို့ရေအားပိုမိုရရှိစေရန် ၂၇-၄-၂၀၁၁ ရက်နေ့မှစတင်၍ တစ်နေ့လျှင် ရေဂါလံ ၁.၄ သိန်းခန့် နေ့စဉ် ဖြန့်ဝေပေးလျက်ရှိပါသည်။

ဆောင်ရွက်ရန် ကျန်မြေသား တာဘောင်အလျား ၆၄၀၀ ပေ၊ အမြင့် ၇ ပေ ၆ လက္မကို ယခုနှစ် မိုးရာသီကုန်ဆုံးချိန်တွင် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ပြီးပါက တစ်နေ့လျှင် ရေဂါလံ ၄ သိန်းခန့် ပေးဝေနိုင်မည်ဖြစ်ပါကြောင်း၊ ဒ့ါအပြင် ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်မှာ ကျွန်တော်တို့ဆီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄ ဦး ကနေပြီးတော့မှ မေးခဲ့တဲ့မေးခွန်း ၄ ခုကို ကျွန်တော် ဆက်လက်ပြီးတော့ နောက်ဆက်တွဲ (ဂ)ဖြင့် တင်ပြသွားမှာ ဖြစ်ပါတယ်။

နံပါတ်(၁)ကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း ကျောင်းကုန်း မဲဆန္ဒနယ်ရဲ့ မေးမြန်းချက်ဖြစ်ပါတယ်။ အဲဒီမေးမြန်းချက်ကို ဖြေကြားချက်ကတော့ ဓာတ်မြေသြဇာနဲ့ လယ်/ဆည် ကနေ ဖြေထားတာဖြစ်ပါတယ်။ ဓာတ်မြေသြဇာများ အရည်အသွေးပြည့်မီရေးအတွက် မြေသြဇာ ကော်မတီနှင့် မြေသြဇာဆိုင်ရာနည်းပညာအဖွဲ့များ ဖွဲ့စည်းကာ မြေသြဇာထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ အောက်ပါအတိုင်း စနစ်တကျ ဆောင်ရွက်လျက်ရှိပါတယ်။

လျှောက်လွှာတွင် ဖော်ပြထားသည့် ပါဝင်မှုအချိုးအစားဖော်ပြချက်အပေါ် သတ်မှတ်ချက် ပြည့်မီမှု ရှိ၊ မရှိကို မြေအသုံးချရေးဌာန၊ ဓာတ်ခွဲခန်းနှင့်ရေဆင်းသုတေသနဦးစီးဌာနတို့တွင် စမ်းသပ်စစ်ဆေးပြီး မြေသြဇာနည်းပညာကော်မတီသို့ တင်ပြပါသည်။ နည်းပညာရှင်များမှ စိစစ်၍ ထောက်ခံသော လျှောက်လွှာများကို ဆက်လက်၍ မြေသြဇာကော်မတီသို့တင်ပြ၍ ထုတ်လုပ်ခွင့်၊ တင်ပို့ခွင့်နှင့် တင်သွင်းခွင့်များကို မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့အထိ မြေသြဇာကော်မတီအစည်းအဝေးကို နဝမ အကြိမ်အထိဆောင်ရွက်ခဲ့ပြီး မြေသြဇာထုတ်လုပ်လျှောက်လွှာ ၂၄၈ စောင်၊ တင်သွင်းလျှောက်လွှာ ၅၇၇ စောင်၊ တင်ပို့လျှောက်လွှာ ၂ စောင်၊ စုစုပေါင်း ၈၂၇ စောင်မှတ်ပုံတင်ခွင့် ပြုခဲ့ပါသည်။ ထို့ပြင် ဦးဆောင်ညွှန်ကြားရေးမှူးမှ ၇-၈-၂၀၁၀ ရက်နေ့စွဲပါစာအမှတ် မြေသြဇာ/ ၂၀၁၀( ၃၇၃ )ဖြင့် ပြည်နယ် တိုင်းဒေသကြီးများအလိုက် မြေသြဇာစစ်ဆေးရေးအဖွဲ့များအား ဖွဲ့စည်းတာဝန်ပေးပြီး မိမိတို့ နယ်မြေအတွင်း မြေသြဇာအရောင်းဆိုင်များအား စစ်ဆေးခြင်း၊ ပညာပေးဆွေးနွေးခြင်းနှင့် နမူနာရယူခြင်းများဆောင်ရွက်လျက်ရှိပြီး ယနေ့အထိ မြေသြဇာအတုအပကိစ္စနှင့် ပတ်သက်၍ တိုင်ကြားမှုမရှိသေးပါကြောင်းဖြေကြားထားပါတယ်။

နောက်တစ်ခုကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေ(ဒိုက်ဦး)ရဲ့မေးမြန်းချက်နဲ့ ပတ်သက်ပြီးတော့ လယ်/ဆည်ကပဲ ကျွန်တော်တို့ ပြီးစီးမှုတင်ပြထားတာဖြစ်ပါတယ်။ ဆောင်ရွက်ဆဲ စီမံကိန်း ၈ ခု၏ အကျိုးပြုဧရိယာမှာ ၂၇၈၀၂၃၀ ဧကမှ ၉၀၀၃၀ ဧက ရေပေးဝေနိုင်အောင် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ စီမံကိန်း ၈ ခုအနက် ၂၀၁၁ ခုနှစ်၊ ဇူလိုင်လကုန်အထိ ကောလိယ ရေလှောင်တမံစီမံကိန်း၊ အလိုင်နီ ရေလှောင်တမံစီမံကိန်း၊ မင်းလှရေလှောင်တမံစီမံကိန်း၊ ဘော်တင် ရေလှောင်တမံစီမံကိန်း၊ ဂမုန်းရေလှောင်တမံစီမံကိန်းစသည့် ရေလှောင်တမံစီမံကိန်း ၅ ခု ၏ ဆည်ရေသောက်စနစ်များအား ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခဲ့ပြီး အကျိုးပြုဧရိယာ ၇၃၀၃၀ ဧကအား ရေပေးဝေနိုင်မည် ဖြစ်ပါသည်။ ဘိုင်းဒါးရေလှောင်တမံစီမံကိန်း၊ ခပေါင်းရေလှောင်တမံစီမံကိန်းနှင့် ရဲနွယ်ရေလှောင်တမံ စီမံကိန်းတို့၏ ဆည်ရေသောက်စနစ်များအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အကျိုးပြုဧရိယာ (၁၇၀၀၀)ဧကအား ရေပေးဝေနိုင်ရန် ဆောင်ရွက်ပြီးစီးပြီဖြစ်ပါတယ်။ စီမံကိန်း ၈ ခု၏ အကျိုးပြုဧရိယာမှာ ၂၇၈.၂၃၀ ဧကမှ ၉၀၀၃၀ ဧက ရေပေးဝေနိုင်အောင် ဆောင်ရွက်ပြီးဖြစ်ပါတယ်။

OPEC ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် သုံးဆယ်ရေလှောင်တမံစီမံကိန်းနှင့် ခပေါင်းရေလှောင်တမံ(လက်ယာတူးမြောင်း) စီမံကိန်း၏ ဆည်ရေသောက်စနစ် အကျိုးပြုဧရိယာမှာ (၈၈၅၀၀) ဧက မှ(၅၀၀၀၀) ဧကအားရေပေးဝေနိုင်ရန် စီစဉ်ပြီး ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် ဆည်ရေသောက်စနစ်များ၏ စုစုပေါင်း အကျိုးပြုဧရိယာ ၃၆၆၇၃၀ ဧကမှ ၁၄၀၀၃၀ ဧကအား ရေပေးဝေနိုင်ရန် ဆောင်ရွက်ပြီး ဖြစ်ပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီး မန္တလေးတိုင်းဒေသကြီး အောင်မြေသာဇံရဲ့ မေးခွန်းနှင့် ပတ်သက်ပြီးတော့ ဈေးကွက်အတွင်း ဈေးနှုန်းများ တည်ငြိမ်မှန်ကန်ရေးအတွက်

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၁)ဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဥက္ကဋ္ဌ တာဝန်ယူ၍ အဖွဲ့ဝင် ၁၉ ဦးဖြင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ ဖွဲ့စည်းခဲ့ပါတယ်။ ဈေးကွက်အတွင်း ဈေးနှုန်းများတည်ငြိမ်မှန်ကန်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်ပြီး ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီများမှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စာလှယ်များနှင့် တစ်လတစ်ကြိမ် ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့်ပတ်သက်၍ ဆက်စပ်သောအုပ်ချုပ်မှုဆိုင်ရာကိစ္စများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ချောမွေ့အဆင်ပြေစေရန်နှင့် မှန်ကန်သောလမ်းကြောင်းပေါ်မှ ကုန်သွယ်မှုဖြစ်ထွန်းစေရန်အတွက် ပို့ကုန်သွင်းကုန်ဈေးနှုန်း ညှိနှိုင်းအတည်ပြုရေးကော်မတီက ကုန်သည်များအား အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးမှုကို အပတ်စဉ်ဆောင်ရွက်လျက်ရှိပါသည်။

ဦးကိုကြီး အောင်မြေသာဇံမဲဆန္ဒနယ်မှ မေးခွန်းနှင့်ပတ်သက်ပြီး တစ်ဆက်တည်း တရားသဖြင့်ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့က ဖြစ်စေ၊ လက်ဝါးကြီးအုပ်ဆောင်ရွက်မှုသို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကိုထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်နိုင်ရန် အာဆီယံနိုင်ငံများ၏ သဘောတူညီချက်များနှင့်အညီ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး ဥပဒေရေးဆွဲရေးကိစ္စများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ Focal ဝန်ကြီးဌာနဖြစ်သော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားထားပါတယ်။

နောက်တစ်ခါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်တင် ကယားပြည်နယ်၊ ဖားဆောင်းမဲဆန္ဒနယ်ရဲ့ မေးမြန်းချက်နှင့်ပတ်သက်ပြီးဖြေကြားချက်ဖြစ်ပါတယ်။ ကယားပြည်နယ်အပိုင်းသည် ရှမ်းပြည်နယ် နယ်စပ် ဝါရီကောခူမှ လွိုင်ကော်အထိ ၁၃ မိုင်၊ လွိုင်ကော်မှ ဖားဆောင်းအထိ ၇၅ မိုင်၊ ဖားဆောင်းမှ နန်မန်းအထိ ၄၀ မိုင်စုစုပေါင်း ၁၂၈ မိုင်ရှိပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေများနှင့် အောက်ပါလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ပါသည်။

အမာခံမြေလမ်းပြုပြင်ခြင်း ၁၀ မိုင်၊ သံကူကွန်ကရစ် ရေပြွန်တည်ဆောက်ခြင်း ၂ စင်း၊ သစ်သားတံတားတည်ဆောက်ခြင်း ၉ စင်း၊ မျောခရစ်ရိုက်ခြင်း ၁ ခု၊ သုံးစွဲငွေ ၇၁.၈ သန်း ဖြစ်ပါ

သည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေဖြင့် အောက်ပါလုပ်ငန်းများ ဆောင်ရွက်ဆဲ ဖြစ်ပါတယ်။

ကတ္တရာမျက်နှာပြင်ညို ရေပိတ်လွှာခင်းခြင်း ၂ ဖာလုံ၊ ကတ္တရာလမ်းအား အကြီးစား ပြုပြင်ခြင်း ၁ မိုင်၊ သံကူကွန်ကရစ် တံတားတည်ဆောက်ခြင်း ၁ စင်း၊ သစ်သားတံတားတည်ဆောက်ခြင်း ၂ စင်း၊ သံကူကွန်ကရစ် ရေပြွန်တည်ဆောက်ခြင်း ၈ စင်း၊ မြောခရစ်ရိုက်ခြင်း ၁ ခု၊ မြေလမ်းအမာခံ လမ်းပြုပြင်ခြင်း ၂ မိုင် ၄ ဖာလုံ သုံးစွဲခဲ့သည့်လုပ်ငန်းတန်ဘိုးမှာ ၈၄.၃၆ သန်း ဖြစ်ပါသည်။ ကျွန်တော် အစီရင်ခံတင်ပြသွားတဲ့ ကျွန်တော်တို့ ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးမှာ ကျွန်တော်တို့ မေးမြန်းခဲ့တဲ့ အဆိုတွေနဲ့ မေးခွန်းကို နောက်ပြီးတော့ ပြည်ထောင်စုလွှတ်တော်မှာ ကျွန်တော်တို့ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်တွေက မေးခဲ့တဲ့ မေးခွန်း ၄ ခု၊ အဲဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ အစီရင်ခံတင်ပြထားပြီးဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း

**အချိန်၊ ၁၂း၁၄။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစိုးရရဲ့ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို မနက်ဖြန် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် ဆွေးနွေးအတည်ပြုမှာ ဖြစ်ပါတယ်။ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ဒီကနေ့ ညနေပိုင်းမှာ ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။ နေ့လည်စာစားသုံးရန် အစည်းအဝေးကို ၁ နာရီခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ ဧည့်သည်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို နေ့လယ် ၁ နာရီ ၁၅ မိနစ်မှာ ပြန်လည်မစတင်မီ လူခေါ်ခေါင်းလောင်း အသံရှည် တီးချိန်မှာ ခန်းမအတွင်း ပြန်လည်နေရာယူကြရန် ဖြစ်ပါတယ်။ ဧည့်သည်တော်များနဲ့ ကိုယ်စားလှယ် တော်များအားလုံး ခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖိတ်ကြားထားသည့်ဧည့်သည် တော်များနှင့် မကြာမီအစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဦးကြည်မြင့်၊ လသာမဲဆန္ဒနယ်၏ “ရင်းနှီးမြှုပ်နှံမှုစရိတ် ကျဆင်းစေရန် သွင်းကုန်များနှင့် ပို့ကုန်တိုးတက်ပြီး စီးပွားရေးတိုးနှုန်း မြင့်မားမြန်ဆန်ရန် ပို့ကုန်ခွန်များကို လုံးဝဖယ်ရှားသွားရေး”အဆိုကို တင်သွင်းခြင်း

**အချိန်၊ ၁၃း၁၆။**

**ဥက္ကဋ္ဌ ။** ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုတင်သွင်းခြင်း အစီအစဉ် ဆက်လက်ဆောင်ရွက်သွားပါ့မယ်။ လွှတ်တော်မှာ တင်သွင်းခွင့်ပြုထားတဲ့အဆိုအားလုံးကို လက်ခံဆွေးနွေးသွားမှာ ဖြစ်တဲ့အတွက် အဆိုကို သက်ဆိုင်ရာကိုယ်စားလှယ်က တင်သွင်းခြင်း အခြားကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်းများ လုပ်ဆောင်ပြီးချိန်မှာ ဆွေးနွေးရန် အမည်စာရင်းတောင်းခံခြင်းကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အဆိုတင်သွင်းမယ့် ကိုယ်စားလှယ်အားဖိတ်ခေါ်တဲ့အခါ သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်က မိမိအဆိုကို ဦးစွာဖတ်ပြတင်သွင်းပြီး ဆွေးနွေးပြောကြားရန် ဒါမှမဟုတ် အဆိုကို မတင်သွင်းလိုတော့ကြောင်း တင်ပြရန် ဖြစ်ပါတယ်။ ပထမဦးစွာ ရင်းနှီးမြှုပ်နှံမှုစရိတ်ကျဆင်းစေရန် သွင်းကုန်များနှင့် ပို့ကုန်တိုးတက်ပြီး စီးပွားရေးတိုးနှုန်းမြင့်မားမြန်ဆန်ရန် ပို့ကုန်ခွန်များကို လုံးဝဖယ်ရှားသွားရေးနှင့် စပ်လျဉ်းသည့်အဆိုကို တင်သွင်းဖို့ ဦးကြည်မြင့်အား ဖိတ်ခေါ်ပါတယ်။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ တက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်း ဧည့်သည်တော်အပေါင်း ခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လသာမြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်အတွင်းမှာ စားသုံးကုန်တွေ ပေါများရေးနဲ့ ကုန်ထုတ်ဝန်ဆောင်မှုလုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံမှုစရိတ်များ ကျဆင်းသွားဖို့အတွက် စီးပွားရေး တိုးနှုန်းမြန်ဆန်မြင့်မားရေးအတွက် ပို့ကုန်ခွန်များကို လုံးဝဖယ်ရှားရေးဆိုတဲ့အဆိုကို ကျွန်တော် တင်သွင်းမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နည်းပညာပိုင်းဆိုင်ရာကိစ္စလည်းဖြစ်တဲ့အတွက်ကြောင့် စာရွက်ကိုတော့ ကြည့်ခွင့်ပေးပါလို့ ပန်ကြားလိုပါတယ်။ ကျွန်တော်အပိုင်း ၅ ပိုင်း ခွဲပြီးတော့ တိုတိုပဲပြောပါမယ်။ ပထမတစ်ပိုင်းကတော့ ပို့ကုန်များရဲ့အရေးကြီးပုံပေါ့ဗျာ။ အဲဒီတော့ ပြည်တွင်းစားသုံးမှုအတွက် ကျွန်တော်တို့က ထားပါတော့ ကုန်စည်ယူနစ်တစ်ထောင် ထုတ်လုပ်တယ်ဆိုလို့ရှိရင် ပြည်ပပို့ကုန်အတွက်ကျွန်တော်တို့က တိုးချဲ့ထုတ်လုပ်

နိုင်မယ်။ တင်ပို့ရောင်းချနိုင်မယ် ဆိုလို့ရှိရင် ပြည်တွင်းရဲ့ အသားတင်ထုတ်လုပ်မှုဟာ တစ်ထောင်က နေပြီးတော့ ၁၂၀၀၊ ၁၃၀၀၊ ယူနစ်ရယ်လို့ ဖြစ်သွားမှာ ဖြစ်ပါတယ်။ ပို့ကုန်ကရရှိတဲ့နိုင်ငံခြားငွေက တိုင်းပြည်ရဲ့ ဥစ္စာခနကို အသားတင် ဖြစ်ထွန်းစေမယ့် အရာဖြစ်ပါတယ်။ ပို့ကုန်ကတင်သွင်းလို့ ရောင်းချလို့ရရှိလာတဲ့ နိုင်ငံခြားငွေအားဖြင့် ကျွန်တော်တို့ဟာ ပြည်တွင်းမှာ စားကုန်များကိုတင်သွင်း နိုင်မှာဖြစ်တဲ့အတွက် ပြည်တွင်းမှာလည်း စားကုန်ပေါ်များမယ့် သဘောဖြစ်ပါတယ်။ ဒါ့အပြင်ပေါ့လေ ကျွန်တော်တို့မှာ လိုအပ်တဲ့နည်းပညာ စက်ကိရိယာစတဲ့ ကိစ္စရပ်များကို ပြန်လည်တင်သွင်းဖို့ အတွက်ကလည်း ပို့ကုန်ကရငွေအပေါ်မှာ အများကြီးတည်ပါတယ်။ အဲဒီတော့က ပို့ကုန်များရဲ့ အရေးကြီးပုံအနေနဲ့ကတော့ ဒီကနေတဆင့် အလုပ်အကိုင်တွေပေါ်များမယ်။ တီထွင်ကြံဆနိုင်သမျှ တီထွင်ကြံဆမှုတွေကို အားပေးသလိုဖြစ်သွားမယ်။ စောစောကပြောသလို ကုန်ပစ္စည်းတွေပေါ်များမယ့် အတွက်ကြောင့် ကုန်ဈေးနှုန်းတွေကျဆင်းရာကနေပြီးတော့ ပြည်သူတွေရဲ့ဝင်ငွေတွေဟာလည်း ကုန်ဈေးနှုန်းနဲ့နှိုင်းယှဥ်လို့ရှိရင် ပိုပြီးတော့ အသုံးခံတဲ့၊ မာတဲ့ငွေကြေး ဖြစ်လာမယ်။ ပြည်သူတွေဟာ သူရဲ့ဝင်ငွေဟာ ကုန်ဈေးနှုန်းနဲ့ သဟဇာတဖြစ်လာမယ်။ လိုက်လျောညီထွေဖြစ်လာမယ် ပိုမိုစုဆောင်း လာနိုင်မှာဖြစ်တဲ့အတွက်ကြောင့် တိုင်းပြည်အတွင်းမှာ စီးပွားရေးလုပ်ငန်းတွေ ဆက်လက်တိုးချဲ့နိုင်ဖို့ အတွက်ချေးငွေရန်ပုံငွေ (Loanable Fund) သူဟာပေါ်များ လာမယ့်အတွက်ကြောင့် ငွေကြေးရဲ့အတိုးနှုန်းတွေလည်း ကျဆင်းသွားမယ်။ ဒါကနေပြီးတော့မှ နောက်ထပ်ပြည်တွင်းစားသုံးမှု၊ ပြည်ပတင်ပို့မှုများအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေအတွက် ရင်းနှီးမြှုပ်နှံမှု ပိုမိုပြီးတော့ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ ပို့ကုန်တွေရဲ့ အရေးကြီးတဲ့အချက်အလက်ကတော့ ထင်ရှားပါ တယ်။ ဒီကနေတစ်ဆင့် စီးပွားရေးကတော့ တိုးတက်သွားတာပေါ့ဗျာ။ စီးပွားရေး တိုးတက်တယ် ဆိုတော့လည်းပဲ အလုပ်အကိုင်လည်းပေါ်လာတယ်။ လူတွေကြံဆတီထွင်သမျှ စိတ်ကူးသမျှတွေက လည်း တိုးချဲ့နိုင်တဲ့အစွမ်းအစ၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ပြီးတော့ နေသွားနိုင်တဲ့ စီးပွားရေးဖွံ့ဖြိုးမှုဆိုတဲ့ စီးပွားရေးခေတ်နောက်ကျမှုတွေရဲ့ အဆင့်ကနေပြီးတော့ ရုန်းထွက်သွားနိုင်တဲ့ နိုင်ငံကြီးတစ်ခုလည်း ဖြစ်လာမှာဖြစ်ပါတယ်။ အဲဒါကိုတော့ ပြောရရင်တော့ မင်္ဂလာစက်ဝန်းလို့ ခေါ်ရမှာဖြစ်ပါတယ်။ Virtuous Circle ပေါ့ဗျာ။

ပို့ကုန်များ ဒီလို အရေးကြီးတဲ့ အနေအထားမှာရှိပေမဲ့ ဒုတိယပိုင်းအနေနဲ့ ပြောချင်တာကတော့ ပို့ကုန်များအတွက် လက်ငင်းနဲ့ စုပုံလာတဲ့အဟန့်အတားတွေအကြောင်း ဖြစ်ပါတယ်။ လက်ငင်းအနေနဲ့ ကတော့ အများသိကြတဲ့အတိုင်း ပို့ကုန်လုပ်ငန်းတွေမှာ ဒေါ်လာငွေလဲလှယ်နှုန်းကျဆင်းလာတဲ့ အတွက်ကြောင့် တချို့ပို့ကုန်တွေမှာ ထုတ်လုပ်မှုစရိတ်နဲ့မကိုက်တဲ့ သဘောတရားတွေ လက်ငင်းကြုံ

တွေ့နေရပါတယ်။ ဒီတော့ ကျွန်တော်တို့က ဒေါ်လာတစ်ဒေါ်လာကို ကိုးရာနှုန်းလောက်နဲ့ ကျွန်တော်တို့က ခန့်မှန်းပြီးတော့ ကုန်ကြမ်းတွေ လောင်စာတွေတင်သွင်းပြီးတော့ ထုတ်လုပ်ထားတဲ့ ကိစ္စတွေက အခုတစ်ဒေါ်လာကို ခုနှစ်ရာဝန်းကျင်လောက်ထိ ဆင်းသွားတဲ့အခါကျတော့ ပို့ကုန်တင်ပို့မှုမှာ အကျပ်အတည်းတွေ့နေတာ တွေ့ရှိနေပါတယ်။ ဒါ့အပြင်ပေါ့လေ ပို့ကုန်လုပ်ငန်းဆိုတာက နိုင်ငံတကာနဲ့ ပြိုင်ဆိုင်နေရတဲ့ လုပ်ငန်းတွေဖြစ်ပါတယ်။ ဝယ်လက်တွေအနေနဲ့ကလည်း တခြားပေါ်များတဲ့ ပိုကောင်းမယ့်ပစ္စည်းကို ကျွန်တော်တို့ကို ကျော်ပြီးဝယ်သွားမှာလည်း ရှိနိုင်ပါတယ်။ ဒါသူ့အခွင့်အရေးပါ။ ကျွန်တော်တို့အနေနဲ့က လက်ငင်းအနေနဲ့ ပို့ကုန်များအတွက် အဟန့်အတားတွေ ကြုံကြိုက်နေရတာ အားလုံးလည်းအသိ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပုဇွန်၊ ငါးမွေးမြူရေးလုပ်ငန်းတွေမှာ အထူးသဖြင့် ငါးမြစ်ချင်း ရင်းနှီးမြှုပ်နှံထားတာ တွေမနည်းပါဘူး။ အလုပ်သမားတွေလည်းခန့်ထားတာ တော်တော်များများနဲ့ အလုပ်အကိုင်တွေပေးနိုင်ပါတယ်။ နောက် ကြိမ်ပရိဘောဂလုပ်ငန်း၊ သစ်ပရိဘောဂလုပ်ငန်း စသည်ဖြင့်ပေါ့လေ။ ပဲမျိုးစုံ ဒီမှာလည်းပဲ ဒေါ်လာငွေကျဆင်းမှုနဲ့ ဝယ်လက်တွေရဲ့ အခြားသော ဈေးကွက်များရဲ့ ဝင်ရောက်ထိုးဖောက်မှုဆီကိုရောက်ရှိသွားမှုဆိုတဲ့ဒဏ်မျိုးကို လက်ငင်းအားဖြင့် ခံစားခဲ့ရပါတယ်။ နောက်တစ်ချက် အနေနဲ့ကတော့ ကျွန်တော်တို့အတွက် တဖြည်းဖြည်းစုပုံလာတဲ့ အဟန့်အတားတွေ ဖြစ်ပါတယ်။ အဲဒီဟာ အနေနဲ့ကတော့ ဒါမပြောခင်ပေါ့လေ။ ကျွန်တော်ပြောတဲ့ ပို့ကုန်အခွန်များ လုံးဝဖယ်ရှားရေး ဆိုတဲ့ကိစ္စမှာ ပို့ကုန်ခွန်ဆိုတာနဲ့ ပတ်သက်လို့ အဓိပ္ပါယ် ဖွင့်ဆိုချက်ကို ကျွန်တော်တစ်ခု တင်ပြလိုပါတယ်။ ပို့ကုန်များနဲ့ ပတ်သက်လို့ အဓိပ္ပါယ်ဖွင့်ဆိုချက် အကျုံးဝင်မှု သုံးခုသတ်မှတ်ထား ပါတယ်။ အထူးသဖြင့် ကျွန်တော့်အဆို အတွက်ပေါ့ ။

ပထမတစ်ခုကတော့ ပို့ကုန်ဆိုင်ရာ ကုန်သွယ်လုပ်ငန်းခွန် ဖြစ်ပါတယ်။ ဒုတိယ တစ်ခုကတော့ ပို့ကုန်လုပ်ငန်းလိုင်စင်၊ ပို့ကုန်တစ်မယ်ချင်းအတွက် ခွင့်ပြုချက် စတာတွေအတွက် စရိတ်တွေ (Tranisition Costs )လို့ခေါ်ပါတယ်။ တတိယတစ်မျိုးကတော့ ပို့ကုန်လုပ်ငန်းလုပ်ကိုင်ရတဲ့အတွက် တခြားအဆင်ပြေဖို့သုံးရစွဲရတဲ့ စရိတ်တွေဖြစ်ပါတယ်။ ဒါကတော့ (Compliance Costs)လို့ ခေါ်ပါတယ်။ အဲဒီတော့ ကျွန်တော်က အခုတင်သွင်းတဲ့ ပို့ကုန်ခွန်များ ရှင်းလင်းရေး၊ ဖယ်ရှားပေးရေးဆိုတဲ့ အဆိုဟာ ပို့ကုန်မှာအသုံးပြုတဲ့ ပို့ကုန်အခွန်ဆိုတဲ့စကားလုံးက လောလောဆယ်မှာသိကြတဲ့ ပို့ကုန်နဲ့ ပတ်သက်တဲ့ ကုန်သွယ်အခွန်တစ်မျိုးတည်းကိုဆိုလိုတာ မဟုတ်ပါဘူး။ အခြားသောစရိတ်များနဲ့ ဌာနဆိုင်ရာကိုလိုက်ပါရတဲ့ စရိတ်များစတာတွေ စရိတ်တွေပါဝင်ပါတယ်။ ကျွန်တော် ဒီလို ခွဲခြားပြောရခြင်းနဲ့ ဒီအဆိုကို ဆက်ပြီးတင်သွင်းရတဲ့ အကြောင်းအရင်းကတော့ ကျွန်တော် ဒီစာတမ်းကို

အဆိုတင်သွင်းမယ် ဆိုပြီးတော့ ဒီဩဂုတ်လ ၁၅ ရက်မတိုင်ခင်က ကျွန်တော် လွှတ်တော်ရုံးကို ပေးပို့တာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ နိုင်ငံတော်အစိုးရကနေပြီးတော့ ဩဂုတ်လ၁၅ ရက်နေ့မှာ ပို့ကုန်နဲ့ပတ်သက်တဲ့ ကုန်သွယ်လုပ်ငန်းခွန် ကိုလုံးဝဖယ်ရှားပေးတာရှိပါတယ်။ ဒီအတိုင်းဆိုရင် ကျွန်တော်တို့ ဒီနေရာကဆက်ပြီးတော့ ဒီအဆိုကို တင်သွင်းစရာ အကြောင်းမရှိတော့ဘူး ဖြစ်ပါတယ်။ သို့သော်လည်းပဲ နိုင်ငံတော်အစိုးရရဲ့ ပို့ကုန်နဲ့ပတ်သက်တဲ့ ကုန်သွယ်ခွန်လုံးဝ ပယ်ဖျက်ထားတဲ့ကိစ္စမှာ ၆လတာဆိုတဲ့ ကာလသတ်မှတ်ချက် ပါရှိတာတစ်ခုဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အခြားသော ပို့ကုန်များ အကျုံးဝင်မှုကိုမတွေ့ရသေးဘဲနဲ့ သတ်မှတ်ရွေးချယ်ထားတဲ့ ပို့ကုန် ၇ မျိုးဆိုတာကိုပဲ တွေ့ရပါတယ်။ နောက်တစ်ချက်အနေနဲ့ကတော့ ပို့ကုန်အခွန်ဆိုတဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ ဒီကုန်သွယ်ခွန်မှာ ပေးဆောင်ရတဲ့ပို့ကုန်ခွန် တစ်မျိုးတည်းမဟုတ်ပဲနဲ့ အခြားပို့ကုန်ခွန် ၂ မျိုး၊ စုစုပေါင်း ပို့ကုန်ခွန် ၃ မျိုးလုံးကို ဆိုလိုတာဖြစ်တဲ့အတွက် ကျွန်တော် ဒီအဆိုကို ဆက်လက်တင်သွင်းခြင်း ဖြစ်ပါတယ်။

တတိယပိုင်းအနေနဲ့ကတော့ ပို့ကုန်ခွန်များ ပယ်ဖျက်ဖို့လိုအပ်တဲ့ အကြောင်းအရင်းပါ ဒါစောစောကပြောတဲ့ ဟန့်တားမှုတွေလက်ငင်းစုပုံလာတဲ့ ဟန့်တားမှုတွေအပြင် ပို့ကုန်များ ပယ်ဖျက်ဖို့ လိုအပ်တဲ့ အကြောင်းတရားလေးတွေရှိပါတယ်။ ဒါကလည်းပဲ ပထမပိုင်းဖြစ်တဲ့ ပို့ကုန်ရဲ့ အရေးကြီးပုံနဲ့လည်း သွားပြီးတော့ ဆက်စပ်ပါတယ်။ အဲဒီမှာ အချက် ၃ ချက်သွားတွေ့ပါတယ်။ ပထမအချက် အနေနဲ့ကတော့ အာဆီယံ ၁၀ နိုင်ငံရဲ့ နိုင်ငံတကာကုန်သွယ်ခွန်ဇယားမှာ မြန်မာနိုင်ငံကလွဲလို့ရှိရင် ပို့ကုန်ခွန်လုံးဝမရှိတော့တဲ့ အကြောင်းကို (ASEAN Free Trade Area ) ဒါမှမဟုတ်ရင် Agreement ပေါ့ AFTA ရဲ့ စာရင်းဇယားမှာ သွားပြီးတွေ့ပါတယ်။ ဒီစာရင်းဇယားကို ယခုတက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ လွယ်လွယ်ကူကူ တွေ့ရှိနိုင်တာကတော့ ကျွန်တော်တို့ စက်မှု(၂) ဝန်ကြီး ဦးစိုးသိန်း ပြီးခဲ့တဲ့ စီးပွားရေးဆွေးနွေးပွဲမှာတင်သွင်းတဲ့ စာအုပ်မှာ အလွယ်တကူ တွေ့နိုင်ပါတယ်။

နောက်တစ်ချက် အနေနဲ့ကတော့ ပို့ကုန်ခွန်များ ပယ်ဖျက်ဖို့လိုအပ်တဲ့ အကြောင်းတရား နောက်တစ်ချက် အနေနဲ့က ကျွန်တော်တို့ အာဆီယံနိုင်ငံတွေကြားမှာ ကုန်သွယ်ခွန် လုံးဝလျှော့ချပယ်ဖျက်ရေးမူနဲ့ အစီအစဉ်ဆိုတာရှိပါတယ်။ ဒါကို ကျွန်တော်တို့က အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေနဲ့ လိုက်ပါနိုင်အောင်ဆောင်ရွက်ဖို့ အကြောင်းတရားတွေရှိပါတယ်။ တတိယ အကြောင်းတရား အနေနဲ့ကတော့ နိုင်ငံတကာကုန်သွယ်ရေးမှာ ကိုယ့်ရဲ့ပို့ကုန်တွေကို ပြိုင်ဆိုင်နိုင်ဖို့အတွက် ငွေလဲနှုန်းလျှော့ချထားတဲ့ မူဝါဒတွေကို နိုင်ငံတော်တော်များများက ကျင့်သုံးလာတဲ့ ကိစ္စဖြစ်ပါတယ်။ အခု အမေရိကန်အစိုးရက သူ့ရဲ့ဒေါ်လာငွေကိုကျဆင်းနေတဲ့ကိစ္စမှာ ရှေးအထက်ထက်ကတော့ သူဟာ ပြန်

လည်ကယ်တင်ဖို့လုပ်ပါတယ်။ သို့သော်လည်းပဲ အခုအချိန်မှာသူ့ဒေါ်လာငွေကျဆင်းတာကိုလစ်လျူရှုထားပါတယ်။ ဒါဟာ (Delevelate Policy)ကတမင်တကာလုပ်တဲ့ Policy ပါ။ ဘာကြောင့်လည်းဆိုတော့ သူ့အတွက်ကမှန်ပါတယ်။ သူဟာ ပို့ကုန်ပြိုင်ဆိုင်တဲ့နေရာမှာ သူ့ငွေဈေးနှုန်းက ကြီးမြင့်နေလို့ရှိရင် သူ့ကုန်ပစ္စည်းတွေက ပြိုင်ဆိုင်နိုင်အားကျသွားမှာဖြစ်ပါတယ်။ အဲဒီတော့ သူကလည်းပဲ သူရဲ့ငွေလဲနှုန်းကို တမင်တကာချထားတဲ့မူကို ကျင့်သုံးနေတာဖြစ်ပါတယ်။ အဲဒီတော့ ဒီအကျိုးဆက်ကိုဘယ်မှာသွားတွေ့ရသလဲဆိုတော့ကာ ပြီးခဲ့တဲ့သုံးလပတ်မှာ အမေရိကန်အစိုးရရဲ့ ပို့ကုန်တွေဟာမမျှော်လင့်ဘဲနဲ့ အံ့မခန်းတိုးတက်လာတယ်လို့ သတင်းတစ်ရပ်က ဆိုထားပါတယ်။ ကျွန်တော်တို့ကပို့ကုန်ကိုကြိုးစားပမ်းစား ရင်းနှီးစိုက်ထုတ် လုပ်အားတွေသုံး၊ နည်းပညာတွေသုံးလူတွေကို လေ့ကျင့်ပေးပြီးတော့ ဘယ်လိုပဲထုတ်လုပ်ပါစေဦးတော့ ပို့ကုန်တင်ပို့ရောင်းချမှုမှာ နိုင်ငံတကာ ကတော့ ဥပမာတရုတ်ဆိုလို့ရှိရင်လည်းပဲ သူ့ရဲ့ငွေတန်ဘိုးက ရှိသင့်တဲ့တန်ဘိုး ထက်နိမ့်ချထားပါတယ်။ ဒါကိုဘယ်လိုပဲ IMFတို့ အမေရိကန်ပြည်ထောင်စုတို့ ဥရောပသမဂ္ဂတို့က ပြောပြော သူ့အနေနဲ့ကလည်းပဲတထစ်ချင်း ဖြည်းဖြည်းချင်းပဲ လျှော့နေတာ ဖြစ်ပါတယ်။

ဒီလိုမူဝါဒ နည်းလမ်းသုံးနေတဲ့ ခေတ်ကြီးကာလကြီးထဲမှာ ကျွန်တော်တို့ကလည်းပဲ ကျွန်တော်တို့ ပို့ကုန်တွေကလည်းပဲ ခုနကပြောတဲ့ ကိုယ့်ဘက်ကကိုယ်တတ်နိုင်သလောက် တခြားနည်းကို ပြန်လှည့်ရှာပြီးတော့မှ ပို့ကုန်တွေတိုးတက်ဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ငွေကြေးကို ကျွန်တော့်အနေနဲ့ကတော့ သူတို့လိုပဲပေါ့ဗျာ။ ကျွန်တော်တို့ရဲ့ငွေတန်ဖိုးကိုလည်း ရှိသင့်တာထက်လျှော့ချထားမယ်ဆိုတဲ့နည်းနဲ့ ပြိုင်ဆိုင်နိုင်ဖို့က မဖြစ်နိုင်တဲ့သဘောတော့ရှိနေပါတယ်။ အဲဒီတော့ သက်သာရာသက်သာကြောင်းအနေနဲ့ ပို့ကုန်လုပ်ငန်းရှင်တွေ အများစုကလည်းပဲ ဒီကိစ္စကိုမြင်ပါတယ်။ ကျွန်တော်နဲ့လည်းတိုင်ပင်ဆွေးနွေးမိတာတွေရှိပါတယ်။ ကျွန်တော်တို့က ကိုယ့်နိုင်ငံကိုပေးဆောင်တဲ့ ပို့ကုန်ခွန်တွေကဘဲအနည်းငယ်လျှော့ပေးဖို့ဆိုတဲ့ လမ်းကြောင်းကို တောင်းဆိုတာတွေ ဆွေးနွေးတာတွေ ပြုခဲ့ရပါတယ်။ ဒီအချက်ကြောင့်လည်းပဲ ကျွန်တော်တို့က ကျွန်တော်တို့ရဲ့ ငွေကြေးကိုလျှော့ချထားဖို့ ဆိုတဲ့နည်းလမ်းကိုမသုံးနိုင်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ပို့ကုန်တွေကို လျှော့ချပေးတဲ့နည်းလမ်းဘက်ကို ပြန်လည်လှည့်ပြီးတော့ တောင်းဆိုရတာဖြစ်ပါတယ်။ အဲလို အနေအထားမှာ ပို့ကုန်များရဲ့အပေါ်မှာ ကောက်တဲ့အခွန်လုံးဝဖယ်ရှားပေးဖို့ ရေရှည်မှာလည်းလိုအပ်တဲ့သဘော ကျွန်တော်မြင်တွေ့လို့ ဒီအဆိုကို တင်သွင်းခြင်းဖြစ်ပါတယ်။ စတုတ္ထတစ်ပိုင်းအနေနဲ့ကတော့ ကျွန်တော်တို့ ဒီလိုပို့ကုန်အခွန်တွေကို ထာဝရလုံးဝဖယ်ရှားမယ်ဆိုလို့ရှိရင် ဘယ်လိုပြဿနာတွေကြုံတွေ့နိုင်မလဲ အထူးသဖြင့်ပေါ့ ကျွန်တော်တို့တိုင်းပြည်ရဲ့ ဘက်ဂျက်ဝင်ငွေလျော့နည်းသွားမလား၊ ကျသွားမလားဆိုတဲ့ သဘောပါပဲ။ လျော့နည်းသွား

မလား၊ ကျသွားမလားဆိုတာကတော့ ရှင်းပါတယ်။ သို့သော်လည်းပဲ ဒါတွေ ကင်းရှင်းသွားနိုင်တဲ့ ကြုံတွေ့ရမယ့်ပြဿနာတွေ အကြောင်းအချက်လေးနှစ်ချက်လောက် ကျွန်တော် ထည့်ပြောပါမယ်။ အဲဒါကတော့ ပို့ကုန်အခွန်လျော့နည်းသွားပေမယ့်လို့လည်းပဲ ပထမအချက်နေနဲ့ ပို့ကုန်ထုတ်လုပ်မှု အဆင့်ဆင့်မှာ ထပ်တိုးတန်ဖိုးခွန်(Value Added Tax) တွေရှိနေမှာဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ ပို့ကုန်လုပ်ငန်းရှင်တွေအနေနဲ့ အခြားဝင်ငွေ အတန်းအစား မြင့်မားသူများနဲ့ တန်းတူပုံမှန်ဝင်ငွေခွန်၊ နောက်တစ်ခုကသုံးစွဲမှုပေးရသော စားသုံးမှုအခွန်(Pay as You Tax) နောက်တစ်ခါ ပိုင်ဆိုင်မှုအပေါ်ရောင်းချလိုက်တဲ့အခါမှာ ဝယ်ယူထားတဲ့ ပိုင်ဆိုင်မှုအပေါ်မှာ ပြန်လည်ရောင်းချလိုက်တဲ့အခါမှာရရှိလာတဲ့ အမြတ်အစွန်းနှင့်အခွန်၊ အရင်းတုန်းကတော့ ဒါကိုအမြတ်ခွန်အဖြစ်ကောက်ပါတယ်။ သို့သော်လည်းပဲ အခုတော့ဝင်ငွေခွန်ထဲမှာပုံမှန်ဝင်ငွေအပြင် တခါတရံမှာ ပေါ်ပေါက်လာတဲ့ဝင်ငွေအဖြစ်နဲ့ ကောက်ခံမှာဖြစ်ပါတယ်။ ဒီလိုပို့ကုန်လုပ်ငန်းရှင်တွေ အနေနဲ့ ပုံမှန်ဝင်ငွေကိုပေးမယ်။ သုံးစွဲတဲ့အခါမှာပေးရတဲ့ အခွန်တွေကိုပေးမယ်။ ပိုင်ဆိုင်မှုပစ္စည်း ရောင်းချခြင်းမှာ မြတ်စွန်းတဲ့ဝင်ငွေခွန်ကိုပေးမယ်။ နောက်တစ်ခါ ပို့ကုန်ထုတ်လုပ်မှုမှာ ရောင်းချမှုအပိုင်းမဟုတ်ပဲနဲ့ ထုတ်လုပ်မှုအပိုင်းမှာ အဆင့်ဆင့်ထပ်တိုးတန်ဖိုးတွေ ကောက်ခံတဲ့အခွန် ဒါကိုပေးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ တိုင်းပြည်ဘဏ္ဍာမှာ အခွန်ဝင်ငွေလျော့သွားနိုင်မယ်ဆိုတဲ့ စိုးရိမ်ချက်ကို တော်တော်များများ လျော့ပါးသွားအောင် ပြုလုပ်ပေးနိုင်မှာဖြစ်ပါတယ်။ ဒီကြုံတွေ့နေတဲ့ ပြဿနာနဲ့ ပတ်သက်ပြီးသုံးတဲ့အခါမှာ ပေးရတဲ့အခွန်ကိုပေးမယ်။ ပိုင်ဆိုင်မှုပစ္စည်းရောင်းချရင်းကနေ မြတ်စွန်းတဲ့ဝင်ငွေခွန်ကိုပေးမယ်။ နောက်တစ်ခါ ပို့ကုန်ထုတ်လုပ်မှုမှာ ရောင်းချမှုအပိုင်းမဟုတ်ပဲနဲ့ ထုတ်လုပ်မှုအပိုင်းမှာ အဆင့်ဆင့်ထပ်တိုး တန်ဖိုးတွေကို ကောက်ခံတဲ့အခွန် ဒါကိုပေးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ တိုင်းပြည်ဘဏ္ဍာမှာ အခွန်ဝင်ငွေလျော့သွားနိုင်တယ်ဆိုတဲ့ စိုးရိမ်ချက်ကို တော်တော်များများလျော့ပါးသွားအောင်ပြုလုပ်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီကြုံတွေ့နေရတဲ့ ပြဿနာနဲ့ပတ်သက်ပြီး ဒုတိယအချက် ကျွန်တော် ထပ်ပြီးတော့ စဉ်းစားမိတာရှိပါတယ်။ ဒါကတော့ ကမ္ဘာ့ချမ်းသာဖွံ့ဖြိုးပြီး နိုင်ငံများနည်းတူ အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးနယ်မြေ၊ AFTA အတွင်းမှာ တိုင်းပြည်ဝင်ငွေ GDP နဲ့ နိုင်ငံတွင် ပါဝင်သော အမျိုးမျိုးသောအခွန်အခများ၊ ပါဝင်မှုရာခိုင်နှုန်းမှာ ဝင်ငွေခွန်က ပထမ၊ ကုန်စည် နှင့် ဝန်ဆောင်မှုထုတ်လုပ်သည့်အပေါ် ထပ်တိုးတန်ဖိုးခွန်ကဒုတိယ၊ အဲဒီနောက်မှာမှ ကျွန်တော်တို့ ပြည်ပကုန်သွယ်ရေးအပေါ်ကအခွန်ကအနည်းစုဖြစ်ပါတယ်။ ဒီဇယားကိုလည်းပဲ ကျွန်တော် စောစောကပြောတဲ့ စက်မှု(၂)ဝန်ကြီးရဲ့စာအုပ်ကိုပဲ အလွယ်တကူအားလုံးလည်းတွေ့နိုင်မယ်၊ မျှော်လင့်လို့ စာမျက်နှာ ၁၇ မှာ ဖော်ပြထားတဲ့ဇယားကို ပြန်ပြီးတော့ကြည့်ရင် ထင်ထင်ရှားရှားတွေ့ရမှာ ဖြစ်ပါတယ်ဆိုတာကို

ရည်ညွှန်းလိုပါတယ်။ အဲဒီတော့ဒီမှာ အင်ဒိုနီးရှားနိုင်ငံဆိုလို့ရှိရင် ဝင်ငွေခွန်က GDP ရဲ့ ၁၀.၄ ရာခိုင်နှုန်းပါဝင်ပါတယ်။ အခြားသော ကုန်စည်နဲ့ဝန်ဆောင်မှုများထုတ်လုပ်မှုအပေါ်မှာ ကောက်ခံတဲ့ Value Added tax က GDP ရဲ့ ၅.၁ရာခိုင်နှုန်း ပါဝင်ပါတယ်။ နိုင်ငံတကာကုန်သွယ်ရေးအပေါ်မှာရရှိတဲ့ အခွန်ကတော့ ဒါ သွင်းကုန်အခွန်လည်းပါဝင်ပါတယ်၊ သွင်းကုန်အခွန်ကတော့ လိုအပ်ချက်ကလေး ရှိပါတယ်။ သူ့ကဘာဖြစ်လဲ ဆိုလို့ရှိရင် တိုင်းပြည်ထဲမှာ ဇိမ်ခံကုန်ပစ္စည်းတွေ သွင်းလာတာမျိုးတွေ မလိုလားအပ်တဲ့ ပစ္စည်းသွင်းလာတာမျိုးလေးတွေ ဒါတွေအတွက် ကောက်ခံတဲ့ကိစ္စလည်းပါဝင်တဲ့ အတွက်ကြောင့် နိုင်ငံတကာကုန်သွယ်ရေးကရရှိတဲ့အခွန်ဟာ GDP ရဲ့ ၀.၅ ရာခိုင်နှုန်းသာလျှင် အင်ဒိုနီးရှားနိုင်ငံမှာ ရှိပါတယ်။ နောက်တစ်နေရာဖြစ်တဲ့ စင်္ကာပူနိုင်ငံမှာကြည့်မယ်ဆိုရင်လည်း ဝင်ငွေခွန်ကနေပြီးတော့ GDP ရဲ့အချိုးက ၆.၇ ရာခိုင်နှုန်းရှိပြီးတော့ ကုန်စည်နဲ့ဝန်ဆောင်မှု ထပ်တိုးခွန်တွေက GDP ရဲ့ ၄.၇ ရာခိုင်နှုန်းရှိပါတယ်။ နိုင်ငံတကာကုန်သွယ်ရေးကရရှိတဲ့ GDP ရဲ့အချိုး ဖြစ်တဲ့ အခွန်ကတော့ ၀.၃ ရာခိုင်နှုန်းသာရှိပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ပို့ကုန်ခွန်လျှော့ချလိုက်လို့ နိုင်ငံတော်ရဲ့ဝင်ငွေမှာ လျော့ကျသွားစရာ အကြောင်းတရားအနေနဲ့ လောလောဆယ်မှာ များတယ် ဆိုပေမယ့်လည်းပဲ ကျွန်တော် စောစောကပြောခဲ့သလိုပါပဲ ကျွန်တော်တို့ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေနဲ့ အာဆီယံစံနှုန်းနဲ့လိုက်ပါလုပ်ဆောင်ရမယ့်ကိစ္စမှာ ဒီအခွန်ကိစ္စလည်းပါဝင်ပါတယ်။ ဒီရပြီဆိုလို့ရှိရင် ကျွန်တော်တို့အနေနဲ့ အစတော့ အလေ့အကျင့်မရသေးတော့ စိုးရိမ်တာ၊ ခက်ခဲတာ တွေရှိနိုင်ပါတယ်။ သို့သော်လည်းပဲ ဖြည်းဖြည်းချင်း ဒီပို့ကုန်အခွန်အပေါ်မှာ အမှီသဟဲပြုတဲ့ သဘော သဘာဝလေး လျော့ကျသွားတာကို အသားကျသွားမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ နောက်တစ်ချက်က ဒါနဲ့ပတ်သက်လို့ ကြုံကြိုက်လို့ပဲပေါ့လေ၊ ပို့ကုန်ခွန်ကလျှော့သွားပြီဆိုလို့ရှိရင် တခြားသော အခွန်ကိုဖိဖိစီးစီး ကောက်ခံဖို့တော့လိုပါတယ်။ ဒါနဲ့ ပတ်သက်လို့ကလည်းပဲ ကျွန်တော့်အနေနဲ့ ကတော့ ဒီဝန်ကြီးရဲ့စာတမ်းကိုပဲ ဆက်ပြီးတော့ထောက်ပြပါရစေ၊ ဝန်ကြီးက ဒီမှာ သူ့စာတမ်းမှာ စာမျက်နှာ ၁၃ မှာဖြစ်ပါတယ်။ မူဝါဒဆိုင်ရာ အကြံပြုချက်ဆိုတာ ရှိပါတယ်။ ဒီမူဝါဒဆိုင်ရာ အကြံပြုချက်မှာ ကျွန်တော်စောစောကပြောတဲ့ နိုင်ငံတော်ရဲ့ဌာနဆိုင်ရာကို ဖြတ်သန်းရတဲ့ Transition Costs တွေရော၊ အခြားပေးဆောင်ရတဲ့ Compliance Costs တွေရော ဒါတွေနဲ့ပတ်သက်ပြီးတော့ ဝေဖန်ချက်လေးရှိသလို တရားဝင်သတ်မှတ်ဝင်ငွေရှိသူအားလုံး အခွန်ထမ်းဖြစ်လာခဲ့လို့ရှိရင် စနစ်တကျကောက်ခံမယ် ဆိုလို့ရှိရင် ဖိဖိစီးစီးလုပ်ကိုင်ကြမယ်ဆိုလို့ရှိရင် နိုင်ငံတော်ရဲ့ အခွန်တက်လာမယ် ဆိုတဲ့အကြောင်း နည်းလမ်းလေးလည်းပါပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒီအပိုင်းကို ဒီစာတမ်းမှာ ဖော်ပြတဲ့အတိုင်း ဖိဖိစီးစီးလုပ်ကိုင်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ စိုးရိမ်ကြောင့်ကြဖြစ်နေတဲ့ နိုင်ငံတော်ရဲ့

ဘတ်ဂျက်ဝင်ငွေမှာ လျော့နည်းသွားသလားဆိုတဲ့ စိုးရိမ်ကြောင့်ကြမှု လျော့ပါးသွားလိမ့်မယ်လို့ ကျွန်တော် ယုံယုံကြည်ကြည်နဲ့ ဆက်လက်တင်ပြပါတယ်။ ဒီတော့ကာ နိဂုံးပိုင်းအနေနဲ့ပဲ ကျွန်တော် ဆက်ပြောရလို့ရှိရင် ကျွန်တော်တို့ ပို့ကုန်တင်သွင်းတဲ့ ပြည်သူတွေရဲ့ခံစားချက် လုပ်ကိုင်ရတဲ့အနေ အထား ဒါတွေနဲ့ပတ်သက်ပါတယ်။ ပိုပြီးတော့ပေါ့လေ အဲဒီမှာ ကျွန်တော်တို့ ပို့ကုန်တစ်ခုကို ဈေးကွက်ကိုရှာရတာလည်း တော်တော်လေးပင်ပန်းတဲ့ ကိစ္စဖြစ်ပါတယ်။ ပြီးတော့ကာ ဈေးကွက်က တော့ရှိနေပြီ ဒါ ဒီဟာ ပို့ရင်ဖြစ်လောက်တယ်၊ ဆိုတာမျိုးကို စဉ်းစားပြီးညှိကြတဲ့အခါ ဝိုင်းဝန်းပြီး ဆွေးနွေးတိုင်ပင်ကြတယ်။ နိုင်ငံတော်အစိုးရလည်းပဲ တင်ပြပြီးတော့ ဒီလိုအကူအညီ ဘာညာလိုအပ် တယ် ဆိုတာလည်းတင်ပြပြီး၊ တစ်ခါငွေရင်းစိုက်ထုတ်ပြီးတော့ ငါးကန်တွေဆိုလို့ရှိရင်လည်း ကျွန်တော် တို့ တော်တော်ကုန်ကျခံရပြီးတော့ တူးရပြုရတာပါပဲ စက်မှုဇုန်ကြီးတွေမှာ ပို့ကုန်အတွက် ထုတ်လုပ် နိုင်ဖို့ အတွက်လည်း အဲဒါကတော့ပို့ကုန်လုပ်ငန်းရှင်အနေနဲ့ကတော့ ဒီအတွက်အရင်းအနှီးအမြောက် အများ သုံးစွဲထားပြီးသားရှိနေသလို့ အခုလိုလက်ငင်းအခက်အခဲနဲ့ စုပုံလာတဲ့အခက်အခဲ အဟန့် အတားတွေအများကြီး ရှိနေတဲ့ကြားကနေပြီးတော့ မျှော်လင့်ချက်တစ်ခုအနေနဲ့ကတော့ သက်သာရာ သက်သာကြောင်းအနေနဲ့က နိုင်ငံတော် ပိုင်းကနေပြီးတော့ ပို့ကုန်ခွန်များနဲ့ ပတ်သက်ပြီးတော့ လျှော့ချ ပယ်ဖျက်ပေးဖို့လိုလားတဲ့ ဆန္ဒတွေလည်းရှိပါတယ်။ အများစုပြောတဲ့ ပြင်ပစကားပေါ့လေ ပြောသံလေး တွေကတော့ ကြိုးစားတဲ့လူမှာ ဆုလာဒ်မရဘဲနဲ့ဒဏ်ရတယ်ဆိုတဲ့ သဘောတရားမျိုး။ အခုလောလော ဆယ်မှာ ခံစားနေရတာလေးတွေရှိပါတယ်၊ တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပို့ကုန်ရဲ့ထောက်ပံ့တဲ့ အကြောင်းရင်းတွေကလည်း ပထမဆုံး ပြောသွားပြီးဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်ရဲ့ အဆိုတင် သွင်းမှုကို ဒီနေရာမှာတင်ပဲ နိဂုံးချုပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၄၂။**

**ဥက္ကဋ္ဌ။** ။ ယခု ဦးကြည်မြင့် တင်သွင်းသွားတဲ့ အဆိုကိုထောက်ခံမယ့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သယ်္ဘန်းကျွန်းမဲဆန္ဒနယ်)။** ။ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ သယ်္ဘန်းကျွန်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် ဖြစ်ပါတယ်။ ဦးကြည်မြင့် လသာ မဲဆန္ဒနယ်က တင်သွင်းသွားတဲ့ ရင်းနှီးမြှုပ်နှံမှုစရိတ်ကျဆင်းစေရန် သွင်းကုန်များနဲ့ ပို့ကုန်တိုးတက်ပြီး စီးပွားရေးတိုးတက်နှုန်း မြင့်မားမြန်ဆန်ရန်နှင့် ပို့ကုန်ခွန်များကို လုံးဝဖယ်ရှားသွားရေးအဆိုနဲ့ပတ် သက်၍ ဤပြည်သူ့လွှတ်တော်မှ ဆွေးနွေးသင့်ကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

## အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့် တင်သွင်းတဲ့အဆိုကို မနက်ဖြန် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက် ဗုဒ္ဓဟူးနေ့ ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ ဆွေးနွေးပါမယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၈ (ဂ) အရ ဆွေးနွေး မယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီကနေ့ ညနေပိုင်းမှာ ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြား ရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## ဦးကြည်မြင့်၊ လသာမဲဆန္ဒနယ်၏ "စီးပွားရေးနိုးဆွ ငွေကြေးကြိုတင်သုံးစွဲသမျှ ဘတ်ဂျတ်ကာလ တစ်ခုအတွင်း ပြန်လည်ဖြည့်တင်းသွားရန် စောင့်ကြည့် ထိန်းကျောင်းအဖွဲ့အစည်းတစ်ရပ် ထူထောင်လုပ်ကိုင်ရေး" အဆိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ ခုနက ဦးကြည်မြင့်တင်ပြသွားတာ ကျွန်တော်လည်း သဘောပေါက်ပါတယ်။ သို့သော် အချိန်ကန့်သတ်ချက်ကြောင့် မိနစ် ၂၀ ကြာသွားတဲ့အခါမှာ အော်တိုပိတ်သွားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီတစ်ခါအဆိုတင်သွင်းလို့ရှိရင်လည်း ပြည့်စုံအောင်တော့တင်သွင်းပါ၊ သို့ရာတွင် မိနစ် ၂၀ အတွင်းမကျော်ရင်တော့ကောင်းပါတယ်။ ဆက်လက်ပြီး လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်အား အဆို ထပ်မံတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ကြွရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များကို မင်္ဂလာ အပေါင်းနဲ့ခညောင်းပါစေလို့ ကျွန်တော် ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ အခုတင်သွင်းလိုတဲ့အဆိုကတော့ စီးပွားရေးနှိုးဆွ ငွေကြေးကြိုတင်သုံးစွဲသမျှ ဘတ်ဂျက်ကာလ တစ်ခု အတွင်းမှာ ပြန်လည်ဖြည့်တင်းသွားဖို့ စောင့်ကြည့်ထိန်းကျောင်းအဖွဲ့အစည်းတစ်ရပ် ထူထောင် လုပ်ကိုင်ရေးဆိုတဲ့ အဆိုဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအဖွဲ့တစ်ဖွဲ့ရဲ့ ငွေကြေးစတင်သုံးစွဲမှုဟာ နိုင်ငံတော်အတွင်းမှာ စီးပွားရေးလုပ်ငန်းများ၊ လူမှုရေးလုပ်ငန်းများ၊ ပြည်သူများကြားကို ရောက်ပြီး တော့အဲဒီအဆင့်မှာ အမျိုးမျိုးအဆင့်ဆင့်ပွားများပါတယ်။ ဒီမှာနှစ်ပိုင်းသွားတွေ့ရပါတယ်။ ကုန်ထုတ် စွမ်းအားရှိလုပ်ငန်းများဆီကို ဒီငွေကြေးများ ရောက်ရှိသွားတယ်ဆိုလို့ရှိရင် ကုန်ထုတ်လုပ်မှုတွေ တိုးတက်ပါတယ်၊ အလုပ်အကိုင်တွေ တိုးတက်ပါတယ်။ ကုန်ပစ္စည်းပေါ်များပြီးတော့ ကုန်စျေးနှုန်း ကျဆင်းပါတယ်။ လူတစ်ဦးချင်းရဲ့ လက်ရှိရရှိနေတဲ့လုပ်ခ၊ လစာဝင်ငွေတွေနဲ့ ကုန်စျေးနှုန်းအချိုးဟာ

သိသိသာသာ တိုးတက်လာပြီးတဲ့နောက်မှာ ပြည်သူတွေကြားမှာ စုဆောင်းနိုင်ဖို့ ဖြစ်ပါတယ်။ ယုတ်စွအဆုံး ကိုယ့်မိသားစုမှာ ဆေးကုသမှုခံယူမယ်ဆိုရင် သူများတကာလိုပဲ ဆေးခန်းမှာသွားမယ်၊ ဆေးဆိုင်မှာဝယ်မယ်၊ ကျောင်းထားမယ်ဆိုလို့ရှိရင်လည်းပဲ ကိုယ့်ကလေးကို အများတန်းတူ ထားနိုင်မယ်၊ နောက်တစ်ခါ အိုးပိုင်အိမ်ပိုင်ဖြစ်ဖို့လည်းပဲ စုဆောင်းပြီးတော့၊ ဝယ်နိုင်၊ စုနိုင်မယ်၊ နိုင်ငံတော်ကို တန်ဖိုးနည်းအိမ်ရာ တည်ဆောက်ပေးပါ။ နိုင်ငံတော်ကို ကလေးပညာသင်ကြားရေး အတွက် ဘယ်လိုထောက်ပံ့ပေးပါ၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျွန်တော်တို့ကို ဘယ်လို လုပ်ပေးပါ ဆိုတာမျိုးတွေ အနည်းနဲ့အများ လျော့ပါးသွားပြီးတော့ ကိုယ်ထူကိုယ်ထ၊ ကိုယ့်အား ကိုယ်ကိုး၊ ကိုယ့်မိသားစုနဲ့ကိုယ်သိုက်သိုက်ဝန်းဝန်းဂုဏ်ရှိရှိ လူတစ်လုံးသူတစ်လုံးအဖြစ်နဲ့ နေထိုင် သွားလာလုပ်ကိုင်နိုင်တဲ့အဆင့်ကို ရောက်ရှိသွားနိုင်ပါတယ်။ နိုင်ငံတော်အစိုးရတစ်ရပ်ရဲ့ ငွေကြေး စတင်သုံးစွဲမှုဟာ ကုန်ထုတ်လုပ်ငန်းတွေမဟုတ်ဘဲနဲ့ ကုန်ထုတ်စွမ်းအားမဲ့တဲ့ လုပ်ငန်းတွေပေါ်မှာ ပထမဆုံးကျရောက်သွားမယ်ဆိုလို့ရှိရင် ဒုတိယအဆင့်၊ တတိယအဆင့်အနေနဲ့ကတော့ ကုန်ထုတ် လုပ်ငန်းတွေကို စားသုံးမှုမှတစ်ဆင့်ရောက်ရှိသွားတာ မှန်ပါတယ်။ သို့သော်လည်းပဲ နိုင်ငံတော်အစိုးရ ဆိုတာကလည်းပဲ စီးပွားရေးတွေမှာမဟုတ်ဘဲနဲ့ လူမှုရေး၊ ကာကွယ်ရေး၊ လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးစတဲ့ကိစ္စရပ်တွေမှာလည်း သုံးစွဲရတာရှိပါတယ်။ လောလောဆယ်အနေနဲ့ ကျွန်တော်တို့ ပင်စင်စားတွေမှာလည်းပဲ ကုန်ဈေးနှုန်းနဲ့ သူတို့ရဲ့ဝင်ငွေလေးနဲ့ မမျှတလို့ တောင်းဆိုရတယ်။ တောင်းဆိုပေးရတယ်။ ဒါကိုဖြည့်ဆည်းပေးရတယ်ဆိုတဲ့ ကိစ္စမျိုးတွေလည်း ရှိပါတယ်။ ဒါဒီလိုလုပ်ငန်း မျိုးလေးတွေက စောစောကလို ကုန်ထုတ်လုပ်ငန်းကို တိုက်ရိုက်မရောက်ပါဘူး၊ တစ်ဆင့်တစ်ဆင့် ရောက်ပါတယ်။ သို့သော်လည်းပဲ ဒီလိုလုပ်ငန်းမျိုးလေးတွေမှာ သုံးစွဲလိုက်တဲ့ နိုင်ငံတော်ရဲ့ ငွေကြေးဟာ စီးပွားရေးလုပ်ငန်းတွေကို တိုက်ရိုက်မရောက်တဲ့အတွက်ကြောင့် တစ်နည်းအားဖြင့် ပြောရလို့ရှိရင် တော့ကုန်သိုလှောင်ကစားမှုတွေ၊ အိမ်၊ ခြံ၊ မြေ ဝယ်ယူသိုလှောင်ကစားမှုတွေစတဲ့ ကုန်ဈေးနှုန်းဈေးနှုန်းတက်မယ့်အပိုင်းတွေ ကင်းရှင်းသွားနိုင်တဲ့ အနေအထားပဲ ရှိပါတယ်။ အဲဒီတော့ ကျွန်တော် ဆွေးနွေးတင်ပြလိုတာက နိုင်ငံတော်အစိုးရအပိုင်းက သုံးစွဲသမျှငွေကြေးဟာ ဒါဟာ စတင် သုံးစွဲတဲ့ငွေကြေး ကျွန်တော်တို့ ဘောဂဗေဒမှာ ဒီစကားလုံးရှိပါတယ်။ နိုင်ငံတော်ဟာ စတင်သုံးစွဲ သူဆိုတဲ့စကားလုံးမှာ နိုင်ငံတော်ကစတင်သုံးစွဲလိုက်တဲ့ အမျိုးမျိုးရှိနိုင်တဲ့နေရာမှာ စောစောကပြော သလို ခွဲခြားလိုက်မယ်ဆိုလို့ရှိရင် နှစ်မျိုးတော့ ရှိပါတယ်။ နှစ်မျိုးရှိတဲ့ကိစ္စမှာ ကုန်ထုတ်လုပ်ငန်းတွေကို ဒီငွေကြေးတွေ တိုက်ရိုက်ရောက်ဖို့နဲ့ တစ်ဆင့်ခံရောက်တဲ့နေရာမှာ မြန်မြန်ဆန်ဆန်ရောက်ဖို့ဆိုတဲ့ လိုအပ်ချက်ရှိပါတယ်။ ဒီအတွက် ကုန်ထုတ်လုပ်ငန်းတွေကို တိုက်ရိုက်ရောက်ခြင်းအားဖြင့် ကုန်ထုတ်

လုပ်မှုတိုးတက်ပြီးတော့ လူတွေမှာလည်း ဝင်ငွေပေါများလာပြီးတော့ တိုးပွားလာတဲ့ကုန်စည်အပေါ်မှာ အခွန်ရငွေကလည်း တက်လာပါမယ်၊ အဲဒီကတစ်ဆင့် နိုင်ငံတော်အစိုးရက သုံးစွဲလိုက်တဲ့ ငွေကြေးတွေကို ပြန်လည်ဖြည့်တင်းမှုဆိုတာ ဖြစ်သွားပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်စောစောက ပြောသလို လူမှုရေး၊ ကာကွယ်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ သဘာဝဘေးအန္တရာယ် ကြုံကြိုက်လို့ရှိရင်၊ ကူညီရေးစတာတွေအတွက် သုံးထားတဲ့ငွေကြေးတွေလည်း ရှိပါတယ်။ ဒါတွေနဲ့ ကုန်ထုတ်လုပ်ငန်းကို ရောက်ရှိတဲ့ငွေကြေးတွေက ပြန်ပေါ်လာမယ့် ကုန်ကျငွေနဲ့ ခန့်မှန်းပြီးတော့ တွက်ချက်ပြီးတော့ အစဉ်အမြဲ စောင့်ကြည့်ပြီး လိုအပ်တဲ့ထိန်းကျောင်းမှုပြုလုပ်တဲ့ ငွေကြေးဖောင်းပွမှု ထိန်းကျောင်းစောင့်ကြည့်ရေးဌာန(သို့မဟုတ်) အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းထားရှိမယ်ဆိုလို့ရှိရင် တိုင်းပြည်မှာ ငွေကြေးဖောင်းပွမှု အန္တရာယ်ကင်းဝေးသွားနိုင်တဲ့ အနေအထားရှိတယ်လို့ ကျွန်တော်ယုံကြည်လို့ ဒီအဆိုကို ကျွန်တော်တင်သွင်းခြင်း ဖြစ်ပါတယ်။ ငွေကြေးဖောင်းပွမှုဆိုတာက အမှန်တော့ တော်တော်ကြောက်ဖို့ကောင်းတဲ့ကိစ္စ ဖြစ်ပါတယ်။ ကျွန်တော်တို့ အလုပ်လုပ်ပေမယ့်လို့ သမင်မွေးရင်းကျားစားရင်းဆိုသလို ကျွန်တော်တို့ ဒီကနေ့ လုပ်အားခရတဲ့ ငွေတစ်ထောင်ဟာ ဒီနေ့မိသားစု ၃ ယောက်စားနိုင်ပေမယ့်လို့ ငွေကြေးဖောင်းပွမှု ဖြစ်လာတဲ့အခါမှာ သူ့ရဲ့တိုက်စားမှုခံရပြီးတဲ့နောက်မှာ မိသားစု ၄ ဦးရှိရင် ၃ ဦးလောက်က အလုပ်ထွက်လုပ်ရတဲ့ အနေအထား၊ ကျောင်းမနေနိုင်ရတော့တဲ့ အနေအထားမျိုး၊ ပညာဆက်မသင်နိုင်တဲ့ အနေအထားမျိုး၊ လက်ငင်းဝမ်းရေးကို ဖြေရှင်းတဲ့နေရာကို ကျွန်တော်တို့က ဆူလွယ်၊ နပ်လွယ်၊ ပြောင်းရွှေ့လုပ်ရတဲ့ အနေအထားမျိုး၊ ဒီလိုကိစ္စမျိုးတွေအထိ ကြုံကြိုက်နိုင်တဲ့ကိစ္စဖြစ်ပါတယ်။ ကမ္ဘာမှာလည်းပဲ ငွေကြေးဖောင်းပွမှုနဲ့ပတ်သက်လို့ တော်တော်လေး သတိထားရတဲ့ ကိစ္စတွေရှိပါတယ်။ ကျွန်တော် စောစောကတင်ပြသလို ငွေကြေးဖောင်းပွမှုဖြစ် လာနိုင်တဲ့အကြောင်းအရာတွေကို စောင့်ကြည့်ထိန်းကျောင်းတဲ့ အဖွဲ့အစည်းဆိုတာလည်း ဖွဲ့စည်းထားရှိလုပ်ကိုင်ကြပါတယ်။ ဒီတော့ ကျွန်တော့်အနေနဲ့ကတော့ သုံးစွဲလိုက်တဲ့ငွေကြေးနောက်ကိုလိုက်ပြီးတော့ ဘယ်လို၊ ဘယ်လောက်ကြာမယ့်နှစ်ကာလ ဘောဂဗေဒမှာကတော့ နှစ်လတ်ကာလကို သတ်မှတ်ပါတယ်၊ လေးနှစ်နဲ့ငါးနှစ်လောက် ဒီကြားထဲမှာ သုံးစွဲသမျှငွေကြေးအားလုံး နိုင်ငံတော်ကိုအခွန်ရငွေကတစ်ဆင့်ပြန်လည်ပြီးတော့ ဝင်သွားနိုင်ဖို့အရေးကို အားထုတ်ကြိုးပမ်းဖို့အတွက် စောင့်ကြည့်ထိန်းကျောင်းတဲ့ အဖွဲ့အစည်းမျိုးဆိုတာထားရှိဖို့လိုအပ်တယ်လို့ထင်လို့ဒီအဆိုကိုတင်သွင်းခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အခု ဦးကြည်မြင့် တင်သွင်းသွားတဲ့ အဆိုကိုထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမဲဆန္ဒနယ်က ဦးသိန်းညွန့် ဖြစ်ပါတယ်။ ဦးကြည်မြင့် လသာမဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကတော့ စီးပွားရေးနှီးဆွဲငွေကြေးသုံးစွဲသမျှ ဘတ်ဂျက်ကာလ တစ်ခုအတွင်း ပြန်လည်ဖြည့်တင်းသွားရန် စောင့်ကြည့်ထိန်းကျောင်း အဖွဲ့အစည်း တစ်ရပ်ထူထောင် လုပ်ကိုင်ရေးအဆိုအား နိုင်ငံတော်ရဲ့ စီးပွားရေးဆိုင်ရာ စဉ်းစားသင့်တဲ့ အဆိုတစ်ရပ် ဖြစ်တဲ့အတွက် ဤပြည်သူ့လွှတ်တော်တွင် ဤအဆိုကို ဆွေးနွေးသင့်ကြောင်း ကျွန်တော် ထောက်ခံတင်ပြအပ်ပါတယ်။

## အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**အချိန်၊ ၁၃း၅၃။**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့် တင်သွင်းတဲ့အဆိုကို မနက်ဖြန် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီကနေ့ ညနေပိုင်းမှာ ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြဖို့ ဖြစ်ပါတယ်။

## ဒေါက်တာမောင်မောင်ဝင့်၊ ဗဟန်းမဲဆန္ဒနယ်၏ "မြန်မာနိုင်ငံဆေးကောင်စီ (Myanmar Medical Council ) အား အစိုးရမဟုတ်သော လွတ်လပ်သော Professional Body အဖြစ် ရပ်တည်ခွင့်ပြုမိန့်" အဆိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့်က အဆိုတစ်ရပ် တင်သွင်းလိုကြောင်း ကြိုတင်တင်ပြထားပါတယ်။ ဒေါက်တာမောင်မောင်ဝင့် အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ် ပါတယ်။

**အချိန်၊ ၁၃း၅၃။**

**ဒေါက်တာမောင်မောင်ဝင့်(ဗဟန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ မေတ္တာပို့ဆုတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ် ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ဗဟန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်မောင်ဝင့် ဖြစ်ပါတယ်။ ကျွန်တော် တင်ပြမယ့်အဆိုကတော့ မြန်မာနိုင်ငံ ဆေးကောင်စီ

(Myanmar Medical Council )အား အစိုးရမဟုတ်သော လွတ်လပ်သော Professional အဖွဲ့အစည်းအဖြစ် ရပ်တည်ခွင့်ပြုပါရန် အဆိုဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ ဆေးကောင်စီကို ဗဟိုအဖွဲ့အစည်းတစ်ခုအနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဝါရင့်ပါမောက္ခဌာနမှူးများနဲ့ ပြည်နယ်တိုင်းဒေသကြီးများမှ ကျန်းမာရေးဦးစီးများ ဝါရင့်ကုသရေးဆရာဝန်ကြီးများနဲ့ ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ လုပ်ငန်း အလိုက် ဆပ်ကော်မတီအသီးသီးကိုလည်း ဖွဲ့စည်းထားပါတယ်။ ဒီဆေးကောင်စီဟာ တက္ကသိုလ်များမှ သင်ကြားလေ့ကျင့်မွေးထုတ်ပေးသော ဆရာဝန်များ၏ အရည်အသွေး သင်တန်းများ၏ ဆီလျော်အပ် စပ်မှု၊ ထိရောက်မှုအစရှိသော သင်ကြားလေ့ကျင့်ရေးကိစ္စများနှင့် ပတ်သက်၍ သုံးသပ်ခြင်း၊ အကြံပေး ခြင်းများပြုနိုင်သကဲ့သို့ ဆရာဝန်ကျင့်ဝတ်သိက္ခာ ထိန်းသိမ်းကြပ်မတ်မှုနှင့် လိုအပ်သလိုအရေးယူ ဆောင်ရွက်မှုများလည်း ပြုလုပ်ပိုင်ခွင့်ရှိပါတယ်။ လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှု အားနည်းခြင်း၊ တာဝန် ပေါ့ဆမှုရှိခြင်းတို့ကြောင့် ပြဿနာများပေါ်ပေါက်၍ တိုင်ကြားမှုများရှိလာလျှင် လည်း အမှုစစ်ဆေးခြင်းနှင့် လိုအပ်သလို အရေးယူခြင်း၊ အပြစ်ပေးခြင်းများကို ဆောင်ရွက်ရပါတယ်။

နိုင်ငံခြားမှရရှိသော ဘွဲ့လက်မှတ်များနှင့် ပြည်ပမှလာရောက်ဆေးကုသမှု ပေးလိုသူ ဆရာဝန်များ၏ ဘွဲ့လက်မှတ်များ၊ ကျွမ်းကျင်မှုများ၊ လုပ်ပိုင်ခွင့်များကိုလည်း စိစစ်သတ်မှတ်ခြင်းတို့ သည်လည်း ဆေးကောင်စီလုပ်ငန်းမှာ အကျွမ်းဝင်ပါတယ်။ ပြည်တွင်းမှာ လေ့ကျင့်မွေးထုတ်ပေးသော ဆရာဝန်များ၏ဘွဲ့အသီးသီးကို မှတ်ပုံတင်ခြင်း၊ဆေးကုသခွင့်လိုင်စင်ထုတ်ပေးခြင်း၊ဆမကန့်သတ်ခြင်း၊ ပြန်လည်ထုတ်ပေးခြင်းနဲ့ ပြည်ပနိုင်ငံများသို့ သွားရောက်ရာတွင်လည်း လိုအပ်ပါက ထောက်ခံစာများ ပေးခြင်းတို့ကိုလည်းဆောင်ရွက်ရပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဆေးကောင်စီများကွန်ဂရက် တွင်လည်းချိတ်ဆက်ပါဝင်၍ ဆေးပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကိုလည်း ဆောင်ရွက်လျက် ရှိပါတယ်။ ပုံမှန်ဆက်သွယ်မှုရှိနေရန်လည်း အင်မတန်မှလိုအပ်ပါ တယ်။

မြန်မာနိုင်ငံဆေးကောင်စီဟာ ကျန်းမာရေးဝန်ကြီးဌာနအောက်တွင်ရှိသော အဖွဲ့အစည်း ဖြစ်ပါ တယ်။ ဖာသာ Funding Sources များရှိသဖြင့် ကောင်းစွာလည်ပတ်နိုင်ပါတယ်။ ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံအသီးသီးမှာ ဆေးကောင်စီများသည် လွတ်လပ်သော Independent Professional Bodies များ ဖြစ်ကြပါသည်။ အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ ပုဂ္ဂိုလ်ရေး ဩဇာသက်ရောက်မှုများ ကင်းရှင်း၍ မိမိတို့ဆေးလောကနှင့် အများပြည်သူတို့အကျိုးကိုသာ စူးစိုက်ဦးတည်၍ ပြတ်သားခိုင်မာစွာ ရပ်တည်ရပါတယ်။

ထို့ကြောင့် တခြားနိုင်ငံများမှ ဆေးကောင်စီများနည်းတူ မြန်မာနိုင်ငံ ဆေးကောင်စီကိုလည်း အစိုးရမဟုတ်သော Professional အဖွဲ့အစည်းအဖြစ် ရပ်တည်ခွင့်ပြုသင့်ကြောင်း ဆေးပညာရှင်အများ၏ဆန္ဒနှင့်အညီ အဆိုပြုတင်ပြအပ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ကျွန်တော်ဆက်လက်တင်ပြလိုတာက မြန်မာနိုင်ငံဆေးကောင်စီမှာ ပီပြင်သော ရည်ရွယ်ချက်များ၊ တာဝန်ဝတ္တရားများနှင့် လုပ်ငန်းဆောင်တာများကို ပညာရှင်များ၊ ပါမောက္ခများ၊ အုပ်ချုပ်ရေးဆိုင်ရာ ဝန်ထမ်းကြီးများ ပါဝင်သောအဖွဲ့က အကြိမ်ကြိမ်ပြန်လည်သုံးသပ်ညှိနှိုင်းပြီး ရေးဆွဲ၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် ရှေ့နေချုပ်ရုံးသို့ တင်ပြအတည်ပြုပြီးဖြစ်ပါတယ်ခင်ဗျား။ သို့ပေမယ့် လုပ်ငန်းဆိုင်ရာလုပ်ငန်းကိစ္စများဆောင်ရွက်နိုင်ရန် နည်းဥပဒေများရေးဆွဲ၍ ရှေ့နေချုပ်ရုံးသို့ တင်ပြထားသော်လည်း ယခုတိုင် အတည်ပြုချက်မရရှိသေးသဖြင့် လုပ်ကိုင်ဆောင်ရွက်ရာတွင် အကန့်အသတ်များ ကြုံတွေ့နေရပါတယ်။ ထို့ကြောင့် တစ်ဆက်တည်းမှာပဲ လုပ်ငန်းများထိရောက်စွာ ဆောင်ရွက်နိုင်ရန်တင်ပြထားသော လုပ်ထုံးလုပ်နည်းဥပဒေများ အတည်ပြုရန်လည်း လိုအပ်လျက်ရှိကြောင်း လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူး တင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခု ဒေါက်တာမောင်မောင်ဝင့် တင်သွင်းသွားတဲ့ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းရီ(ထန်းတပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီ ဖြစ်ပါတယ်။ ဒေါက်တာမောင်မောင်ဝင့် ဗဟန်းမဲဆန္ဒနယ်၏ မြန်မာနိုင်ငံဆေးကောင်စီ Myanmar Medical Council အား အစိုးရမဟုတ်သော လွတ်လပ်သော Professional Bodies အဖြစ် ရပ်တည်ခွင့်ပြုတဲ့အမိန့်အဆိုအား ယနေ့ကျန်းမာရေးကဏ္ဍအရ လိုအပ်နေပါသဖြင့် လက်ခံသင့်ပါကြောင်း ထောက်ခံတင်သွင်းအပ်ပါတယ်။

## အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**အချိန်၊ ၁၃း၅၈။**

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်များခင်ဗျား။ ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် တင်သွင်းတဲ့အဆိုကို မနက်ဖြန် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက် ဗုဒ္ဓဟူးနေ့ အစည်းအဝေးမှာ

ဆွေးနွေးပါမယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီကနေ့ ညနေပိုင်းမှာ ပြည်သူ့လွှတ်တော်ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ပါတယ်။

## ဒေါက်တာမောင်မောင်ဝင့်၊ ဗဟန်းမဲဆန္ဒနယ်၏ "ဆေးပညာရှင်များ ကာကွယ်ရေးအဖွဲ့ အား ဖွဲ့စည်းနိုင်ရေးအတွက် လိုအပ်သောဥပဒေ၊ နည်းဥပဒေများ စီမံဆောင်ရွက်သင့်ကြောင်း" အဆို တင်သွင်းခြင်း

**အချိန်၊ ၁၃း၅၉။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုတင်သွင်းခြင်း အစီအစဉ် ဆက်လက်ဆောင်ရွက်ပါမယ်။ ဆေးပညာရှင်များ ကာကွယ်ရေးအဖွဲ့ Medical Protection Society အား ဖွဲ့စည်းနိုင်ရေးအတွက် လိုအပ်သော ဥပဒေ၊ နည်းဥပဒေများ စီမံဆောင်ရွက်သင့်ကြောင်းအဆိုကို တင်သွင်းမယ့် ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့်အား အဆိုထပ်မံတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမောင်မောင်ဝင့်(ဗဟန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က Medical Protection Society ဆေးပညာရှင်များ ကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းရန် အဆိုတင်သွင်းမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော်တို့ ကျန်းမာရေးစောင့်ရှောက်မှုပေး ရာမှာ ၂၀ ရာစု နှစ်ဦးခန့်မှစ၍ ကမ္ဘာနှင့်အဝှမ်းမှာ ရောဂါရှာဖွေခြင်း၊ ကုသမှုပေးခြင်း အမျိုးမျိုးတို့ သည် အံ့မခန်းအဆင့်မြင့်မား ပြည့်ဝလာသည်နှင့်အမျှ ကုသမှုဆိုင်ရာလုပ်ငန်း၏ သဘောသဘာဝနှင့် လုပ်ဆောင်မှုများသည်လည်း ကျယ်ပြန့်ရှုပ်ထွေးလာခဲ့ပါသည်။ လုပ်ငန်းနှင့်နီးနွယ်၍ ပုဂ္ဂိုလ်ရေး၊ လူမှုရေးကျင့်ဝတ်ပိုင်းဆိုင်ရာများသာမက နိုင်ငံရေး၊ ဘာသာရေးကဏ္ဍများနှင့်လည်း ငြိစွန်းမှုများ ပေါ်ပေါက်လာပါတယ်။ ရောဂါရှာဖွေခြင်း၊ ကုသမှုအမျိုးမျိုးပေးခြင်း၊ ကုသမှုပိုင်းဆိုင်ရာ ဆုံးဖြတ်ချက် များချမှတ်ခြင်းနှင့် အကြံပေးခြင်းတို့အတွက် ဆေးပညာရှင်များဘက်မှ ပေါ့ဆခြင်း၊ မှားယွင်းခြင်း၊ လိုအပ်ချက်များ မပြည့်မီခြင်းတို့ကြောင့်လူနာများ ထိခိုက်နစ်နာမှု ရှိရုံမက အသက်ဆုံးရှုံးသည်အထိ လည်း ဖြစ်နိုင်ပါတယ်။ စေတနာသဘောရိုးဖြင့် ဆောင်ရွက်ရာမှာ အမှားအယွင်းများလည်း ရှိနိုင် ပါတယ်။ ရှိတတ်ပါတယ်။

သို့ရာတွင် လူနာများနှင့် လူနာရှင်များဘက်က အထင်အမြင်လွဲမှား၍ တိုင်ကြားခြင်း၊ တရားစွဲဆိုခြင်း၊ လျော်ကြေးငွေတောင်းခံခြင်းများလည်း ရှိသည့်အတွက် ဆရာဝန်တစ်ဦး/ဆေးရုံဆေးခန်းတစ်ခုအနေဖြင့် အတိုင်းမသိ နစ်နာထိခိုက်သော သာဓကများလည်း နိုင်ငံတိုင်းမှာ ရှိပါတယ်။ ဆေးကုသမှုပေးခြင်း၊ တာဝန်ယူခြင်းတို့ကို မပြုလုပ်လိုသော ဆရာဝန်များပင် ရှိနေပါတယ်။ ထို့ကြောင့် UK ကဲ့သို့ နိုင်ငံများမှာ လူနာများအား ကုသမှုပေးသော လုပ်ငန်းအမျိုးမျိုးတို့တွင် လက်တွေ့ပါဝင်လေ့လာခြင်း၊ အထူးသဖြင့် ကုသမှုပေးခြင်းတို့ ဆောင်ရွက်ရန် ဆရာဝန်များ၊ ပညာရှင်များသည် Medical Protection Society သို့ ဝင်ကြေးငွေပေး၍ အသင်းဝင်အဖြစ်ဝင်ထားရန် လိုအပ်ပါတယ်။ အကြောင်း တစ်စုံတစ်ခု ဖြစ်ပေါ်ပါက ထို Medical Protection Society မှ လုပ်ငန်းဆိုင်ရာ အကြံပေးခြင်း၊ ဥပဒေ ပိုင်းဆိုင်ရာ ပံ့ပိုးမှုပေးခြင်း၊ လိုအပ်ပါက လျော်ကြေးငွေ ကျခံပေးခြင်းစသည်ဖြင့် လိုအပ်သလို ဆောင်ရွက်ပေးလေ့ရှိပါတယ်။ ဒီအဖွဲ့အစည်းဟာ ကျန်းမာရေးစောင့်ရှောက်မှုပေးရာမှာ မဖြစ်သင့်သည်များ မဖြစ်ပေါ်အောင် ကူညီပံ့ပိုးမှုများ၊ ညွှန်ကြားမှုများ ပေးသည်သာမက ပြဿနာများဖြစ်လာပါက ဆရာဝန်/လူနာ ခွဲခြားမှုမထားဘဲ တရားမျှတမှုရှိရန်ကိုသာ ဦးတည်ချက်အဖြစ် သတ်မှတ်ခံယူ၍ ဆောင်ရွက်ရခြင်း သဘောလည်းရှိပါတယ်။

ယခုအခါမှာ မြန်မာနိုင်ငံတွင်လည်း အခြားနိုင်ငံများနည်းတူ တိုင်တန်းမှု၊ စွပ်စွဲမှု၊ လျော်ကြေးတောင်းခံမှုများ ပိုမိုများလာလျက် ရှိပါတယ်။ အမြင်မှားခြင်း၊ မသိနားမလည်ခြင်းနှင့် ကိုယ်ကျိုးစီးပွားအတွက် လီဆယ်၍ တိုင်ကြားခြင်းများ အများအပြား ပါဝင်ပါတယ်။ ထို့ကြောင့် UK စသော နိုင်ငံများကဲ့သို့ Medical Protection Society ဖွဲ့စည်းထားရန် အထူးလိုအပ်လျက်ရှိပါကြောင်း ဆေးပညာလောကမှ သုံးသပ်ကြပါတယ်။ ဆေးကုသမှုပေးရာတွင် ဆေးရုံ၊ ဆေးကုသမှုဌာန၊ ဆေးခန်းစသည်ဖြင့် ရှိသလို အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် တာဝန်ခံခြင်းတို့တွင်လည်း အစိုးရ၊ ပုဂ္ဂလိက၊ အသင်းအဖွဲ့စသည်ဖြင့် ရှိပါတယ်။ ကုသရေးဆိုင်ရာ ပညာရှင်များမှာလည်း ပညာရပ်အလိုက် အထူးကုဆရာဝန်၊ အထွေထွေအထူးကုဆရာဝန်၊ သာမန် အထွေထွေရောဂါကုဆရာဝန်များ ရှိကြပါတယ်။ Medical Protection Society အဖွဲ့အစည်းထူထောင်ရာမှာ ဘဏ္ဍာလုပ်ငန်း၊ အာမခံစနစ်၊ ဥပဒေနဲ့ နည်းဥပဒေဆိုင်ရာကဏ္ဍများလည်း ပါဝင်ကြပါတယ်။ Medical Protection Societyနှင့် စပ်လျဉ်းသော ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် ဝါဏိဇ္ဇခုံရုံးသီးခြားထား၍ ဖြေရှင်းသလို ညှိနှိုင်းဆွေးနွေးခြင်းဖြင့် တရားရုံးသို့မရောက်ဘဲ ဖြေရှင်းပေးမှုများလည်း ရှိပါတယ်။

ဒီအဖွဲ့မှာ အစိုးရမဟုတ်သော NGO သာဖြစ်၍ ဆေးကုသမှုပေးသော ဆရာဝန်များနှင့် ဆိုင်ရာဆေးရုံများက မိမိတို့အသီးသီးနှင့် သင့်လျော်သော ပုံစံအနေအထားဖြင့် ဖွဲ့စည်းရန် တိုင်ပင်

ဆွေးနွေးပြီး လိုအပ်သော ဥပဒေ၊ နည်းဥပဒေများကိုလည်း ပြဋ္ဌာန်းနိုင်ရန် စီမံဆောင်ရွက်သင့်ကြောင်းနှင့် ဆိုင်ရာဝန်ကြီးဌာနများ အသင်းအဖွဲ့များကလည်း ပံ့ပိုးမှုများပေးပါရန် အဆိုတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ယခု ဒေါက်တာမောင်မောင်ဝင့် တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကျော်စိန်(ကျောက်တန်းမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာပါစေလို့ ဆုတောင်းမေတ္တာပို့သရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဗဟန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်မောင်ဝင့် အဆိုပြုတင်သွင်းသွားတဲ့ Medical Protection Society ဆေးပညာရှင်များ ကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ရေးအဆိုတင်သွင်းမှုကို ထောက်ခံအပ်ပါကြောင်း လေးစားစွာတင်ပြ အပ်ပါတယ်ခင်ဗျား။

## အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**အချိန်၊ ၁၄း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ထပ်မံတင်သွင်းတဲ့ ဒေါက်တာမောင်မောင်ဝင့်ရဲ့အဆိုကို မနက်ဖြန်ဩဂုတ်လ ၂၄ ရက် ဗုဒ္ဓဟူးနေ့မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအဆိုနဲ့ပတ်သက်ပြီး ဆွေးနွေးလိုသူများ ဒီနေ့ ညနေပိုင်းမှာ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းဖို့ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ (က)အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က မြန်မာနိုင်ငံတော် အသေးစားငွေရေး ကြေးရေး လုပ်ငန်းဥပဒေ ကြမ်းကို တင်သွင်းရန် ဖြစ်ပါတယ်။

## "မြန်မာနိုင်ငံတော်အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဥပဒေကြမ်း"ကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က တင်သွင်းခြင်း

**အချိန်၊ ၁၄း၀၇။**

**ဥက္ကဋ္ဌ။** ။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား ဥပဒေကြမ်း တင်သွင်း ရန် ဖိတ်ခေါ်ပါတယ်။

**ဦးလှထွန်း(ပြည်ထောင်စုဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံတော် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေမူကြမ်းကို တင်သွင်းတင်ပြမှာ ဖြစ်ပါတယ်။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ကျေးလက်နှင့်မြို့ပြနေ အခြေခံလူတန်းစား များ၏ ဆင်းရဲနွမ်းပါးမှုကို လျှော့ချရန် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးအခြေအနေများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရန်၊ ချွေတာစုဆောင်းသည့် အလေ့အထ ပြုစုပျိုးထောင်ပေးရန် အသေးစားစီးပွားရေးလုပ်ငန်းသစ်များ ပေါ်ထွက်လာစေရေးအတွက် အားပေးရန်၊ အိမ်တွင်းစီးပွားရေးလုပ်ငန်းများ ဖန်တီးပေးရန်နှင့်ချဲ့ထွင်ပေးရန်၊ အခြေခံလူတန်းစားများအား စိုက်ပျိုး မွေးမြူရေးလုပ်ငန်းအပြင် အခြားဝင်ငွေ ရရှိနိုင်သောနည်းလမ်းများဖြင့် အကူအညီပေးရန်၊ ပြည်တွင်း ပြည်ပမှနည်းပညာများရယူဖြန့်ဖြူးပေးရန် ရည်ရွယ်ချက်များဖြင့် အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရာတွင် နည်းလမ်းတကျ လုပ်ကိုင်တတ်စေရေး၊ စနစ်တကျ ကြီးကြပ်ထိန်းသိမ်းနိုင် စေရေးအတွက် မြန်မာနိုင်ငံတော် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေမူကြမ်းကို အခန်း ၁၄ ပါအခန်းဖြင့်ပြုစုပြီး တက်ရောက်လာကြသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံးကို ကြိုတင်ဖြန့်ဝေပေးထားပြီး ဖြစ်ပါတယ်။ သို့ပါ၍ အထက်ပါလိုလားချက်များအရ အတည်ပြုပြဋ္ဌာန်း နိုင်ရန် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၄ အရ တင်သွင်းခြင်း ဖြစ်ပါတယ်။ နိုင်ငံတော် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေအား ပြည်သူ့လွှတ်တော်က ဆွေးနွေးစဉ်စားရန် ကျွန်တော့် အနေဖြင့် အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

## ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးအပ်သူက ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(ခ)အရ မြန်မာနိုင်ငံတော်အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းရန်ဖြစ်ပါ တယ်။ ဖတ်ကြားရှင်းလင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(ဘီးလင်းမဲဆန္ဒနယ်)။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ ခင်ဗျား။ ကျွန်တော် ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်

ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာစိုးမိုးအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ တင်သွင်းလာသည့် မြန်မာနိုင်ငံတော် အသေးစားငွေရေးကြေးရေးဆိုင်ရာဥပဒေမူကြမ်းအား ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှ စိစစ်တွေ့ရှိချက်များကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ကိုယ်စား ဖတ်ကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

မြန်မာနိုင်ငံတော် အသေးစားငွေရေးကြေးရေးဆိုင်ရာ ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင် ဆွေးနွေးနိုင်ရန်အတွက် ၁၅-၈-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၃/ပသ(ကော်မတီ)(၁)၂၀၁၁-၄၆ ဖြင့် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသို့ လေ့လာစိစစ်နိုင်ရန် ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံတော် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေကြမ်း(မူကြမ်း)အား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ နှင့်အညီ စိစစ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီး နည်းဥပဒေ ၄၅ နှင့်အညီ အစီရင်ခံစာကို တင်ပြနိုင်ရန် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ကြပါတယ်။ ဥပဒေကြမ်းကို တင်သွင်းသူ ပြည်ထောင်စုဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ဥပဒေကြမ်းတင်သွင်းရခြင်းရဲ့ ရည်ရွယ်ချက်ကို ဖော်ပြထားပါတယ်။ နိုင်ငံတော်သမ္မတရုံးသည် ၁၀-၆-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၇/၂၀၁၁ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီကို အထောက်အကူပြုလုပ်ငန်း ဆောင်ရွက်သွားနိုင်ရန် အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့မှ ၇-၇-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၃၀/၂၀၁၁ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်တာကိုတွေ့ရပါတယ်။ အဆိုပါအထောက်အကူပြုကော်မတီရဲ့ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဤမြန်မာနိုင်ငံတော် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေမူကြမ်းကို ရေးဆွဲပြဋ္ဌာန်းခြင်းဖြစ်ကြောင်း တင်ပြလာပါတယ်။

မြန်မာနိုင်ငံတော် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေမူကြမ်းမှာ အခန်း(၁၄)ခန်းပါရှိတာကိုတွေ့ရပါတယ်။ ထိုသို့ အခန်းလိုက်ပြုစုဖော်ပြထားတဲ့ ဥပဒေကြမ်းအား အခန်းလိုက် ကျွန်တော်တို့ စိစစ်ခဲ့ကြပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ လွှတ်တော်မှ ဖွဲ့စည်းတာဝန်ပေးရာမှာ ကော်မတီရဲ့လုပ်ငန်းတာဝန်များကိုပါ တစ်ပါတည်းသတ်မှတ်ထားပြီး ဖြစ်ပါတယ်။ လွှတ်တော်မှ သတ်မှတ်ပေးခဲ့တဲ့တာဝန်အရ မြန်မာနိုင်ငံတော် အသေးစားငွေရေးကြေးရေးလုပ်ငန်း

ဥပဒေကြမ်းကို အချက်(၁၂) ချက်ဖြင့် အခြေခံထား၍ စိစစ်ခဲ့ကြရာ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါတယ် -

(က) နိုင်ငံတော်က ချမှတ်သောမူဝါဒများ၊ ဦးတည်ချက်များနှင့် ညီညွတ်မှုရှိသည်ကို တွေ့ရပါတယ်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီသည်ကို တွေ့ရှိရပါတယ်။

(ဂ) နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားပြီး ကာကွယ်စောင့်ရှောက်ရေးကိုလည်း ဦးတည်ခြင်းရှိသည်ကို တွေ့ရှိရပါတယ်။

(ဃ) နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကိုအန္တရာယ်ပြု ထိပါးစေမည့် အချက်များပါဝင်ခြင်း မရှိတာကိုလည်း တွေ့ရှိရပါတယ်။

(င) နိုင်ငံတော်၏ပကတိအခြေအနေများနှင့်လိုက်လျောညီထွေမှုရှိသည်ကိုတွေ့ရှိရပါတယ်။

(စ) အများပြည်သူတွေရဲ့ လုံခြုံရေးနှင့်ပစ္စည်းလုံခြုံရေးများ ထိခိုက်ခြင်း မရှိတာကိုလည်း တွေ့ရှိရပါ တယ်။

(ဆ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့် အရေးအသားအသုံးအနှုန်းများ ပါဝင်ခြင်းမရှိတာကိုလည်း တွေ့ရှိရပါတယ်။

(ဇ) ဝန်ကြီးဌာနတစ်ခုနှင့်တစ်ခု၏ လုပ်ပိုင်ခွင့်များ၊ အစိုးရဌာန အဖွဲ့အစည်းများ တစ်ခုနှင့်တစ်ခု၏ လုပ်ပိုင်ခွင့်များ ရောထွေးခြင်းမရှိတာကိုလည်းတွေ့ရှိရပါတယ်။

(ဈ) အပြည်ပြည်ဆိုင်ရာ ၊ဒေသဆိုင်ရာ၊ သို့မဟုတ် ဒေသအချင်းချင်းဆိုင်ရာ စာချုပ်များ သဘောတူညီချက်များပါ တာဝန်အရရေးဆွဲသော ဥပဒေကြမ်းဖြစ်လျှင် ထိုစာချုပ်များ သဘောတူစာချုပ်များပါ မြန်မာနိုင်ငံက သဘောတူလက်ခံထားသော အချက်များနှင့် လိုက်လျောညီထွေခြင်းရှိပြီး နိုင်ငံတော်၏အချုပ်အခြာအာဏာကိုလည်း ထိပါးခြင်းမရှိတာ ကိုလည်း တွေ့ရှိရပါတယ်။

(ည) သက်ဆိုင်ရာဥပဒေနှင့် စပ်လျဉ်းတဲ့ မူပိုင်းဆိုင်ရာအချက်အလက်များလည်း ပြည့်စုံစွာပါရှိတာကို တွေ့ရှိရပါတယ်။

(ဋ) ဥပဒေပါပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်တဲ့ အခြေအနေ ရှိတာကိုလည်း တွေ့ရှိရပါတယ်။

(၄) ဥပဒေ၏ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရန် ပြဋ္ဌာန်းချက်များ ပြည့်စုံစွာ ပါရှိတာကိုလည်း တွေ့ရှိရပါတယ်။

အဆိုပါ မြန်မာနိုင်ငံတော် အသေးစားငွေရေးကြေးရေးဆိုင်ရာဥပဒေကြမ်းသည် ကမ္ဘာ့ဘဏ် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့၏ အမိပ္ပါယ်ဖွင့်ဆိုချက်များနှင့် ပြုစုထားခြင်း၊ ဘင်္ဂလားဒေ့ရှ် ၊ဗီယက်နမ်၊ ကမ္ဘောဒီယားနှင့် လာအိုနိုင်ငံတို့၏ အသေးစားငွေရေးကြေးရေးလုပ်ငန်းပါ ပြဋ္ဌာန်းချက်များကို မှီငြမ်းပြုစုထားခြင်းဖြစ်ကြောင်းကိုလည်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတော် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီ၏ စိစစ် တွေ့ရှိချက်အရ ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ရန်သင့်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဥပဒေကြမ်းကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ကြေညာခြင်းနှင့် ဥပဒေကြမ်းကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၄း၁၇။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၆ အရ မြန်မာနိုင်ငံတော် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၁ ခုနှစ်၊ သြဂုတ်လ ၂၉ ရက် တနင်္လာနေ့မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ မိမိဆွေးနွေးလိုသောအပိုဒ်ကိုဖော်ပြ၍ ၂၅.၈.၂၀၁၁ ရက်နေ့ နောက်ဆုံး ထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၄း၁၇။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး တတိယနေ့ကို မနက်ဖြန် ၂၀၁၁ ခုနှစ်၊ သြဂုတ်လ ၂၄ ရက်ဗုဒ္ဓဟူးနေ့ ၁၀၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ ဧည့်သည်တော်များနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး အစည်းအဝေး ခန်းမအတွင်းမှ ထွက်ခွါနိုင်ပါပြီ ခင်ဗျား။

[ ပထမအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၄း၁၉ နာရီအချိန်တွင် ရပ်နားပါသည်။]